ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-7-2015) (၈၂၆၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန့်ဘလူ၊ ဝန်းသိုနှင့် ကောလင်းမြို့နယ်များအတွင်း ရေကြီးရေလျှံမှုများအား ကြည့်ရှု ပြန်လည်ထူထောင်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းများခွဲခြားပြီး ဦးစားပေးအလိုက်ဆောင်ရွက်သွားရမည်ဖြစ်

**နေပြည်တော် ဇူလိုင် ၂၁**

ကန့်ဘလူမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည့် ကန့်ဘလူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုသို့ တွေ့ဆုံစဉ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အတွင်း ရေကြီးရေလျှံမှုအခြေအနေများနှင့် မြို့နယ်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်တမံများ၌ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေးနှင့် သဘာဝဘေးကာကွယ်တားဆီးရေးအစီအမံများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို တားဆီး၍ မရသော်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါကြောင်း။

မိမိတို့အစိုးရတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အတွေ့အကြုံများ ရှိပြီးဖြစ်ပါကြောင်း၊ သဘာဝဘေးကြုံတွေ့လာပါက ရှေးဦးစွာ အသက်ရှင်သန်ရပ်တည်ရေးနှင့် စားဝတ်နေရေးအတွက် လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံကလေးကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် ကလေးငယ်များအား ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးခဲ့သည့်ရထားလမ်းများ ပြန်လည်အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးမှုဖြစ်စဉ်၌ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ အထက်မြန်မာပြည်နှင့် တိုင်းတာဝန်ခံ၊ တိုင်း(၂)စစ်ကိုင်းတိုင်းဒေသကြီးတို့က ကောလင်းမြို့တွင် အခြေပြု၍ လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ)နှင့် ဒုတိယအထွေထွေမန်နေဂျာ (စက်မှု)တို့က ကန့်ဘလူမြို့တွင် အခြေပြု၍ လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်)က ရွှေဘိုမြို့တွင် အခြေပြု၍လည်းကောင်း၊ အထွေထွေမန်နေဂျာ (မြို့ပြ)က မန္တလေးမြို့တွင် အခြေပြု၍ လည်းကောင်း ရေကြီးမှုဖြစ်စဉ်အပေါ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် မန္တလေး-မြစ်ကြီးနား လမ်းပိုင်း ကံကြီးဘူတာနှင့် ဇော်ချောင်းဘူတာကြား မိုင်တိုင်(၅၂၀/၆-၁၅)၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် သံလမ်းပေါ် ရေတစ်ပေခန့် ကျော်နေခြင်းနှင့် ပတ်သက်၍ ဇူလိုင် ၂၁ ရက် နံနက် ၆ နာရီထိ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ရေကျော်နေမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

**စာမျက်နှာ ၁၄ ကော်လံ ၄ သို့** ❒

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။



ကြေးမုံ စာတည်းရှုထောင့် — ၂၂-၇-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ပိတ်ဆို့မှုများနှင့် မြို့တော်

ပိတ်ဆို့မှုဟူသည်မှာ စီးပွားရေးပိတ်ဆို့မှု၊ နိုင်ငံရေးပိတ်ဆို့မှုကို ဆိုလိုခြင်းမဟုတ်။ မြို့နေပြည်သူများ နေ့စဉ်ကြုံတွေ့နေရသည့် လူမှုဘဝပိတ်ဆို့မှုများကို ဆိုလိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ မြို့တော်ကြီးများတွင် လူဦးရေ အထူထပ်ဆုံးဖြစ်သည့် စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် အဆိုပါပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်နေသည်ကို မြင်တွေ့ရ၍ဖြစ်ပါသည်။

ပိတ်ဆို့မှုများတွင် အထူးသဖြင့် ဈေးရောင်းဈေးဝယ်ပိတ်ဆို့မှု၊ လမ်းသွားလမ်းလာပိတ်ဆို့မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ ကျောင်းတက်၊ ကျောင်းဆင်းပိတ်ဆို့မှု၊ ရေစီးရေလာပိတ်ဆို့မှု စသည့်ပိတ်ဆို့မှုများစွာတို့မှာ ရန်ကုန်မြို့အတွက် မထူးဆန်းသော နေ့စဉ်ဖြစ်ပေါ်နေကျ လူမှုဘဝပုံစံများဟု ဆိုလိုချင်ပါသည်။ သို့သော် ကျွန်ုပ်တို့ မြို့နေပြည်သူလူထုအနေဖြင့် ဤသို့ဖြင့် ပိတ်ဆို့မှုများနှင့် အစဉ်ကြုံတွေ့နေရမည်လားဟု မေးခွန်းထုတ်လိုမိပါသည်။

ရန်ကုန်မြို့တွင် မှီတင်းနေထိုင်ကြသည့် လူဦးရေမှာ တစ်နေ့တခြား တိုးတက်များပြားလာရာမှ ဤသို့ ပိတ်ဆို့လာရသည်ဟု အကြမ်းဖျင်းဆိုရမည်ဖြစ်ပါသည်။ လူတို့၏နေထိုင်မှုဘဝပုံစံများနှင့် သွားလာလှုပ်ရှား ရှန်းကန်နေရမှုအခြေအနေများကြောင့် ပိတ်ဆို့မှုများလည်း အတူတွဲဖြစ်ပေါ်လာရပါသည်။ နေထိုင်သွားလာ လှုပ်ရှားမှုများတိုးတက်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ တစ်ပြိုင်တည်းဆောင်ရွက်ပေးခြင်းထက် ထိုသို့မဖြစ်ပေါ်မီ ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားခြင်းက ပိုမိုကောင်းမွန်မည်ဟု ယူဆပါသည်။

ကျန်းမာရေးအသိအရ ရောဂါဖြစ်ပွားမှကုသခြင်းထက် ကြိုတင်ကာကွယ်ကုသခြင်းသည် ပိုမိုကောင်းမွန်သကဲ့သို့ ပိတ်ဆို့မှုများမဖြစ်မီ ကြိုတင်ဆောင်ရွက်ထားခြင်းက ပိုမိုကောင်းမွန်ပေလိမ့်မည်။ ရောဂါနှင့်ဆေး မနိုင်မနင်းပေးလာရသောအခါ နောက်ဆုံးမတတ်နိုင်သည့်အချိန်တွင် လက်ပိုက်ကြည့်နေရသည့်အဖြစ်မှာ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးနှင့် အခက်အခဲများစွာဖြစ်ပေါ်စေသည့်အပြင် မဖြစ်သင့်သော ကိစ္စဟုလည်း ထင်မြင်ယူဆမိပါသည်။

ရန်ကုန်မြို့ရှိပိတ်ဆို့မှုများတွင် ယာဉ်ကြောပိတ်ဆို့မှုမှာ တစ်နေ့တခြားကြီးထွားလာသော ပြဿနာတစ်ရပ် ဖြစ်နေပါသည်။ နံနက်မိုးလင်းသည်နှင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ရန်ကုန်မြို့တွင်း၌ သွားရလာရ အလွန်ခက်လာပါသည်။ ရန်ကုန်မြို့တွင်း၌ ခရီးသွားလာရမှုမှာ ယခင်အချိန်တစ်နာရီကြာယူခဲ့ရာမှ နောက်ပိုင်းတွင် အချိန် နှစ်နာရီယူလာရပါသည်။ ယခု ရုံးတက်၊ ရုံးဆင်းချိန်များတွင် အချိန် နှစ်နာရီမက သုံးနာရီနီးပါး ယူလာရသည်ကို တွေ့ရပါသည်။

ပိတ်ဆို့မှုဖြစ်ပေါ်လာရာတွင် ယာဉ်များတိုးတက်များပြားလာခြင်း အကြောင်းတစ်ချက်တည်းကိုသာ ရိုးမယ်ဖွဲ့၍ ရမည်မဟုတ်ချေ။ ၎င်းနှင့်ဆက်စပ်၍ အခြားအကြောင်းအချက်များလည်း ရှိပေလိမ့်မည်။ လက်ရှိကြုံတွေ့နေရမှုတွင် ဈေးရောင်း၊ ဈေးဝယ်ပိတ်ဆို့မှု၊ ကျောင်းတက်၊ ကျောင်းဆင်းပိတ်ဆို့မှုများသည် အဓိက ဆက်စပ်ဖြစ်ပေါ်စေရာ အချက်များဟု ဆိုချင်ပါသည်။

ထိုပိတ်ဆို့မှုနှစ်မျိုးသည် မိမိတို့တစ်ဦးချင်းအကျိုးစီးပွားနှင့်သက်ဆိုင်ပေလိမ့်မည်။ ယာဉ်ကြောပေါ်တွင် သွားလာနေကြသူများသည် အများပြည်သူများသာ ဖြစ်ကြပါသည်။ အများပြည်သူများ၏ မျက်နှာကိုမထောက်ထားဘဲ မိမိတို့တစ်ဦးချင်းဆန္ဒအတိုင်း ဆောင်ရွက်ကြသဖြင့် အများအတွက် ပိတ်ဆို့သွားခြင်းဖြစ်သည်။ ယင်းကို ကာယကံရှင်များကိုယ်တိုင်က အသိတရားရှိကြဖို့လိုသလို တာဝန်ရှိသူများကလည်း အထူးကြပ်မတ်ထိန်းသိမ်းပေးဖို့ လိုအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ ယခုပိတ်ဆို့မှုများကို ဖြေရှင်းကြရာတွင် သက်ဆိုင်သူအားလုံး အသိတရားရှိဖို့လို ပေလိမ့်မည်။ စည်းကမ်းလိုက်နာဖို့လိုပေလိမ့်မည်။ ဥပဒေအတိုင်းတိကျစွာ ဆောင်ရွက်ကြဖို့လိုပေလိမ့်မည်။ ယာဉ်ကြောပိတ်ဆို့မှုကိုဖြေလျှော့နိုင်ရန်အတွက် တစ်ဖက်ကဆောင်ရွက်ပေးနေသလို ဥပဒေ၊ စည်းကမ်းများအား တိကျစွာ လိုက်နာဆောင်ရွက်ကြပါလျှင် စည်းကမ်းရှိသောမြို့တော်ကြီး၊ နေပျော်ဖွယ်ကောင်းသော မြို့တော်ကြီး ဖြစ်လာမည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။ ။

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မန္တလေး ဇူလိုင် ၂၁**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် ဇူလိုင် ၁၆ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဆည်ရေများလျှံပြီး တမံအောက်ဘက်ရှိ ကျေးရွာအချို့တွင် ရေဝင်ခြင်း၊ ရထားလမ်းနှင့် ကားလမ်းပိုင်းအချို့တွင် ရေကျော်ခြင်းနှင့် နေရာအချို့၌ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ကျေးရွာများသို့ ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီကျော်ခန့်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၄)လမ်း၊ (၆၂)လမ်းနှင့် (၆၃)လမ်းကြားရှိ ပန်းပျိုးသူများစာသင်ဝိုင်း ပရဟိတအဖွဲ့မှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါ ပန်းပျိုးသူများစာသင်ဝိုင်း ပရဟိတအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ သိန်း ၁၂၀ နှင့် ငွေကျပ် သိန်း ၅၀ ကျော် တန်ဖိုးရှိ ကော်ဖီမစ်ထုပ် ၆၅၀၀၀၊ ဘီစကစ်မုန့်ထုပ် ၁၂၀၀၀၊ ငါးသေတ္တာဘူး ၂၀၀၀၊ သောက်ရေသန့်ဘူး ၃၆၀၀၊ မာမီးခေါက်ဆွဲခြောက်အထုပ် ၇၀၀၀ ကျော်၊ ဆန်၊ ဆီ၊ အိမ်သုံးဆေးဝါးများ၊ လုံချည်နှင့် ဖိနပ်များစသည့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ရွှေဘိုမြို့မှ ကန့်ဘလူမြို့သို့ သွားရောက်ကာ မီးရထားဖြင့် သယ်ဆောင်၍ ချပ်သင်းအနီးရှိ ရေဘေးသင့်ရွာများသို့ လှူဒါန်းထောက်ပံ့ပေးသွားမည် ဖြစ်သည်။

ရေထဲပါသွားသည့် အိမ်ထောင်စုများအတွက်လည်း ပြန်လည်ထူထောင်နိုင်ရန် ငွေကြေးများလည်း လှူဒါန်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့နှင့်အတူ မေမေ လူမှုကူညီရေးအသင်းမှလည်း ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ သောက်ရေသန့်၊ ငါးသေတ္တာ၊ ရှူးရှဲလက်ဖက်၊ ခေါက်ဆွဲခြောက်၊ ဖယောင်းတိုင် စသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❖ ❖ ❖

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

| ရန်ကုန် | | ဇူလိုင် | ၂၁ |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၄၀၀၀ | - ၇၄၅၃၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၃၈၀၀ | - ၇၄၄၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉. ၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၉၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၅. ၇၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၈၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၆. ၉၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၀၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၃. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# ဂျပန်အစိုးရနှင့်ပြည်သူများက ကျောင်းဆောင်သစ်လှူဒါန်း

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နောင်ကုန်းကျေးရွာအုပ်စု လေးပေါမူကျေးရွာ အလယ်တန်းကျောင်းခွဲတွင် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများက ဆောက်လုပ်လှူဒါန်းသော ကျပ်သိန်း တစ်ထောင်တန်ဖိုးရှိ ပေ ၁၂၀၊ ပေ ၃၀ RC တစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဆွေဝင်း၊ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘေဘီအုန်းနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှတို့က ကျေးဇူးတင်စကားပြောကြားပြီး ဂျပန်နိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr Suzuki Kazuyosi က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံသံရုံးဒုတိယအတွင်းဝန်က ကျောက်ကြီးမြို့နယ်ပညာရေးမှူးကိုယ်စား ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်အုန်းရီသို့ ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (၁၂၂)


## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Lucky Maximum Co.,Ltd မှ တင်သွင်းလာသော Light Truck, Toyota townace, 2004 model, chassic No. KM 75-1000651 ၏ သွင်းကုန်ကြေညာလွှာ အမှတ်-၁၁၉၂၉၃ နေ့စွဲ (၂၆-၅-၂၀၁၅) Vehicle Statement, Export Certificate တို့မှာ လုပ်ငန်းလုပ်ဆောင်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိလျှင် ပြန်လည်ပေးပို့ပေးပါက ကျေးဇူး ဆပ်မည်ဖြစ်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၉ ၇၃၀ ၃၉၁၅၇၊ ၀၉ ၂၅၃၄ ၂၉၈၀၅

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်
ကားမျိုးစုံ ငှားရန်ရှိသည်း
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
တာယားဖြည်နယ် လှိုင်ငေတာ် ထောင်တွဲဇေတီ
၃၀ - ၇ - ၂၀၁၅ မှ ၂ - ၈ - ၂၀၁၅ အထိ
သုဝဏ္ဏစင် 01-253079/09 30184137/09 5155654

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V OCEAN BLUE V.320 သင်္ဘောသည် ၂၃-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.21 သင်္ဘောသည် ၂၃-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နန်းဦးလှိုင် မော်လမြိုင်ဘုရားစုံနှင့် ဇင်းကျိုက်ရေတံခွန်
• မော်လမြိုင်ဘုရားစုံဖူး၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ ကျိုက်မရော၊ နွားလပို့တောင်၊ ဇင်းကျိုက်ရေတံခွန် (၂)ရက်–ဆက်၍ ကျိုက်ထီးရိုးပါလျှင် (၃)ရက်။ • မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ကျိုက်မရော၊ နွားလပို့တောင်၊ ရသေ့ပျံဂူ၊ ကျောက်ကလပ်၊ ကော့ဂသောင်ဂူ၊ ကော့ဂွန်းဂူ၊ ဘားအံ (၂)ရက်။ • ထုံးဘို အကောက်တောင်နှင့်ပြည်ဘုရားစုံဖူး၊ ငါးသိုင်းချောင်း နဂါးရစ် (နေ့ချင်းပြန်)။ • မဲလံဆံတော်ရှင်နှင့် နွားလပို့တောင်၊ ဇင်းကျိုက်ရေတံခွန်(နေ့ချင်းပြန်)
• တောင်ကြီး၊ အင်းလေး၊ ကက္ကူ၊ ထမ့်စမ်းဂူ (၄)ရက်။ • ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင်(၃)ရက်။
• မန္တလေးဘုရားစုံဖူး၊ ကျောက်စိမ်းစေတီ၊ ပြင်ဦးလွင် (၂)ရက်။ (သောကြာ၊ ရုံးပိတ်ရက်နှင့် ၃၀-၇-၁၅နေ့)ထွက်သည်။
• ဝါဆိုလပြည့် ခမ်းပြင်ဘိုးဘိုးကြီးပွဲ၊ ပဲခူးဒေးစွန်ပါနှင့် ပဲခူးဘုရားစုံဖူး (နေ့ချင်းပြန်)။ • ကျိုက်ထီးရိုး(သောကြာ)
• တောင်ပြိုးမင်းနှစ်ပါးပွဲတော် ကြိုတင်လက်မှတ်ရောင်းပြီ(၂၄-၈-၂၀၁၅)ထွက်မည် 01-391577
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

လိုအပ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းများ ခွဲခြားပြီးဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကန့်ဘလူမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကို စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်တွင်လည်း သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက စာနာစိတ်၊ ညှာတာစိတ်၊ ကူညီလိုစိတ်များဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မဟာရွှေစည်ကြီးစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကန့်ဘလူမြို့ရှိ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးအတွက် အသုံးစရိတ်များကို ပိုမိုတိုးမြှင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် မိမိတို့နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ဆရာ ဆရာမများအနေဖြင့် ရောဂါပျောက်ကင်းအောင် ကုသပေးသည့်အပြင် ကျေးရွာများသို့ ကိုယ်တိုင်သွားရောက်၍ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအသိပညာ ဗဟုသုတတိုးပွားလာစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ကလေးကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် ကလေးငယ်များအား ကြည့်ရှုပြီး အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ရဟတ်ယာဉ်များဖြင့် ဝန်းသိုမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ကောလင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ကောလင်းမြို့ ဒက္ခိဏာရာမအလယ်ကျောင်းတိုက်ရှိ သာသနာ့ဓဇ ဓမ္မာစရိယ ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည့် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အားပေးစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ပျက်စီးသွားသည့် လယ်များအတွက် မျိုးစေ့၊ ထွန်ယက်စိုက်ပျိုးစရိတ်များ၊ ရေနစ်မြုပ်ခဲ့သည့် စာသင်ကျောင်း ၁၆ ကျောင်းအတွက် လိုအပ်သည့် ဖတ်စာအုပ်နှင့် စာရေးကိရိယာများ၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အစီအမံများနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်အောင် စာရင်းကောက်ယူသွားရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပြည်ထောင်စု အစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တပ်မတော်တို့က ပေါင်းစပ်ညှိနှိုင်းပြီး အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ဌာနအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထိုမှတစ်ဆင့် ကောလင်းမြို့နှင့် ဝန်းသိုမြို့များအတွင်း ရေကြီးရေလျှံဖြစ်ပွားခဲ့မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြင်ဆင်ချက်

၂၁-၇-၂၀၁၅ ရက်စွဲထုတ် သတင်းစာ စာမျက်နှာ "၃" တွင် ဖော်ပြပါရှိသော "International Covenant on Education, Social and Cultural Rights - ICESCR" အစား "International Covenant on Economic, Social and Cultural Rights - ICESCR" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ဖော်ပြအပ်ပါသည်။

# အမေရိကန်နှင့်ရရှိသည့် နျူသဘောတူညီချက်မျိုးကို စိတ်မဝင်စားကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း ဇူလိုင် ၂၁**

မိမိတို့၏နျူကလီးယားဆိုင်ရာ စွမ်းဆောင်ရည်အား လက်လျှော့အရှုံးပေးရသည့် အီရန်နှင့် အမေရိကန်တို့၏ နျူကလီးယားအရေးဆွေးနွေးပွဲမျိုးကို စိတ်ဝင်စားခြင်းမရှိကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ရက်တွင် ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

မိမိတို့နိုင်ငံအား အထီးကျန်ဖြစ်စေရန် ဦးတည်သည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒသည် ရန်လိုသည့်မူဝါဒအဖြစ် မြောက်ကိုရီးယားက ရှုမြင်ထားပြီး မိမိတို့၏ နျူကလီးယားအစီအစဉ်သည် မရှိမဖြစ်လိုအပ်သော အဟန့်အတားဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

အီရန်၏ အမေရိကန်နှင့်ရယူခဲ့သော နျူကလီးယားဆိုင်ရာသဘောတူညီချက်အား မြောက်ကိုရီးယားနိုင်ငံ၏ ပကတိအခြေအနေနှင့် နှိုင်းယှဉ်ပါက ယုတ္တိဗေဒနည်းမကျကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်တို့သည် ကြီးမားသော စစ်ရေးလေ့ကျင့်မှုများ၊ နျူကလီးယား ခြိမ်းခြောက်မှုများအပါအဝင် မြောက်ကိုရီယားနိုင်ငံအပေါ် စစ်ရေးအရ ကျူးကျော်စွက်ဖက်မှု ပြုလုပ်နေခြင်းကြောင့်



ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

မိမိတို့ဘက်မှ နျူကလီးယားအစီအစဉ်ကို တစ်ဖက်သတ်ထိန်းချုပ်ပေးရေး သို့မဟုတ် နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်လာရေးအတွက် တွေ့ဆုံဆွေးနွေးရန် မိမိတို့စိတ်ဝင်စားမှု အလျဉ်းမရှိကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အမေရိကန်၊ အင်အားကြီးငါးနိုင်ငံနှင့် အီရန်နိုင်ငံတို့အကြားရရှိခဲ့သော သမိုင်းဝင် နျူကလီးယားဆိုင်ရာ သဘောတူညီချက်အရ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ကန့်သတ်နိုင်မည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အီရန်အပေါ် ချမှတ်ထားသည့် ပိတ်ဆို့ဒဏ်ခတ်ထားမှုများကို ဖြေလျှော့ပေးမည်ဖြစ်သည်။

**ရိုက်တာ။**

# ထိုင်း ဆန်တင်ပို့မှု ခန့်မှန်းထားသည်ထက် လျော့နည်းမည်

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံက ၂၀၁၅ ခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုကို တန်ချိန် ၁၀ သန်းတင်ပို့နိုင်မည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ တန်ချိန် ၉ ဒသမ ၅ သန်းခန့်သာ တင်ပို့နိုင်တော့မည်ဟု ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်းက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

ယခုပထမနှစ်ဝက်တွင် ထိုင်းဆန်တင်ပို့မှုသည် တန်ချိန် ၄ ဒသမ ၅ သန်းရှိခဲ့ပြီး ဒုတိယနှစ်ဝက်တွင် လစဉ်တင်ပို့မှုသည် တန်ချိန် ၈၀၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း ထိုင်းဆန်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ချာရီအွန်လေယွန်သမားစ် က ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ယခုလောလောဆယ် မိုးခေါင်းမှုက ဆန်ထွက်ရှိမှုကို ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် နှစ်သန်း သုံးသန်းခန့်လျော့ကျစေသည်ဟု ချာရီအွန်လေယွန်သမားစ်က ပြောကြားသည်။ **ဆင်ဟွာ။**

# ယူကရိန်းတွင် နေတိုးစစ်ရေးလေ့ကျင့်မှု ရုရှား ဝေဖန်

**မော်စကို ဇူလိုင် ၂၁**

ယူကရိန်းနှင့် အမေရိကန်ဦးဆောင်သော အနောက်အုပ်စု နေတိုးအဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ ယူကရိန်းနိုင်ငံတွင် စစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ တပ်ဖွဲ့ဝင်အင်အား ၂၀၀၀ ခန့်ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို Rapid Trident ဟု အမည်ပေးထားပြီး ယူကရိန်းနိုင်ငံအနောက်ပိုင်း လဲဗစ်ဒေသတွင်ပြုလုပ်ခဲ့သည်။

ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ယင်းစစ်ရေးလေ့ကျင့်မှုသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ရုရှားလိုလားသည့် ခွဲထွက်လိုသူများကို တိုက်ခိုက်ရာတွင် ယူကရိန်းစစ်ဘက်အနေဖြင့် တိုက်ရည်ခိုက်ရည် တိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ယခုစစ်ရေးလေ့ကျင့်မှုတွင် စစ်လက်နက် ၉၀၀ ကျော်နှင့် စစ်ဘက်ဆိုင်ရာယာဉ် ၁၃၀ကျော်ကို



အသုံးပြုခဲ့ပြီး ဇူလိုင်လကုန်တွင် ပြီးဆုံးရန် စီစဉ်ထားသည်ဟု ပြောကြားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်ခဲ့ပြီး ယခုကဲ့သို့ စစ်ရေးလေ့ကျင့်မှုကြီးကြီးမားမားပြုလုပ်ခြင်းသည် တင်းမာမှုအရှိန်များ ပိုမိုမြင့်တက်စေမည်သာဖြစ်ကြောင်း ပြောကြားသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ယူကရိန်းစစ်ဘက်နှင့် ရုရှားလိုလားသည့် ခွဲထွက်ရေးသမားများသည် ဖေဖော်ဝါရီလကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း တိုက်ပွဲများမကြာခဏဖြစ်ပွားလျက်ရှိသည်။ ယင်းတိုက်ပွဲများကြောင့် တနင်္ဂနွေနေ့တွင် ယူကရိန်းအရပ်သား နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းအစိုးရက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# မားစ်ရောဂါဖြစ်ပွားမှု၏ အကျိုးဆက် တောင်ကိုရီးယားခရီးသွားလုပ်ငန်း ထိခိုက်ခဲ့ရ

**ဆိုးလ် ဇူလိုင် ၂၁**

တောင်ကိုရီးယားနိုင်ငံ၌ မကြာမီက ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ (မားစ်) ကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အကြီးအကျယ် ထိခိုက်ခဲ့ရကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ဇွန်လတွင် ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ရကြောင်း ကိုရီးယားကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအသင်းက ဇူလိုင် ၂၁ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများအား ပြန်လည်ဆွဲဆောင်နိုင်စေမည့် ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကျဆင်းမှုကြောင့် ဝင်ငွေ ဒေါ်လာ ၁၀ ဘီလီယံအထိ ဆုံးရှုံးနိုင်ကြောင်း ခရီးသွားလုပ်ငန်းတာဝန်ရှိသူများက သတိပေးထားသည်။

ယခုနှစ် ပထမငါးလတာကာလအတွင်း ပင်လယ်ရပ်ခြားနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ လွန်ခဲ့သည့် နှစ်အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

သို့ရာတွင် မေ ၂၀ ရက်တွင် မားစ်ရောဂါဖြစ်ပွားသူကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ကျဆင်းလာခဲ့ရသည်။ မားစ်ရောဂါကြောင့် ပြည်တွင်း၌ ပြည်သူများ စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်ခဲ့ရပြီး တောင်ကိုရီးယားသို့ အလည်အပတ်လာရောက်ရန် စီစဉ်ထားသူ နိုင်ငံခြားသားများမှာ ၎င်းတို့၏ ခရီးစဉ်များကို ပြန်လည်ဖျက်သိမ်းခဲ့ကြရသည်။ တောင်ကိုရီးယားနိုင်ငံတွင် မားစ်ရောဂါကြောင့် လူပေါင်း ၃၆ ဦး သေဆုံးခဲ့ရသည်။ ဇွန်လအခြေပြစာရင်းအရ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ၄၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ **ပီတီအိုင်။**

# စပိန်ရှိ နိုင်ငံတကာလေဆိပ်ဟောင်းကို ရောင်းချရာတွင် ဒေါ်လာ ၁၄၀၀၀ မျှသာပေး၍ ဝယ်မည့်သူပေါ်ထွက်

**မက်ဒရစ် ဇူလိုင် ၂၁**

စပိန်နိုင်ငံ၌ ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့စဉ်က ယူရို တစ်ဘီလီယံကျော်အထိ ကျခံသုံးစွဲခဲ့ရသော လေဆိပ်တစ်ခုကို ယခုအခါ ပြန်လည် ရောင်းချရာ အမေရိကန်ဒေါ်လာ ၁၄၀၀၀ မျှသာပေး၍ ဝယ်မည့်သူတစ်ဦးသာ ပေါ်ထွက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော် မက်ဒရစ်တောင်ဘက် ကီလိုမီတာ ၂၃၀ ခန့်အကွာရှိ အဆိုပါလေဆိပ်ကို ၂၀၀၈ ခုနှစ်မတိုင်မီ ဆောက်လုပ်ရေးလုပ်ငန်းများခေတ်စားချိန်အတွင်း တည်ဆောက်ခဲ့သည်။ စပိန်နိုင်ငံ၌ ဆောက်လုပ်ရေးလုပ်ငန်းများကို အဆင်အခြင်မဲ့လုပ်ဆောင်ခဲ့မှု၏ အကျိုးဆက်အဖြစ် နိုင်ငံတော်၏စီးပွားရေး နောက်ဆုံးတွင် ပြိုလဲခဲ့ရသည်။

ဆီယူဒက်ရီးယဲလ်မြို့ရှိ နိုင်ငံတကာလေဆိပ်ကို လက်မှတ်ခ ဈေးချိုချိုဖြင့် ပျံသန်းပေးသော လေကြောင်းဌာနများ အဓိကအသုံးပြုနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းလေဆိပ်သို့ ခရီးသည်ဝင်ရောက်မှု အလွန်နည်းပါးခဲ့ပြီး မြို့တော် မက်ဒရစ်ရှိ ဘရာဂျက်စ်လေဆိပ်ကို တိုးချဲ့ခဲ့ခြင်းကြောင့် ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပိတ်သိမ်းခဲ့ရသည်။

ပိတ်သိမ်းခဲ့ရသော အဆိုပါလေဆိပ်ကို ကြမ်းခင်းဈေးအဖြစ် ယူရိုငွေ သန်း ၈၀ သတ်မှတ်ကာ ရောင်းချရန် ကြေညာခဲ့ပြီး ဇူလိုင် ၁၀ ရက် နောက်ဆုံးထား၍ အဆိုပြုလွှာများကို လက်ခံခဲ့သည်။ သို့ရာတွင် ဥရောပနှင့် အာရှရင်းနှီးမြှုပ်နှံသူများပါဝင်သော တေဇာနင်းနိုင်ငံတကာအုပ်စုကသာ အမေရိကန်ဒေါ်လာ ၁၄၀၀၀ မျှသာ ပေး၍ဝယ်ယူရန် ကမ်းလှမ်းခဲ့သည်။



ယခုအခါ လေဆိပ်ရောင်းချမှုကိုရပ်ဆိုင်းထားရန် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးတစ်ရုံးက အမိန့်ထုတ်ပြန်ပေးလိုက်ပြီဖြစ်သည်။

**ပီတီအိုင်။**

# ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြား

**နေပြည်တော် ဇူလိုင် ၂၁**

ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ၂၀၁၆ ခုနှစ်တွင်မှ အသက် ၆၀ပြည့်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

ဇူလိုင် ၁၇ ရက် ညနေပိုင်းက BBC မြန်မာသတင်းဌာနမှ Mr. Jonah Fisher ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားရာတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုအခြေအနေ မေးမြန်းမှုနှင့်ပတ်သက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်ကို Professional တပ်မတော် (Standard Army)ဖြစ်အောင် ပြောင်းလဲမှုများလုပ်ဆောင်နေပါကြောင်း၊ ပြီးပြည့်စုံသည့်စွမ်းရည်ရှိသော တပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်နေပါကြောင်းစသည်ဖြင့် ဖြေကြားခဲ့သည်။

မြန်မာ့နိုင်ငံရေးတွင် တပ်မတော်ပါဝင်ရန် လိုအပ်သည်ဟု ယုံကြည်ပါသလား မေးမြန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်ကလွတ်လပ်ရေးရရှိခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိနိုင်ငံတော်၏သမိုင်းတွင် တပ်မတော်၏ပါဝင်ပတ်သက်မှုများသည် မည်သို့မျှခွဲခြား၍ မရနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးရောက်ရှိလာစေရန် တပ်မတော်သည် ပြည်သူနှင့်ပူးပေါင်းပြီး အသက်သွေးချွေးများစွာ ရင်းနှီး၍ လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရန်၊ နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံ၏ပိုင်နက်နယ်မြေမထိပါးစေရန် လုပ်ဆောင်ခဲ့ရပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် တပ်မတော်သားများ၏အသက်သွေးချွေးများစွာပေးဆပ်ခဲ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ထားရှိမှုအခြေအနေမှ ယိမ်းယိုင်သွားစေမည့်ကိစ္စရပ်များကို တပ်မတော်အနေဖြင့်မည်သို့မျှ လက်ခံနိုင်သည့်အခြေအနေ မရှိပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အခြေအနေကို တည်ငြိမ်အေးချမ်းသည့်အဆင့် ထိရောက်ရှိအောင် တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်းစသည်ဖြင့် ရှင်းပြခဲ့သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်နှင့်ပတ်သက်ပြီးမေးမြန်းရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏နံပါတ်(၁)ဆန္ဒမှာ ထာဝရငြိမ်းချမ်းရေး ရရှိလိုခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေချိန်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုချင်သည့်စိတ်ရှိရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အမှန်တကယ် လျှောက်လှမ်းလိုသည့်ဆန္ဒရှိရန်လည်း လိုအပ်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် ၎င်းတို့လိုချင်သည့် လိုလားချက်များနှင့်ရရှိထားသည့်အခွင့်အရေးများကို ဥပဒေနှင့်အညီ လုပ်ကိုင်သွားမည်ဆိုလျှင် ငြိမ်းချမ်းရေးကိစ္စရပ်များသည် ချောချောမွေ့မွေ့နှင့် ဖြစ်မြောက်သွားမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ မပြီးစီးဘဲ ကျန်ရှိနေမည်ဆိုလျှင် တပ်မတော်အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များမှ ပြန်လည်ထွက်ခွာမည့် အစီအစဉ်မဖြစ်နိုင်ကြောင်း ဆိုလိုခြင်းလားဟု မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခက်အခဲရှိနေပါသေးကြောင်း၊ ပြည်သူလူထုအပေါ် အာမခံချက်မရှိသေးဘဲမိမိတို့တိုင်းပြည်ကိုယခုကဲ့သို့ ပြဿနာပေါင်းများစွာနှင့် ဖြေရှင်းနေရဦးမည်ဆိုလျှင် မည်သို့မျှမဖြစ်နိုင်သေးပါကြောင်း၊ ငြိမ်းချမ်းရေးရမှသာ တစ်ဖက်တွင်လည်း တိုင်းရင်းသားများအရေးနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် မိမိတို့ ရင်ဆိုင်နေရသည့် ပြဿနာများစွာရှိနေသေးပါကြောင်း၊ ၎င်းတို့ကို အေးအေးချမ်းချမ်းနှင့် စည်းကမ်းတကျဖြစ်လာရန်လိုအပ်ကြောင်း၊ ၎င်းတို့မှာ မိမိတို့ကျော်ဖြတ်ရမည့်ကိစ္စများဖြစ်ကြောင်းစသည်ဖြင့် ဖြေကြားသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲတွင် မည်ကဲ့သို့ အဖြေထွက်ပေါ်လာသည် ဖြစ်စေ လက်ခံလေးစားမှုပြုနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှုနှင့် စပ်လျဉ်း၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွတ်လပ်မှုနှင့် မျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်မည်ဟု ယုံကြည်ထားပါကြောင်း၊ မိမိတို့ဆန္ဒမှာလည်း ၎င်းအတိုင်းပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဖြစ်အောင်လည်း မိမိတို့တပ်မတော်က



ကူညီဆောင်ရွက်ပေးနိုင်သည့်အခန်းကဏ္ဍများ၌ ပါဝင်ဆောင်ရွက်ပေးနိုင်ရန် ဆုံးဖြတ်ထားပါကြောင်း၊ မည်သူအနိုင်ရသည်ဖြစ်စေ တရားနည်းလမ်းကျစွာဖြင့် ရရှိလာသည့် ရလဒ်မှန်သမျှကိုလက်ခံမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်အခြေအနေများနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘင်္ဂါလီလူမျိုးများမှာ ဗြိတိသျှတို့၏ကိုလိုနီဖြစ်ခဲ့ချိန်က မြန်မာနိုင်ငံတွင် လယ်ကူလီလုပ်ကိုင်ရန် ရခိုင်ဒေသသို့ ခေါ်ဆောင်လာခဲ့ခြင်းသည် အများဆုံးဖြစ်ကြောင်း၊၎င်းတို့မှတစ်ဆင့် ပေါက်ဖွားလာမှုများလည်း များစွာရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများမဟုတ်သည့်အတွက် တိုင်းရင်းသားများကဲ့သို့ အခွင့်အရေးမရရှိနိုင်ပါကြောင်း၊ သို့ရာတွင် လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ဥပဒေနှင့်အညီ မိမိတို့က စောင့်ရှောက်ပေးရမည့်လုပ်ငန်းများရှိမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်ဖြစ်ပါကြောင်း ထည့်သွင်းဖြေကြားသည်။

ယခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူမည်ဟု သတင်းထွက်ပေါ်နေမှုနှင့် သမ္မတ တာဝန်ထမ်းဆောင်ရန် တောင်းဆိုလာမည်ဆိုလျှင် ထမ်းဆောင်ရန်ဆန္ဒရှိပါသလားဟုမေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည်မှာ မဟုတ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှသာ မိမိအသက် ၆၀ နှစ် ပြည့်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းပြည်အတွက် အသက်ပေးပြီး တာဝန်ထမ်းဆောင်ရမည်ဆိုသည့် သစ္စာအဓိဋ္ဌာန်ဆိုထားသူများဖြစ်၍ လိုအပ်လာပါက မည်သည့်တာဝန်ပေးအပ်သည်ဖြစ်စေထမ်းဆောင်ရမည့်တာဝန်ရှိပါကြောင်းစသည်ဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# စာမျက်နှာပေါင်း လေးသိန်းနီးပါးရှိသည့် ဗုဒ္ဓစာပေများနှင့် တရားတော်အသံဖိုင်များ သာသနာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.KBRL.gov.mm တွင် ဖတ်ရှုလေ့လာနိုင်



**ရန်ကုန် ဇူလိုင် ၂၁**

သာသနာရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် www.KBRL.gov.mm ဖြင့် ထုတ်လွှင့်မည်ဖြစ်၍ online မှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်များအားလုံး ကမ္ဘာအရပ်ရပ်တွင် ရောက်ရှိနေရာမှ လွယ်ကူလျင်မြန်စွာ ဖတ်ရှုလေ့လာ Download ရယူနိုင်တော့မည်ဖြစ်ကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ-အင်္ဂလိပ်စာအုပ်များ၊ ပါဠိ-အင်္ဂလိပ် ဘာသာပြန်ကျမ်းများကိုလည်း ယခု Website မှတစ်ဆင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပြောကြားခဲ့သည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနနှင့် မဟာဓမ္မပါလအသင်း၏ ကူညီလှူဒါန်းမှုဖြင့် e-library ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ပြည်ပသာသနာပြုဌာနခွဲ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်၊ သင်ကြားစီမံဆရာတော်များ၊ ရန်ကုန်မြို့ရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဟာဓမ္မပါလအသင်းမှ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ မဟာဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးပြုံးမောင်မောင်တို့က e- library အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာနာကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြတ်စွာဘုရားရှင်၏ မူရင်းဒေသနာပါဠိတော်များကို ပဌမသင်္ဂါယနာ၊ ဆဋ္ဌသင်္ဂါယနာတို့ကို အနက်အားဖြင့်ဖြစ်စေ၊ သဒ္ဒါအားဖြင့်ဖြစ်စေ အပိုအလိုမရှိ နှစ်ကြိမ်တိုင်တိုင် စိစစ်တည်းဖြတ်ခဲ့ပါကြောင်း၊ ပုဂံခေတ်မှစ၍ ယနေ့ကာလတိုင်အောင် ဂန္ထဓုရပရိယတ္တိဝန်ဆောင် ဆရာတော်ကြီးများ၊ ပရိယတ္တိဂုဏ်ဆောင် သာသနာပြုဥပါသကာကြီးများ၏ ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိဿယ၊ ပိဋကသုံးပုံ မြန်မာပြန်၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်၊ မဟာဗုဒ္ဓဝင်ကျမ်းများ၊ သာသနာဝင်ကျမ်းများ၊ ဓမ္မပဒဝတ္ထုတော်များ၊ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များ၊ ဆဋ္ဌသင်္ဂါယနာ အမေးအဖြေစာအုပ်များနှင့် ဗုဒ္ဓစာပေမျိုးစုံတို့ကို e-book အဖြစ် ပြုစုပြောင်းလဲခဲ့ရာ စာအုပ်ပေါင်း ၁၀၀၀ ကျော်၊ စာမျက်နှာပေါင်း ၃၈၀၀၀၀ ကျော် ပြီးစီးခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်တို့ကို မှတ်တမ်းအဖြစ် အရှည်ခန့် တည်တံ့စေရန် မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် မဟာဓမ္မပါလအသင်းနှင့် သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ယနေ့ Website တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် ထိရောက်သောအကျိုးတရားများ ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိကြောင်း။

အလှူဒါန အားလုံးတို့တွင် တရားတည်းဟူသော အလှူသည် အလွန်မွန်မြတ်လှသော ဓမ္မဒါနကုသိုလ်ထူးကြီးဖြစ်ပါကြောင်း၊ ပရိယတ္တိလေ့လာမှုမှသည် ပဋိပတ္တိကျင့်စဉ်သို့၊ ပဋိပတ္တိကျင့်စဉ်မှသည် ပဋိဝေဓအသိသို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ချမ်းသာကို မွန်မြတ်သော ပတ္ထနာအာသီသဖြင့် လျင်မြန်စွာ ရောက်ရှိပါစေကြောင်း တင်ပြလျှောက်ထားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) စာကြည့်တိုက်များရှိ တန်ဖိုးမဖြတ်နိုင်သော မြန်မာ-အင်္ဂလိပ် စာအုပ်များကိုလည်း e-book အဖြစ် ပြုစုသွားမည်ဖြစ်ကာ နိုင်ငံအတွင်း ထင်ရှားကျော်ကြားသော တရားဟော ဓမ္မကထိကဆရာတော်ကြီးများ၏ ရုပ်သံဖိုင်တရားတော်များကိုလည်း ယခု Website မှ ထုတ်လွှင့်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် မဟာဓမ္မပါလအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက e- library ဖြစ်မြောက်ရေးအတွက် လှူဒါန်းမှုအစုစုနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို လျှောက်ထားရာတွင် နောင်တွင် ဗုဒ္ဓတက္ကသိုလ်များနှင့် မန္တလေး၊ မကွေး၊ စစ်ကိုင်းစသည့် စာသင်သား သံဃာတော်အများအပြားရှိရာ နေရာများကို ဦးစားပေးပြီး e-library ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍ သင့်လျော်သောနေရာများတွင် e-library ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ ရွှေသုဝဏ်ဆရာတော်ကြီးလှူဒါန်းသော ဆဋ္ဌသင်္ဂါယနာမူအတိုင်း ကွန်ပျူတာရိုက်နှိပ်လျက်ရှိသည့် ပိဋကတ်သုံးပုံ စာအုပ် ၄၀ အနက် ပထမဆုံးပြီးစီးသည့် စာအုပ်များကို ပြည်ထောင်စုဝန်ကြီးက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မဟာဓမ္မပါလအသင်း ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဦးပြုံးမောင်မောင်တို့က ဆရာတော်သံဃာတော်များအတွက် လှူဒါန်းသော ဗုဒ္ဓစာပေဖိုင်များ ထည့်သွင်းထားသည့် e-tablet အလုံး ၂၀၀ ကို ဆရာတော်များထံ လက်ရောက်ဆက်ကပ်လှူဒါန်းသည်။

ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗုဒ္ဓစာပေများနှင့် တရားတော် အသံဖိုင်များကို www.KBRL.gov.mm Website တွင် ယနေ့မှစတင်၍ ဖတ်ရှုလေ့လာနာယူနိုင်ပြီဖြစ်ကြောင်းနှင့် ကမ္ဘာအေးသုတေသနစာကြည့်တိုက်တွင်လည်း e- library ၌ ကွန်ပျူတာ အလုံး ၂၀ တပ်ဆင်ထားရှိပြီး လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Jaroslav Dolecek အား ယနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

**O ကျောဖုံးမှ**

တရုတ်(တိုင်ပေ)အသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့်ဂျော်ဒန်အသင်း၊ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျော်ဒန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ထိုင်းအသင်း၊ စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာအသင်းသည် ပထမအဆင့် ခြေစစ်ပွဲကိုလည်း မန္တလေးမြို့၌ပင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ဖူးပြီး သီရိလင်္ကာနှင့် အိန္ဒိယတို့ကို အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲ၌ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးအသင်းမှာ တတိယအဆင့်ခြေစစ်ပွဲ၌ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျအသင်းတို့နှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

# မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးသောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍ -

၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှထုတ်ပြန်သော လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာ လိုက်နာပါ။
၂။ သက်ဆိုင်ရာမှ ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အအုံ၊ အမိုးအကာများအောက်မှ ထွက်ခွာပါ။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့်မြောင်းများအတွင်းသို့ချော်ကျ၍ ရေနစ်နိုင်သည့်အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။
၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။
၄။ မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။
၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။
၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားနိုင် သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။
၇။ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)
၈။ ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှု မရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန်အသီးများ မစားပါနှင့်။
၉။ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။
၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသောအဝတ်များ ဝတ်ဆင်ထားပါ။ (ကလေး သူငယ် များကို အထူးဂရုစိုက်ပါ။)
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။
၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

# ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုဖျက်ဆီးသူအား မြို့လူထုက ဝိုင်းဝန်းဖမ်းဆီး၍ ရဲတပ်ဖွဲ့သို့အပ်နှံ

**ကြံခင်း ဇူလိုင် ၂၁**

ကြံခင်းမြို့ လမ်းမတော်လမ်းနှင့် မက်သနောလ်လမ်းဆုံရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုအား ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် လူငယ်တစ်ဦးက ဝင်ရောက်ဖျက်ဆီးသဖြင့် မြို့လူထုက ဝိုင်းဝန်းဖမ်းဆီးကာ ရဲတပ်ဖွဲ့သို့အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့ လမ်းမတော်လမ်းနှင့် မက်သနောလ်လမ်းဆုံ (အဝေးပြေး ကားဝန်းအနီး)ရှိ ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြို့သူမြို့သားများ စုပေါင်းလှူဒါန်းသွန်းလုပ်ထားသော ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုထားရှိရာ ဝင်းအတွင်းသို့ ယင်းနေ့နံနက် ၇ နာရီခွဲခန့်က လူငယ်တစ်ဦး ဝင်ရောက်လာပြီး မီးစလိုက်နှင့် ပန်းခြင်းများအား ဖျက်ဆီးခြင်း၊ ရုပ်တုပေါ်သို့တက်၍ ဦးခေါင်းကို ဖျက်ဆီးခြင်းများ ပြုလုပ်သည်ကို မြင်တွေ့ကြရသော အနီးရှိ မြို့လူထုက ဝိုင်းဝန်းဖမ်းဆီးကာ ရဲတပ်ဖွဲ့သို့ အပ်နှံပေးခဲ့ခြင်းဖြစ်သည်။

ရုပ်တုအားဝင်ရောက် ဖျက်ဆီးသူမှာ မောင်ဖြိုး(ခ)ဖြိုးကျော်ဌေး (၂၄) နှစ် (ဟိုင်းကြီးကျွန်းဇာတိ)ယခုလက်ရှိ တာကြီးတန်းလမ်း အမှတ်(၁)ရပ်ကွက် ဘက်ရဲမြို့တွင် အိမ်ငှားနေထိုင်လျက် ငါးခြောက်ရောင်းချသူဖြစ်ပြီး မူးယစ်ဆေးသုံးစွဲသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ ဗိုလ်ချုပ်ရုပ်တုဖြစ် မြောက်ရေးအဖွဲ့က တရားလိုပြု၍ ကြံခင်းမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားပြီး ဗိုလ်ချုပ်ရုပ်တုကိုလည်း မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း သိရသည်။

**(၆၄၈)**

# ဇူလိုင် ၂၁ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
| --- | --- | --- | --- | --- | --- |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၃၁၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၅၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀၀၀ မှ ၅၅၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၀၀၀၀၀ မှ ၂၀၈၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မိတ္ထီလာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၅ မှ ၉၂၅ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့သည့် အကြောင်းကြားစာနှင့်စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၃) ရက်မြောက်နေ့တွင် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့သည့် အကြောင်းကြားစာနှင့်စပ်လျဉ်း၍** လွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်သို့ ရှင်းလင်းပြောကြားခဲ့သည်။

အကြောင်းကြားစာတွင် ယခုနှစ်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် မျက်မှောက်ခေတ်ကာလအတွင်း ပထမဦးဆုံးအကြိမ် ကျင်းပမည့်ရွေးကောက်ပွဲဖြစ်သည့်အတွက် နိုင်ငံတကာနှင့် ပြည်သူလူထု၏အမြင်တွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းမွန်စေရေးအတွက် ပြည်သူလူထု၏ဆန္ဒနှင့်အညီ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပသည့်ရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း။

ဖော်ပြပါ အထွေထွေရွေးကောက်ပွဲနှင့်အတူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပူးတွဲကျင်းပခြင်းဖြင့် အချိန်လုပ်အားနှင့် ဘဏ္ဍာငွေကုန်ကျမှုများ သက်သာမှုရှိစေမည်ဟု ဆိုနိုင်သော်လည်း သီးခြားဆောင်ရွက်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါသဖြင့် လိုအပ်သည့်အထောက်အကူပြုအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ



ဒုတိယဝန်ကြီး ဦးတင်ငွေ။



ဒုတိယဝန်ကြီး ဦးမြင့်ဇော်။

ကျပ်သန်းပေါင်း (၄၇၂၉ ဒသမ ဝ၄၃)သန်း အနည်းဆုံးလိုအပ်ပါကြောင်း၊ သို့ပါ၍ နောင်တွင် ပေါ်ပေါက်လာနိုင်သည့် အခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာများနှင့်အတူ ဆန္ဒခံယူပွဲပြုလုပ်ပါက ပိုမိုသင့်လျော်မည်ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ခေတ္တဆိုင်းငံ့ထားသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်းဖြင့် ပါရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ခေတ္တဆိုင်းငံ့ထားရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ကြိုတင်အသိပေးဆွေးနွေး အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယ အကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များ၊**

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြစ်မှုအမျိုးအစားအလိုက် အခန်းများခွဲ၍ ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပြစ်မှုများဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၈) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထဲရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းနှစ်ခုအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၏ **နိုင်ငံတော်အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များ ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု**



ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

**ဖော်ဆောင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့် ရရှိစေရေးတို့အတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေးအကျဉ်းသားဟူသည့်စကားရပ်အပေါ် ဥပဒေအရ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုရန် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား ပြစ်ဒဏ်ဆိုင်းငံ့လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့ပြီး အကျဉ်းသားစုစုပေါင်း (၇၀၉၀၄) ဦးကို လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အကျဉ်းထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအနက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူများကို နိုင်ငံရေးအကျဉ်းသားဟု အမည်တပ်၍ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့မှ တောင်းဆိုမှုကြောင့် အကျဉ်းသားများ စိစစ်ရေးကော်မတီကိုဖွဲ့စည်းပြီး စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကော်မတီ၏ စိစစ်တင်ပြချက်အရ နိုင်ငံတော်အစိုးရကိုဆန့်ကျင်သော ပြစ်မှုများကျူးလွန်၍ ပြစ်ဒဏ်ကျခံရသူ အကျဉ်းသား စုစုပေါင်း (၃၅၄)ဦးကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တို့တွင် ထည့်သွင်း၍ လွှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့အထိ ကိုင်တွယ်ကျင့်သုံးလျက်ရှိသော ပြစ်မှုဆိုင်ရာဥပဒေတွင်



မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်။

ပြစ်မှုအမျိုးအစားအလိုက် အခန်းများခွဲ၍ ပြဋ္ဌာန်းထားပြီး နိုင်ငံရေးပြစ်မှုများဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံတော်တွင် ကိုင်တွယ်ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေအရပ်ရပ်တွင် နိုင်ငံရေးအကျဉ်းသားဟူသောစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်၍ အကျဉ်းထောင်အသီးသီးတွင် ချုပ်နှောင်ထားသော အကျဉ်းသားများအနက်မှ အချို့ကို နိုင်ငံရေးအကျဉ်းသားများအဖြစ် ခွဲခြားသတ်မှတ်၍ ထူးခြားသောအခွင့်အရေးများပေးပါက အကျဉ်းထောင်အတွင်း အခွင့်ထူးခံ အကျဉ်းသားတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး အကျဉ်း

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❒

အမျိုးသားလွှတ်တော်အစည်းအဝေး

# အကျဉ်းသားများအတွက် ဥပဒေအကာအကွယ်ရရှိစေရန် တိကျသောဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၂ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအား လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မေးခွန်းများ မေးမြန်းရာတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တောင်သူ(၃)ဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့ တည်ဆောက်ရေး စီမံကိန်းအတွက် မြေယာများ သိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံရသော်လည်း ယနေ့ထိတိုင် တောင်သူများလက်ရောက် ပိုင်ဆိုင်ခွင့်မရှိခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်။

ဦးစိုင်းစံမင်း၏ မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က အမှတ် (၄၁) ခြေလျင်တပ်ရင်း တပ်မြေ သိမ်းဆည်းစဉ်ပါဝင်ခဲ့သော ယာမြေ ၁၈ ဒသမ ၃၆ ဧကနှင့် ဥယျာဉ်ခြံမြေ သုည ဒသမ ၅၀ ဧက စုစုပေါင်း ၁၈ ဒသမ ၈၆ ဧကမှ ဦးပိုင်ပေါက် မူလပိုင်ရှင် ၈ ဦးအား မြေလျော်ကြေးနှင့် သီးနှံလျော်ကြေးများ ပေးလျော်ခဲ့ပြီးဖြစ်သော်လည်း တပ်ရင်းများ၏ လုံခြုံရေးနှင့် လွတ်ကင်းမှုရှိပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါ်လျံလွင်**က အကျဉ်းသားများအတွက် ဥပဒေအကာအကွယ် ရရှိစေရန် တိကျသောဥပဒေများ



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျံလွင်။

ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း၊ အကျဉ်းသားများအတွက် စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲရေး စီစဉ်ဆောင်ရွက်ရာတွင် အခြေခံဥပဒေက ခွင့်ပြုသည့် ဘာသာများ၏ ဝတ်ပြုနည်းများကို အကန့်အသတ်စည်းမျဉ်းစည်းကမ်းများဖြင့် ဝတ်ပြုကိုးကွယ်ခွင့်ပေးသင့်ပါကြောင်း။

ထို့ပြင် အကျဉ်းသားများ အိပ်ရာဝင်၊ အိပ်ရာထသည့် အချိန်များတွင် ဘုရားရှိခိုးသည့်အခါ မိမိကိုးကွယ်သည့် ဘာသာ၊ ထုံးတမ်းစဉ်လာအတိုင်း ဆုတောင်းဝတ်ပြုခွင့်ရရှိစေလိုပါကြောင်း၊ ထို့ပြင် အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်၍ ဆေးဝါးအလုံအလောက်ထားရှိပြီး လိုအပ်ပါက အထူးကုဆရာဝန်များဖြင့် ကုသခွင့်ရရှိစေလိုပါကြောင်း၊ ခြင်ကိုက်ခြင်းသည် အကျဉ်းသားများအတွက် ဒုက္ခပေးသည့်အချက်တစ်ချက်ဖြစ်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသမှုထက် ကြိုတင်ကာကွယ်မှုအဖြစ် ခြင်ထောင်များ ထုတ်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးအောင်ကြည်ညွန့်**က နိုင်ငံရေး အကျဉ်းသားများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုပါကြောင်း၊ ကိုလိုနီခေတ်ကတည်းကပင် နိုင်ငံရေးအကျဉ်းသားဟု ရှိခဲ့ပါကြောင်း၊ ပါလီမန်ခေတ်အထိလည်း ရှိခဲ့ပါကြောင်း၊ လက်ရှိအစိုးရလက်ထက် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသားထိုက်သင့်သည့်၊ ရရှိသင့်သည့် ကာကွယ်စောင့်ရှောက်မှုမျိုးကို ယခုဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ယခုပြင်ဆင်သည့် ဥပဒေတွင် ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# မော်တော်ယာဉ်မတော်တဆထိခိုက်မှု များပြားလှသည့်အတွက် မတော်တဆမှု၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်တော့မည်

နေပြည်တော် ဇူလိုင် ၂၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ အရိုးရောဂါအထူးကုဆေးရုံကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဦးဖုန်းဇော်ဟန်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးတို့က ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**

ယင်းနောက် ဒုတိယသမ္မတက ဆေးရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်နှင့် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးတို့က ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဆေးရုံခန်းမတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် နေပြည်တော် အရိုးရောဂါ အထူးကုဆေးရုံသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်မည့် ခုတင် (၁၀၀) အထူးကုဆေးရုံ လေးရုံအနက် တစ်ရုံ အပါအဝင်ဖြစ်ပါကြောင်း၊ ယခုဆေးရုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေကျပ်သန်းပေါင်း ၂၁၈၈ သန်းကျော် အကုန်အကျခံပြီး နေပြည်တော်ကောင်စီ၏ ကွပ်ကဲမှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အရိုးရောဂါအထူးကုဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် အရိုးရောဂါနှင့် သက်ဆိုင်သည့် ဝေဒနာရှင်များကို ကုသမှုပေးနိုင်မည်ဖြစ်သည့်အပြင် မော်တော်ယာဉ် မတော်တဆထိခိုက်မှုများပြားလှသည့် ယနေ့အချိန်အခါအတွက် မတော်တဆမှု၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုပေးနိုင်တော့မည်ဖြစ်ပါကြောင်း ။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ပျမ်းမျှလူ့မျှော်မှန်းသက်တမ်းနိမ့်ကျနေမှု၊ တစ်နှစ်အောက်ကလေး၊ ငါးနှစ်အောက်ကလေးနှင့် သားသည် မိခင်သေဆုံးမှုမြင့်မားနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးသတင်းအချက်အလက်အရ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုမှာ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုမှာ လူဦးရေ ၁၀၀၀ လျှင် ၁ ဒသမ ၈ ဦးနှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၂ဦးနှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၉ ဦးနှုန်းဖြစ်သည်ကိုတွေ့ရပါကြောင်း၊ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးနှုန်းမှာ ၂၀၁၂ ခုနှစ်တွင် လူဦးရေ တစ်သိန်းလျှင် ၆ ဒသမ ၁ ဦးနှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၆ ဒသမ ၆ ဦးနှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၈ ဒသမ ၄ ဦးနှုန်း ဖြစ်နေသည်ကို တွေ့ရှိရသည့်အတွက် စောင့်ရှောက်ကုသမှုပေးနိုင်စေရန် အရိုးအထူးကုဆေးရုံကြီးများ ပိုမိုတိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လျက်ရှိသည့် အပြင် ယာဉ်မတော်တဆ ထိခိုက်မှုကိုလည်း ပညာပေးတားဆီးကာကွယ်ရန် လိုအပ်နေသည်ကို မီးမောင်းထိုးပြခြင်းဖြစ်ပါကြောင်း။

ပြီးခဲ့သည့် အရေးပေါ်လူနာတင်ယာဉ်စနစ် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့စဉ်က ယာဉ်မတော်တဆမှုများတွင် ၈၉ ရာခိုင်နှုန်းသော လူနာများသည် ဆေးရုံမရောက်မီ စနစ်တကျကုသမှု မရရှိခဲ့ပါကြောင်း၊ အကယ်၍ အခင်းဖြစ်ပွားရာ နေရာတွင်သာ စနစ်တကျ ပြုစုကုသမှုရရှိပြီးမှ ဆေးရုံသို့ ပို့ဆောင်နိုင်မည်ဆိုပါက သေဆုံးမှု ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်လိမ့်မည်ဟု ဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်း အရိုးရောဂါ အထူးကု ဆေးရုံတစ်ရုံ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်ရော ပြည်သူလူထုအတွက်ပါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း၊ ယခုဆေးရုံသစ်တွင် တာဝန်ထမ်းဆောင်သွားကြမည့် အထူးကုဆရာဝန်ကြီးများမှအစ အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းအားလုံးကလည်း လာရောက်ကုသမှုခံယူကြမည့်လူနာများကို နွေးထွေးသည့် မေတ္တာစေတနာများဖြင့် စောင့်ရှောက်မှုပေးသွားနိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းသို့ လှည့်လည် ကြည့်ရှုလေ့လာကြပြီး**(အပေါ်ယာပုံ)**ဆေးရုံတွင် တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသည့် ဝေဒနာရှင်လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။



အရိုးရောဂါ ကုသမှုအဆင့်ဆင့်၏ သမိုင်းတွင် အရိုးရောဂါကုသမှုဆိုသည်မှာ အရိုးရောဂါတစ်ခုတည်းကိုသာ ကုသခြင်းမဟုတ်ဘဲ ၎င်းနှင့် ဆက်စပ်နေသည့် ကြွက်သားများနှင့် အဆစ်များကိုပါ ပေါင်းစပ်ကုသခြင်းကို ဆိုလိုပြီး ရှေးယခင်က အရိုးရောဂါကုသမှုကို ကလေးငယ်များ၏ မွေးရာပါ အရိုးအနေအထား မှားယွင်းနေခြင်း (ဥပမာ) ခြေခွင်ခြင်းမျိုးကို ကုသပေးခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

အရိုးကုသမှုဆေးရုံကို ၁၇၈၀ ခုနှစ်က ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့ပြီး ကလေးငယ်များ၏ မွေးရာပါအရိုးအနေအထား မှားယွင်းနေမှုကို ပုံမှန်အနေအထား ပြန်ရောက်စေရန် ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းမျိုးဖြစ်ရာ ၁၈ ရာစုခေတ်ကာလမှသာ ခွဲစိတ်ကုသမှုများ ပါဝင်လာပြီး ကြွက်သားနှင့် အရွတ်များ ပြုပြင်ခြင်း၊ ကျောရိုးခွဲစိတ်ပြုပြင်ခြင်း၊ POP ဟုခေါ်သည့် ကျောက်ပတ်တီးစည်းခြင်းများကို စတင်အသုံးပြုလာခဲ့ကြသည်။ ထိုကဲ့သို့ ကျိုးနေသည့် အရိုးများ ပြန်ဆက်နိုင်ရန်အတွက် ကျိုးကြေနေရာတွင် လှုပ်ရှားမှု မရှိစေရန် ထိန်းထားခြင်းအားဖြင့် အရိုး အဆက်မြန်လာခြင်းလည်း ဖြစ်သည်။

အထူးသဖြင့် ပထမကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်ကြောင့် စစ်သားများ များပြားလှသည့် အရိုးကျိုးထိခိုက်ဒဏ်ရာရရှိမှုကို အဆိုပါစနစ်ဖြင့် အများဆုံး အသုံးပြုလာခဲ့ကြရာ ခြေထောက်အရိုးများကို အလေးတုံးဖြင့် တွဲထိန်းထားခြင်း၊ ကျိုးနေသည့်အရိုးနှစ်ဖက်အတွင်းသို့ သံမဏိချောင်းထည့်သွင်းခြင်းအားဖြင့် အရိုးဆက်မြန်မှုပိုမိုရရှိကြောင်းကို စမ်းသပ်ရှာဖွေတွေ့ရှိလာခြင်းဖြစ်သည်။

၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်ရှိသည့် အထူးကုဆေးရုံ ၂၈ ရုံ အပါအဝင် ဆေးရုံကြီး၊ ဆေးရုံငယ်စုစုပေါင်း ၉၈၇ ရုံ ရှိပြီး ယခုနှစ် ဇွန်လကုန်တွင် ဆေးရုံကြီးငယ် စုစုပေါင်း ၁၁၃၃ ရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၌ ခုတင် (၃၀၀) အရိုးရောဂါ အထူးကုဆေးရုံ တစ်ရုံ ၊ မန္တလေးမြို့တွင် ခုတင် (၂၀၀) အရိုးရောဂါ အထူးကုဆေးရုံ တစ်ရုံနှင့် ယခု နေပြည်တော်တွင် ခုတင် (၁၀၀) အရိုးရောဂါ အထူးကုဆေးရုံ တစ်ရုံတို့သာရှိပြီး ရန်ကုန် အရိုးရောဂါ အထူးကုဆေးရုံတွင် ခုတင် (၃၀၀)ဟုဆိုသော်လည်း လူနာများပြားနေသည့်အတွက် အဆင့်မြှင့်ရန် လျာထားပြီးဖြစ်သည်။ ထို့အပြင် အရိုးအထူးကုဆေးရုံဟု အမည်တပ်မထားသော်လည်း အထွေထွေရောဂါကု ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်း အရိုးရောဂါလူနာများ ရာနှင့်ချီပြီး တက်ရောက်ကုသမှုခံယူနေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အထွေထွေရောဂါကု ဆေးရုံများတွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အရိုးရောဂါအတွက် ကုသမှုခံယူနေသည့် လူနာများစွာရှိနေသည်။

၂၁ ရာစုတွင် အရိုးရောဂါအထူးကုဆေးရုံများသည် အရိုးရောဂါအမျိုးမျိုးနှင့် ထိခိုက်ကျိုးပဲ့မှု အမျိုးမျိုးကို သာမန်ကုသပေးခြင်းမျိုး မဟုတ်တော့ဘဲ Total Heap Replacement၊ Knee Replacement ခေါ်သည့် တင်ပါးဆုံပေါင်ရိုးအဆစ် အစားထိုးခွဲစိတ်ကုသခြင်း၊ ဒူးဆစ်တစ်ခုလုံး အစားထိုးလဲလှယ်ခွဲစိတ်ကုသခြင်းများ လုပ်ဆောင်နေကြပြီဖြစ်၍ မြန်မာနိုင်ငံ၏ အရိုးရောဂါအထူးကုဆေးရုံများသည်လည်း ထိုအဆင့်ကဲ့သို့ ရောက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ရေနံဈေးကောင်းလာ၍ ရေနံမှော်များတွင် လာရောက်လုပ်ကိုင်သူ များပြား



**မင်းဘူး ဇူလိုင် ၂၁**

မင်းဘူး၊ မင်းလှ၊ သရက်ဒေသရှိ ရေနံမှော်များတွင် ယခုနောက်ပိုင်း ရေနံဈေး မြင့်တက်လာမှုကြောင့် မြန်မာပြည်အနှံ့ ဒေသအသီးသီးမှ လာရောက်ရင်းနှီးလုပ်ကိုင်သူ များပြားလာကြောင်း ရေနံမှော်လုပ်ကွက်အတွင်းမှ သိရသည်။

ရေနံမှော်အတွင်း ယခင်ရေနံ တစ်စည်လျှင် ငွေကျပ် ၆၀၀၀၀ ခန့် ရှိရာမှ ယခု ရေနံတစ်စည်လျှင် ပေါက်ဈေး ငွေကျပ် ၈၅၀၀၀ ခန့်အထိ ဈေးမြင့်တက်လာမှုကြောင့် လာရောက်ရင်းနှီးလုပ်ကိုင်သူ များပြားလာခြင်းဖြစ်သည်။

“ရေနံတွင်းတစ်တွင်း တူးမယ်ဆိုရင် နှစ်လက်မ (တစ်ပေါက်စာ)ကို မြေထောက်ခ ကျပ် ၁၅ သိန်းပေးပြီး တူးရတယ်။ တွင်းတစ်တွင်းမှာ တွင်းတူးလုပ်သားသုံးဦး ငှားရမ်းထားပြီး တစ်ဦးကို နေ့စားခ ကျပ် ၁၀၀၀၀ နဲ့ နေ့/ည အလှည့်ကျ လုပ်ကိုင်စေပါတယ်။ တူးတဲ့အခါ တချို့က အတောင် ၁၀၀ ခန့်နဲ့ ထွက်ရှိပြီး တချို့ဆို အတောင် ၇၀၀၊ ၈၀၀ ထိအောင် တူးရပါတယ်”ဟု တကိုင်းမှော်တွင် လုပ်ကိုင်နေသော တွင်းပိုင် ကိုရဲမြင့်က ပြောသည်။

“ရေနံတွင်းတစ်တွင်းကို ကျပ် ၄၅ သိန်းလောက်ကုန်ကျပြီး တူးတဲ့လူတိုင်းလည်း ရေနံမရပါဘူး။ ကံပေါ်မှာ မူတည်ပြီး လုပ်ကိုင်နေကြတာပါ။ တချို့လည်း ပီပါကျင်းပေါက်ပြီး တချို့လည်း ဂါလန်ကျင်းလောက်ပဲ ထွက်တာတွေလည်း ရှိတယ်။ တစ်လောက ဘေတ်တိုင်မှော်တွင် ပီပါကျင်းပေါက်ပြီး တစ်နေ့ကို ပီပါ စည် ၇၀ လောက်ထိ ထွက်တာလည်းရှိတယ်။ ရေနံဈေး ပြန်ကောင်းလာတော့ မိုးတွင်းကာလပေမယ့် လာရောက်လုပ်ကိုင်သူများပြားလာပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

“ကျွန်တော့်မှာ မိသားစု ငါးယောက် ရှိတယ်။ ရွာမှာ မနှစ်က ယာလုပ်ငန်းလုပ်တာ အဆင်မပြေတော့ အခုလိုမှော်ကိုလာပြီး အလုပ်လုပ်တာပါ။ မနှစ်က သူများဆီချေးငှားပြီး စိုက်ပျိုးလုပ်ကိုင်တာ မိုးလေဝသ မကောင်းတော့ သီးနှံအထွက်နည်းပြီး ကြွေးပြန်မဆပ်နိုင်ဘူးလေ။ ပေးစရာရှိတဲ့ အကြွေးက တိုးလာတော့ ရွာမှာပဲ နေရင် ဆပ်နိုင်မှာ မဟုတ်ဘူးဆိုပြီး ဒီမှာ တွင်းသား (နေ့စား)လာရောက်လုပ်ကိုင်ပါတယ်”ဟု ကိုဇော်မင်းထွန်းက ပြောသည်။

ယခုနှစ်ပိုင်း ရေနံမှော်များတွင် လာရောက်လုပ်ကိုင်သူ များပြားလာခဲ့ပြီး မှော်တစ်မှော်လျှင် လူဦးရေ အနည်းဆုံး နှစ်သောင်းခွဲ၊သုံးသောင်းထိရှိပြီး ငနောင်မုန်းမှော်ဆိုလျှင် လူဦးရေ ငါးသောင်းကျော်ထိရှိကြောင်း သိရသည်။

သရက်နယ်မှ စခန်းကြီးမှော်၊ ဘေတ်အိုင်မှော်၊ ဘေတ်ကျမှော်၊ ခွေးအိုင်မှော်၊ ပိတောက်ပင်မှော်နှင့် မင်းလှနယ်မှ ရေနံမမှော်၊ ငနောင်မုန်းမှော်၊ စန်းချောင်းမှော်၊ မကျီးခေါင်းပွမှော်၊ ဘပြင်မှော်၊ ဆန်းလယ်မှော်၊ ဆန်းအိုင်မှော်၊ ဒဟတ်ပင်မှော်၊ ပြည်စိုးမှော်၊ ကြွေကုတင်မှော်နှင့် မင်းဘူးနယ်မှ ဟောဝန်မှော်၊ ကျောက်တလုံးမှော်တို့တွင် ရင်းနှီးမြှုပ်နှံကာ လာရောက် စီးပွားရှာသူများနှင့် စီးပွားရေးအဆင်မပြေ၍ မိသားစု စားဝတ်နေရေးအတွက် လာရောက်လုပ်ကိုင်သူများဖြင့် စည်ကားနေကြောင်း ရေနံမှော်လုပ်ကွက်များအတွင်းမှ သိရသည်။

**ကိုကျော် (မင်းဘူး)**

❐❐

❁ ပြည်ထောင်စုလွှတ်တော်မှ

**စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍** သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ**က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ လည်ပတ်ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်သည့် ငွေကြေးတစ်ရပ်ဖြစ်ခြင်း၊ ရန်ပုံငွေကို ကျေးရွာလူထုမှ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း၊ အတိုးနှုန်းသတ်မှတ်နိုင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အများသဘောတူညီချက်ဖြင့် သုံးစွဲနိုင်ခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ အတိုးပေးသွင်းရမည့် ကာလကိုသတ်မှတ်နိုင်ခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှုကို လျှော့ချလာနိုင်ခြင်း၊ ကျေးရွာအဆင့်တွင် ဒီမိုကရေစီနည်းလမ်းကျကျဆောင်ရွက်နိုင်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရခြင်း၊ ကျား၊ မ တန်းတူညီမျှပါဝင်သော အလေ့အကျင့်ပျိုးထောင်ပေးခြင်း၊ ကျေးရွာလူထုနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များ ဖော်ဆောင်ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း စသည့်ဝိသေသလက္ခဏာများနှင့် ပြည့်စုံသည့်အပြင် ကျေးရွာသူရွာသားများအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သဖြင့် မြစိမ်းရောင်စီမံကိန်းအား ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်**က ကြွေးကျန်များနှင့်ပတ်သက်၍ နိုင်ငံတော်မှ များစွာနစ်နာလျက်ရှိသောကြောင့် အမြန်ဆုံးပြီးပြတ်စေရန် စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ချက်အပေါ် စက်မှုဝန်ကြီးဌာနမှ ငှားရမ်းလုပ်ကိုင်နေသည့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ဖိုး ကြွေးကျန်ဖြစ်ပေါ်နေသော စက်ရုံ(၅)ရုံအနက် စက်ရုံ(၂)ရုံမှာ ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ပြီး ကျန်(၃)ရုံအား ကြွေးကျန်သဘာဝဓာတ်ငွေ့တန်ဖိုးများ ပေးသွင်းနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြီးပြတ်စေရန် စာချုပ်ပါစည်းကမ်းများအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်**က ပုံသေမြေငှားရမ်းခများ ပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ (၉)ခုရှိပါကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တောင်းခံရရှိရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီများမှ ရရန်ကျန်ရှိသည့် ရွှေ (၂၁၆၁၁ ဒသမ ၇၅)ကျပ်သားကို တောင်းခံရရှိရေး နည်းလမ်း(၄) သွယ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် (၆၁၇၃၀ ဒသမ ၁၃) မက်ထရစ်တန်ကျန်ရှိပြီး (၁၅၂၇ ဒသမ ၇၅) မက်ထရစ်တန် ရောင်းချနိုင်ခဲ့ပါကြောင်း၊ ၎င်းအပေါ် ဓာတ်သတ္တုခွန်နှင့် ထုတ်လုပ်မှုအချိုး ကျပ် (၁၂၀ ဒသမ ၁၉) သန်းရရှိခဲ့ပြီး (၆၀၂၀၂ ဒသမ ၃၈)မက်ထရစ်တန်ကျန်ရှိပါကြောင်း၊ လက်ကျန်မက်ထရစ်တန်များ ဆက်လက်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၅)ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ**က ပါတီအချင်းချင်း၊ ကိုယ်စားလှယ်အချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း ထိခိုက်နိုင်သည့်အချက်များဖြစ်ပေါ်လာနိုင်သည့်အတွက်ကို အလေးအနက်ထားစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပါတီများအကြား အချင်းချင်း မကြာခဏ တိုင်ကြားမှုများ ပေါ်ပေါက်လာနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်နိုင်သည့်အတွက် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို လွှတ်တော်အတွင်း၌ အကျေအလည်ဆွေးနွေးပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း**က မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပရန် နီးကပ်နေပြီဖြစ်ပါကြောင်း၊ လွှတ်တော်လက်ကျန်သက်တမ်းအတွင်း ပြဋ္ဌာန်းမည်ဆိုပါက ရွေးကောက်ပွဲကျင်းပရန် ရွှေ့ဆိုင်းသွားနိုင်မည်ဟု ပြည်သူများက စိုးရိမ်နေကြပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ရန်ရှိသည့်အတွက် ယခုဥပဒေကို မဆောင်ရွက်သင့်သေးပါကြောင်း၊ လာမည့်ရွေးကောက်ပွဲကျင်းပပြီးစီးချိန်မှသာ ဆက်လက်ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ**က ယခုဥပဒေကြမ်းသည် ပါတီအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း အားပြိုင်မှုများ ရှိလာနိုင်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို ထိခိုက်နိုင်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာများဆုံးရှုံးပြီး ပြည်သူများလည်း အလုပ်ပိုမိုရှုပ်ထွေးနိုင်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမှုများ ရှိလာနိုင်သည့်အတွက် မူလအတိုင်းသာထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ကိုလံဘီယာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုလံဘီယာ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

❒ **ပြည်သူ့လွှတ်တော်မှ**

ထောင်အတွင်း အုပ်စုလိုက် ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် အကျဉ်းသားများအား အဆင့်အတန်းခွဲခြားသည့်စနစ်ကို ပြန်လည်ဖော်ဆောင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲဆန့်ကျင်နေမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများအား ဖောက်ဖျက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားအားလုံးပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရန်နှင့် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးနိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားဟူသည့်စကားရပ်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုရန်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး မဟာဗျူဟာတွင် ကျောက်ခင်းလမ်းနှင့် အမာခံတံတားများ ဆောက်လုပ်ရေးနှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဆိုပါလမ်းသည် မိုင် (၃၃၀) ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်သန်း (၂၉၆၀)ဖြင့် လမ်းတာပေါင်တင်ခြင်း၊ ချဲ့ခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပေါ်ရှိ ယာယီတံတားများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် (၁၀၁၇)သန်း၊ တိုင်းဒေသကြီး ရန်ပုံငွေကျပ် သန်း (၃၅၂၀)ဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ပေ(၅၀)အောက်တံတားအစင်း(၄၀)၊ ပေ(၅၀) နှင့် ပေ(၁၀၀) အကြားတံတား (၃)စင်းနှင့် ပေ(၁၈၀) နှင့်အထက် တံတား(၆)စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပေ(၅၀)အောက် သစ်သားကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း (၃၁)စင်း၊ ကွန်ကရစ်ရေကျော် (၁) စင်း တည်ဆောက်ခြင်းနှင့် တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်း (၃) စင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သက္ကယ်ကျင်း - ဖောင်းပြင် - ဟုမ္မလင်း-ခန္တီးလမ်းကို မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် နှစ်ရှည်စီမံကိန်းသတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ သစ်သားတံတားများကိုလည်း နှစ်စဉ်ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ကွန်ကရစ်တံတားများအဖြစ် ဆက်လက်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ၁၄ ဘီလီယံနီးပါး တိုးတက်

**နေပြည်တော် ဇူလိုင် ၂၁**

ကုန်သွယ်မှုဖြေလျှော့မှုများအပြင် ကုန်သွယ်မှု မူဝါဒများ နိုင်ငံတကာနှင့်ကိုက်ညီပြီး ပိုမိုခိုင်မာလာစေရေးအတွက် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာ ရေးဆွဲခြင်းလုပ်ငန်းစဉ်၊ ကုန်သွယ်မှုနည်းပညာ အကူအညီရရှိရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ကျော်သာရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၆ ရှိသည့်အတွက် ၁၄ ဘီလီယံနီးပါး သိသိသာသာ တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ကျင်းပသည့် မြန်မာနိုင်ငံမှ ပြည်ပတင်ပို့သော ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိမှုနှင့် ပတ်သက်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုယန္တရားနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည့်အတွက် သိသာမြင်သာသည့် တိုးတက်မှုများ ရှိလာပြီဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှုဖြေလျှော့ပေးခြင်းဆိုင်ရာလုပ်ငန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်း၊ ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးလုပ်ငန်း၊ ကုန်သွယ်စေ့စပ်ညှိနှိုင်းရေးလုပ်ငန်း၊ ကုန်သွယ်မှုပညာပေးရေးလုပ်ငန်းတို့ကို အလေးပေးလုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှုကဏ္ဍများသည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ပို့ကုန်တိုးတက်လာခြင်းသည် ကဏ္ဍအလိုက် ပို့ကုန်လုပ်ငန်းရှင်ကြီးများ၏ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ပို့ကုန်ကဏ္ဍတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂ ဒသမ ၅ ဘီလီယံထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် တင်ပို့ခွင့်ကန့်သတ်ထားသော ပစ္စည်းများအား ဖြေလျှော့ခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရယူသည့်စနစ်အား တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့၍ နိုင်ငံတကာ ကုန်သွယ်မှုများနှင့် Inline ဖြစ်စေမည့် လိုင်စင်ရယူရန် လိုအပ်သည့် ကုန်စည်စာရင်းကို ယခုလအတွင်း အမိန့်ကြေညာစာ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အပိုင်းမှ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးရန်ရှိသော်လည်း နိုင်ငံခြားငွေလဲလှယ်မှုမြင့်တက်လာမှုနှင့်အတူ ပြည်ပတင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ ရရှိငွေများ၊ မိမိတို့နိုင်ငံအတွင်း အပြည့်အဝ ပြန်လည်ဝင်ရောက်မှု မရှိသည့်ကိစ္စရပ်များလည်း ကြားသိနေရပါကြောင်းဖြင့် ပြောကြားသည်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ သိရှိလိုက်နာရမည့် ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်က ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေတွင်ပါသည့် အချက်အလက်များကို သိရှိအောင်လေ့လာပြီး လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပိုမိုသိရှိစေရန် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက နေ့စဉ်ထုတ်သတင်းစာများတွင် လေ့လာနိုင်ရန် ဖော်ပြထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ အပိုင်းကလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာမှုအပေါ် ပြင်ပတင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ ရရှိငွေများ မြန်မာနိုင်ငံအတွင်းသို့ အပြည့်အဝ ပြန်လည်ဝင်ရောက်မှု မရှိသည့်ကိစ္စရပ်များနှင့် တွေ့ကြုံနေရသည့် အခြေအနေများ၊ အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**ညီညီဟန်(နေပြည်တော်)**

## ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၂၁**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၅ ဒသမ ၉၅ လက်မ၊ လောင်းလုံးမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ ဒသမ ဝ၃ လက်မ၊ ကလေးမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ဖလမ်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ကသာမြို့နှင့် ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၈၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း**

ရန်ကုန်မြို့၊ အမှတ်(၄၉)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးစိန်သန်းဦးမှ ရန်ကုန်မြို့၊ အမှတ်(၁၄)၊ စွန်းလွန်းဂူကျောင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးလှမြင့်၏သား ဦးခင်မောင်လေး [၁၂/တမန(နိုင်) ဝ၉၇ဝ၃၆]သို့ လွှဲအပ်ထားသည့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၆-၁၂-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် / ၃၂၇၃၇/၂၀၁၄ အား ၂၂-၇-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဦးစိန်သန်းဦး**
**[၁၃/ရစန (နိုင်)ဝဝ၈၁ဝ၉]**

# အချိန်မီ၊ အချိန်ကိုက်၊ အချိန်မှန်အောင် စီမံခန့်ခွဲကြမှသာ . . .

**ကိုဒင်ရေ-**

ပြီးခဲ့တဲ့အပတ်က ဌာနတွင်း မွမ်းမံသင်တန်း ငါးရက် လုပ်ခဲ့တယ်။ ထုံးစံအတိုင်း သတင်းရေးသားတာတွေ၊ တည်းဖြတ်တာတွေ၊ သတင်းစာအပြင်အဆင်တွေ၊ စာဖတ်ပရိသတ်စိတ်ဝင်စားအောင် သတင်းတင်ပြပုံတွေ၊ ဓာတ်ပုံတစ်ပုံရဲ့ ဆွဲဆောင်မှုတွေ စသည်ဖြင့် ကျွန်တော်တို့ ဆွေးနွေးခဲ့တယ်။ ဒါကတော့ လုပ်နေကြပါ။ ဒါအတွက် ထူးပြီး ရေးစရာမရှိပါဘူး။

ကျွန်တော်က သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ၊ စကားပြောခွင့်တစ်ခုခုနဲ့ ကြုံတဲ့ပွဲတွေမှာ လူငယ်တွေရော၊ လူလတ်တွေကိုပါ အချိန်ကို လေးစားဖို့၊ အချိန်ကို အလေးဂရုပြုဖို့ တဖွဖွပြောနေကြဗျ။

ဒါကြောင့် အခုအပတ်သင်တန်းဆို သင်တန်းချိန် မစမီ ငါးမိနစ်အလိုမှာ လုံးဝ လူအားလုံးစုံပြီး အဆင်သင့်ဖြစ်နေကြပြီ။ သင်တန်းနားချိန် ၁၅ မိနစ်ပေးထားပြီး အချိန်မပြည့်မီ သူတို့ဘာသာနေရာပြန်ယူထားပြီးပြီ။ သင်တန်းစမယ်လို့ခေါ်မှ ကမန်းကတန်း ဝင်ထိုင်တဲ့ အကျင့်ကို လုံးဝမလုပ်ဖို့ သင်တန်းအဖွင့်အမှာစကားမှာ ထည့်ပြောထားတာမို့ သူတို့ လိုက်နာကြတယ်။ ဒါကြောင့် အချိန်မှန်တယ်။ ဒါကို ကျွန်တော် တော်တော်ကျေနပ်တယ်။

သင်တန်းသားတွေကို အခုလို အချိန်ကိုက်ဖြစ်အောင် ခန်းမဝင်၊ ထွက်လုပ်ထားတဲ့အကြောင်း ကျန်တဲ့နည်းပြတွေကိုလည်း ပြောပြအကူအညီတောင်းပြီး ဆောင်ရွက်တာမို့ သင်တန်းသားတွေ အချိန်နဲ့တစ်ပြေးညီစုံလင်၊ နည်းပြတွေ အချိန်ကိုက်ရောက်၊ သင်တန်းချိန်စနစ်တကျ သင်ကြား၊ ပို့ချနဲ့ ကျွန်တော်ကတော့ ကျန်တဲ့သင်ခန်းစာတွေ၊ မှတ်သားစရာတွေ သူတို့ရသွားတာအပြင် အခုလို အချိန်ကိုလေးစားတဲ့ သင်တန်းတစ်ခုအဖြစ် စီမံနိုင်ခဲ့တာကို ပိုကျေနပ်တယ်၊ ပိုအားရတယ်ဗျ။

ကျွန်တော့်အနေနဲ့ အခမ်းအနားတွေ၊ ပွဲလမ်းတွေ တက်ရချိန်မှာ အချိန်ကိုက် သဘာပတိရောက်မလာတာ၊ တက်ရောက်မယ့် လူ၊ ဆွေးနွေးမယ့်လူ နောက်ကျနေတာနဲ့ကြုံရင် ကျွန်တော်နဲ့ မဆိုင်ပေမယ့် ကြားထဲကနေ သူတို့ကိုယ်စား ချွေးပြန်နေပြီ။

နိုင်ငံခြားသားတွေပါ တက်တဲ့အခမ်းအနား၊ အစည်းအဝေးမှာ သူတို့က စောင့်နေရပြီး အချိန်ကိုက်မလုပ်တဲ့၊ အချိန်ကို မလေးစားတဲ့သူတွေကြောင့် အစီအစဉ် မစနိုင်သေးရင် ကျွန်တော်ရှက်နေပြီ။ တစ်မျိုးသားလုံးကို အထင်အမြင်သေးခံရတော့မယ်ဆိုပြီး ကျွန်တော့်မှာ အနေခက်နေပြီ။ ဒါက အပိုပြောတာ မဟုတ်ဘူး။

အချိန်တွေပေါ်တဲ့ မြန်မာတွေ အချိန်ကို လေးစားတဲ့လူမျိုး ဖြစ်စေချင်တာပါ။ ကျွန်တော်က ရှေးဘယ်နှခုနှစ်လောက်ကတည်းက ဖြစ်ခဲ့မှန်းမသိတဲ့ ကိုယ်စချင်တဲ့ အချိန်မှ စ၊ ကိုယ်လုပ်ချင်တဲ့အချိန်မှ စပြီး ခုတုံးလုပ်ခံရတဲ့ "မြန်မာစံတော်ချိန်လေ" ဆိုတာကြီးကို ခံရအခက်ဆုံးပါ။

ကျွန်တော့်မှာ အားသာချက်တော်တော်များများ မရှိပါဘူး။ ဒါပေမယ့် အချိန်နဲ့ ပတ်သက်လာရင် အလေးထားတာ၊ လေးစားတတ်တာလေးတစ်ခုကိုတော့ ငယ်ငယ်ကတည်းက ကျင့်သားရထားတယ်။ ဒါကို ဂုဏ်ယူမိတယ်။

**ကိုဒင်ရေ .**

ကျွန်တော် ထားဝယ်မှာ နေခဲ့တုန်းက ကျွန်တော့်ဆရာ ဦးမြင့်ကို ပြောဖူးတယ်။ နယ်မြေခံတာဝန်ရှိတဲ့သူက သူတို့ကို တနင်္လာ၊ သောကြာ အစည်းအဝေးဆိုပြီး နံနက် ၈ နာရီတိုင်း သတ်မှတ်ခေါ်ထားတယ်။

"ငါတို့ကို သူစရောက်တဲ့အချိန်ကတည်းက မနက် ၈ နာရီဆိုပြီး တစ်ပတ်ကို နှစ်ရက် အစည်းအဝေးခေါ်ထားတယ်။ ဒါပေမယ့် အခု နှစ်နှစ်ကျော်ပြီ။ ဘယ်တော့မှ ၁၀ နာရီထက်စောပြီး အစည်းအဝေးမစဖူးဘူး။ ငါတို့မှာ ၈ နာရီ ထိုးခါနီးရောက်၊ ဟိုဌာနတာဝန်ခံ၊ ဒီဌာနတာဝန်ခံနဲ့ အချင်းချင်းနှုတ်ဆက်၊ အာလာပ သလ္လာပပြော၊ ပြီးတော့ ငါးမိနစ်၊ ဆယ်မိနစ်နေရင် ကိုယ့်နေရာ ကိုယ်ထိုင်စောင့်၊ ပျင်းလောက်အောင်စောင့်ပြီး ငါတို့တွေ နွမ်းနယ်နေတဲ့အချိန်၊ ငြီးငွေ့သွားလောက်တဲ့အချိန်၊ ငါတို့ အကျောတွေ ညောင်းသွားတဲ့အချိန်ကျမှ သူက ဒေါင်းတင်မောင်းတင်နဲ့ ဝင်လာပြီး ဆွေးနွေး၊ ငါတို့က ထိုင်းမှိုင်းနေပြီလေ။ သူပြောတာ ခေါင်းညိတ်၊ လက်ခံ၊ ဆုံးဖြတ်နဲ့ အစည်းအဝေးပြီးသွားရော။

"တကယ်ဆို အစည်းအဝေးအချိန်ကို ပြောင်းလိုက်ပေါ့။ မပြောင်းတော့ ၈ နာရီ သတ်မှတ်ထားတာမို့ ငါတို့ကလည်း ၈ နာရီကျော်အောင် မနေရဲဘူး။ ၁၀ နာရီလောက်မှ စနေကျလေဆိုပြီး မလျှော့ရဲဘူး။ ငါတို့ကို တမင်တကာ ချိုးနှိမ်ထားတဲ့ သဘောလုပ်တာကို နောက်တော့မှ သတိထားမိတယ်။ ငါတို့ သူ့ကို မလှန်ရဲ၊ မကျောရဲအောင် ပညာပေးထားတာပဲ။ သူပြောသမျှလုပ်၊ သူဆုံးဖြတ်သမျှ ဟုတ်ကဲ့ပါခင်ဗျပဲ။ ဘာပဲဖြစ်ဖြစ် ငါတို့ရဲ့ အကြံဉာဏ်တွေ၊ တင်ပြချက်တွေ သူမလိုချင်လို့ လုပ်ခဲ့တဲ့အတွက်၊ သူတစ်ယောက်တည်းအကြံပြု၊ သူတစ်ယောက်တည်းဆုံးဖြတ်လုပ်သွားတဲ့အတွက် လုပ်ငန်းမှာ မအောင်မြင်ဘူးပေါ့"တဲ့။

**ကိုယ့်အချင်းချင်း ချိုးနှိမ်ပြီး လက်အောက်ကို ကိုယ့်ထက် မသာစေ၊ မထက်မြက်စေအောင် မလုပ်ကောင်းဘူးမဟုတ်လားကိုဒင်။ ဒါက ပေါ့သေးသေးတွေး၊ ပေါ့သေးသေးတွက်လို့မရဘူး။ တိုင်းပြည်ရဲ့ အနာဂတ်နဲ့ ချိပြီးဆိုင်တဲ့ ကိစ္စမျိုးလို့ ကျွန်တော်ထင်တယ် ကိုဒင်ရဲ့။**

အဲဒီလို အချိန်ကိုမလေးမစားလုပ်တဲ့အတွက် ကျန်တဲ့ ဌာနဆိုင်ရာတွေရဲ့ အလုပ်အကိုင်တွေပျက်၊ ဆက်စပ်နေတဲ့လူတွေရဲ့ အလုပ်တွေ တုံ့ဆိုင်း၊ နောက်ကျ၊ အချိန်ကို သေချာမစီမံတဲ့အတွက် ဆုံးရှုံးမှုတွေက တွက်ဆလို့ကို မရနိုင်ဘူးလို့ ကျွန်တော် မြင်တယ်။

ကျွန်တော်က ဟိုးငယ်ငယ်ကတည်းက ကျောင်းချိန်၊ ကျူရှင်ချိန်၊ ကုန်ကုန် ပြောရရင် သူငယ်ချင်းနဲ့ ချိန်းတဲ့အချိန်တောင် နောက်ကျမှာ သိပ်စိုးရိမ်တာ။

ဒါပေမယ့် သိလား ကိုဒင်ရ။

တချို့က အချိန်ကို ခေါင်းထဲမှာ ဘာမှစဉ်းစားမထားဘူး။ အချိန်ကို မလေးစားတဲ့၊ အလေးမထားတဲ့ လူအမျိုးမျိုးတွေ့ဖူးတယ်။ အစည်းအဝေး မနက် ၁၀ နာရီ ခေါ်ထားရင်၊ အခမ်းအနားက ၁၀ နာရီ စမယ်ဆိုရင် နာရီဝက်၊ တစ်နာရီလောက် ခရီးရှိလည်း အဲဒီ စပါမယ်ဆိုတဲ့အချိန်မှ ထွက်လာတတ်တဲ့သူရှိတယ်။ အချိန်ကို ကြိုမတွက်ဘူး။ အချိန်နဲ့ အကွာအဝေးကို တွက်မထားဘူး။ ခေါင်းထဲမှာလည်း မရှိဘူး။ သူရောက်ရင် စမယ်၊ သူရောက်ရင် လူစုံပြီ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ လူတစ်မျိုးပေါ့။

တချို့က မနက် ၁၀ နာရီ ခေါ်ထားတာ၊ ကြိုရောက်ပေမယ့် ငြိမ်ငြိမ်ထိုင်မနေဘူး။ စာအုပ်ကလေး၊ မှတ်စုကလေးချ၊ နေရာလေးမှတ်ပြီး လျှောက်သွားနေမယ်၊ ဟိုနားမတ်တတ်၊ ဒီနားမတ်တတ်နဲ့ စကားရောဖောရောလျှောက်လုပ်နေမယ်။ လူကြီးထက် အရင်ဝင် နေရာယူထားဖို့၊ သူကိုယ်တိုင် ဦးစီးဦးဆောင်သူဖြစ်လည်း အချိန်ကိုက်စတင်ဖို့ စိတ်ကူးမရှိဘူး။ တခြားစောင့်နေတဲ့ ပရိသတ်ကို မလေးစားဘူး၊ ဂရုမစိုက်ဘူး။ ဒီလို လူမျိုးလည်းတွေ့ဖူးတယ်။

တစ်ခါတစ်ရံ ထင်မှတ်မထားတဲ့ ကြားဖြတ်အစီအစဉ်တွေ၊ အရေးကြီးအခြေအနေတွေ ရှိတတ်ပါတယ်။ အဲဒီလို အခါမျိုးမှာ နောက်ကျတတ်ပါတယ်၊ နောက်ကျနိုင်ပါတယ်။ ဒါပေမယ့် နောက်ကျတာကို အကျိုးအကြောင်း မရှင်းပြဘဲ အစည်းအဝေး တန်းဝင်၊ အခမ်းအနားတန်းစလုပ်တာမျိုးကလည်း မဖြစ်သင့်ဘူး ကိုဒင်ရ။ ဘာပဲဖြစ်ဖြစ် အချင်းချင်းလေးစားမှုရှိရမယ်လေ။ နောက်ကျရတာကို ရှင်းပြတာက နိုင်ငံကြီးသားပီသတဲ့ အလုပ်ဗျ။

**ကိုဒင်ရေ .**

လမ်းဖွင့်ပွဲ၊ ကျောင်းဖွင့်ပွဲစတဲ့ အချို့ဖွင့်ပွဲ အခမ်းအနား တက်ရောက်တဲ့သူတချို့နဲ့ တွေ့ဖူးတယ်။ အခမ်းအနားက နံနက် ၈ နာရီ စမယ်ဆိုပါစို့။ တစ်ယောက်ပြီး တစ်ယောက် အချိန်ကို ခိုးယူလိုက်တာ၊ အဆင့်ဆင့်အချိန်တွေ လျှော့လာလိုက်တာ ၅ နာရီအရောက်ဆိုပြီး အခေါ်ခံရတာမျိုးရှိတယ်တဲ့။

သူတို့ စရောက်ရောက်ချင်းတော့ ဟိုဘက်ရပ်ကွက်၊ ဒီဘက်ရပ်ကွက်၊ ဟိုဘက်ရွာ၊ ဒီဘက်ရွာ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေ နှုတ်ဆက်ကြ၊ စကားစမြည်ပြောကြပေါ့။ ပြီး တစ်နာရီ၊ နှစ်နာရီလည်းကြာရော သူတို့ ညောင်းသွားပြီ၊ အီသွားပြီ၊ ငြီးငွေ့သွားပြီ။

စောင့်ပေတော့ နောက်ထပ် တစ်နာရီ၊ နှစ်နာရီ။ ဖွင့်ပွဲလုပ်တဲ့အချိန်လည်း ရောက်ရော သူတို့စိတ်လက်က မကြည်သာတော့ဘူး။ ပြောသမျှ ဘာမှစိတ်မဝင်စားနိုင်တော့ဘူး၊ နားထဲမဝင်တော့ဘူး။ ညောင်းညာနေပြီ၊ အိပ်ငိုက်နေပြီ။ ဒါဆို ဒီအခမ်းအနားတစ်ခုက အောင်မြင်တယ်လို့ ပြောလို့ရပါ့မလား။

စီစဉ်တဲ့သူတွေဘက်က ကြည့်ရင်လည်း ၅ နာရီကတည်းက ရောက်တဲ့သူရောက်ပေမယ့် အခမ်းအနားစခါနီးအထိ တဖွဲဖွဲလာတဲ့သူကလာတုန်း။ ဒီလောက်ကြိုခေါ်ထားတာတောင် အခမ်းအနားစမယ့် အချိန်ထိ လူမစုံတော့ နောက်တစ်ခါ အခမ်းအနား ၈ နာရီ စမယ်ဆိုရင် ၄ နာရီခေါ်မှ ရမယ်လို့ သူတို့တွက်နေပြီ။

မှန်ပါတယ်။ တချို့ကလည်း ၈ နာရီ အခမ်းအနားစမယ်လို့ ကြိုပြောပြီး ခေါ်ထားတာတောင် ၈ နာရီထိုးမှ ထွက်လာတဲ့၊ ရောက်လာတဲ့သူတွေရှိတော့ စီစဉ်တဲ့ သူရဲ့အပြစ်လည်း မဟုတ်ပြန်ဘူး။ **အချိန်ကို လူတိုင်း အလေးထားတဲ့ စရိုက်တစ်ခုကို လူမျိုးတစ်မျိုးလုံးအတွက် ကျောင်းတွေမှာ စာသင်ကြားစကာလကလေးဘဝကတည်းက ရိုက်သွင်းဖို့ လိုနေတာလို့ ကျွန်တော်ထင်တယ်။**

တချို့ကလည်း ရှိတယ်ဗျ။ အရင်ရောက်တဲ့လူ၊ အချိန်ကို လေးစားတဲ့လူက ရောက်နေပြီ၊ ထိုင်နေပြီ၊ ရှိနေပြီ။ အဲဒီမှာ နောက်ကျတဲ့လူတွေ မရောက်သေးတဲ့အပေါ် အကြောင်းပြုပြီး ဆူတာ၊ ပူတာ၊ ကြိမ်းမောင်းတာ လုပ်တတ်ကြတယ်ဗျ။ တကယ်ဆို နောက်ကျတာက သူတို့မဟုတ်ဘူးလေ။ သူတို့ကို အပြစ်တင်စကားပြောလို့မရဘူးလေ။ စည်းစောင့်ရမယ်။ ကိုယ့်ဒေါသကို ဒီလိုဖြေလိုက်တော့ စောရောက်တဲ့သူ အပြောခံရတယ်ဆိုပြီး စိတ်ဓာတ်ပျက်သွားမှာမျိုးကို သတိထားကြရမယ်ဗျ။

ကျွန်တော်ကတော့ အားနာစိတ်ထားနဲ့ သူတို့ဘာသာပြင်ကြဆိုတာမျိုးလုပ်တယ်။ ဦးစီးဦးဆောင်သူတစ်ဦးအနေနဲ့ တက်ရောက်ရတဲ့ အခမ်းအနား၊ အစည်းအဝေးဆိုရင် အချိန်ကိုက်ရောက်ဖို့ ကျွန်တော်အားထုတ်မယ်။ အချိန်မှန်စဖို့စီစဉ်မယ်။ လူမစုံသေးဘူးတို့၊ အကုန်ရောက်မလာကြသေးဘူးတို့ဆိုလည်း ကျွန်တော်မစောင့်ဘူး။ သူတို့တဖွဲဖွဲဝင်လာပါစေ။ ကျွန်တော်လိုအပ်ရင် ဒုတိယအကျော့၊ တတိယအကျော့ ပြန်ပြောမယ်။ အားနာစိတ်နဲ့အချိန်ကို လေးစားတန်ဖိုးထားလာဖို့ သင်ပေးတဲ့သဘောပါ။ လူစုံမှအစည်းအဝေးစမှာ မဟုတ်ဘူး။ သတ်မှတ်အချိန်မှာ အစည်းအဝေးစတယ်ဆိုတာကို သူတို့သိအောင် စံနမူနာပြပေးတယ်။

ပြီးတော့ ကျွန်တော်ပါဝင်စီစဉ်ရတဲ့ အခမ်းအနား၊ အစည်းအဝေး၊ ပွဲလမ်းသဘင်ဆိုရင် စမှာက ဘယ်အချိန်၊ ဒါကြောင့် လူစစ်ရမှာ၊ အမည်စာရင်းမှတ်ပုံတင်ရမှာ၊ ကြိုတင်မှာစရာရှိတာမှာရမှာမို့ ၁၅ မိနစ်လား၊ နာရီဝက်လား၊ တစ်နာရီလား ကြိုလာဖို့ မှာမယ်။ လုံလောက်တဲ့ အချိန်ကိုပဲ ယူမယ်။ ဒီ့ထက်စောဖို့ ဘယ်တော့မှ မစဉ်းစားဘူး။

**လက်အောက်က စီစဉ်ရသူကိုလည်း ကြိုမှာတယ်။ ဒီလောက်ပဲ ကြိုခေါ်ပါ။ အချိန်အများကြီး ကြိုခေါ်ရင် သူတို့တွေ အကျောညောင်းပြီး ဥက္ကဌ၊**



ဆွေညီ

**သဘာပတိ စကားပြောချိန်မှာ ငြီးငွေ့နေမယ်၊ အီနေမယ်၊ အိပ်ငိုက် နေမယ်။ ဒါဆိုရင် ဥက္ကဌအပေါ်၊ သဘာပတိအပေါ် ငါတို့ကသစ္စာမရှိသလို ဖြစ်နေမယ်။ ဒါကြောင့် အချိန်ကို ဒီ့ထက်စောပြီး မခေါ်ရဆိုပြီး ကန့်သတ်ပေးလိုက်ရတယ်။**

ဒီ့ပြင်ဆို အဆင့်ဆင့်က risk မယူချင်တာနဲ့ ၁၅ မိနစ်၊ နာရီဝက်စီ ခိုးလိုက်ရင် အောက်ကအဖွဲ့တွေ ဒုက္ခရောက်တော့မှာလေ။ ဒါကို ကျွန်တော်တို့ ဂရုစိုက်ရမယ်၊ သတိထားရမယ် ကိုဒင်ရ။

ဒီလိုမျိုး အများစုရဲ့ အကျင့်ကို ပြင်ဖို့၊ ငယ်ငယ်ကတည်းက စွဲစွဲမြဲမြဲ မရှိခဲ့တဲ့ စနစ်တစ်ခုကို ပြောင်းလဲဖို့ဆိုတာ လွယ်တော့မလွယ်ပါဘူး ကိုဒင်။ ဒါပေမယ့် အထက်မှာ ရေးခဲ့သလို **စာသင်ကျောင်းတွေမှာ ဆရာ ဆရာမက အချိန်ကို အလေးထားတတ်အောင်၊ လေးစားအောင် ကျောင်းသား ကျောင်းသူတွေကို သင်ပြပေးမယ်၊ ကိုယ်ကိုယ်တိုင်လည်း စံနမူနာပြ အလေးထားမယ်၊ ကျောင်းအခမ်းအနားတွေကအစ ဒါမျိုးတွေကို ကျင့်ယူ၊ စည်းစနစ်နဲ့လုပ်မယ်ဆိုရင် ဒါမျိုးက အလေ့အကျင့်ကတစ်ဆင့် အလေ့အထဖြစ်သွားကြမှာ၊ ဘဝတစ်သက်တာ စွဲမြဲပါသွားကြမှာ မဟုတ်လား။**

**တိုးတက်ဖွံ့ဖြိုးတဲ့၊ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတိုင်း၊ နိုင်ငံသားတိုင်းကတော့ အချိန်ကို လေးစားတာ၊ အလေးထားကြတာ အမှန်ပဲ ကိုဒင်။**

ဟိုးအရင်က နောက်ကျပြီဆိုရင်၊ အချိန်ကိုက်၊ အချိန်မှန် မဖြစ်ရင် ခုတုံးလုပ်ပြောဆိုခဲ့ကြတဲ့ **"မြန်မာစံတော်ချိန်လေ"** ဆိုတာမျိုးအစား သေချာတဲ့၊ မှန်ကန်တဲ့၊ ဂုဏ်ယူစရာကောင်းတဲ့ အချိန်လေးစားမှုတစ်ခုကို ကျွန်တော်တို့ ဝန်းကျင်တွေမှာ တစ်စတစ်စပွားယူပြီး ကောင်းတဲ့ အလေ့အကျင့်လေးတစ်ခုကို မျိုးဆက်သစ်တွေလက်ထဲ လက်ဆင့်ကမ်းလိုက်ချင်တော့တာပါပဲ ကိုဒင်ရေ။ ။





# Ammy Awards ဆုပေးပွဲအတွက် အမည်စာရင်းတင်သွင်းခြင်းခံရတဲ့ ခေါင်းဆောင်မင်းသမီးနှစ်ဦး

Game of Thrones ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ခဲ့သော အလှဘုရင်မနှစ်ဦးဖြစ်သည့် အီမီလာ ကလာခဲနှင့် လီနာဟတ်ဒီတို့နှစ်ဦးသည် (၆၇) ကြိမ်မြောက် Ammy Awards အကယ်ဒမီဆုပေးပွဲတွင် အကောင်းဆုံးသရုပ်ဆောင်ဆုရရှိရန် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရပြီး နှစ်ဦးစလုံးကလည်း စာရင်း၏ထိပ်ဆုံးတွင် အပြိုင်ဦးဆောင်နေကြကြောင်း ဇူလိုင် ၁၆ရက်က ကျင်းပခဲ့သောအကြိုတွေ့ဆုံပွဲအပြီး ထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၂၈)နှစ်အရွယ်ရှိ အီမီလာသည် အဆိုပါရုပ်ရှင်တွင် ဒနဲရစ်တာဂါးယန်းအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ (၄၁)နှစ်အရွယ် လီနာကဘုရင်မ ဆာဆီလန်နစ်စတာနေရာမှ သရုပ်ဆောင်ထားသည်။

သူတို့နှစ်ဦးစလုံးသည် အမ်မီဆုကို တစ်ကြိမ်စီရရှိခဲ့ဖူးသော သူများဖြစ်ကာ အီမီလာက လွန်ခဲ့သည့် နှစ်နှစ်က ရရှိခဲ့ခြင်းဖြစ်ကာ လီနာကမူ အဆိုပါဆုကို ပြီးခဲ့သည့်နှစ်က ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်က သူ၏ဒုတိယရင်သွေးလေးကိုမွေးဖွားခဲ့သော လီနာက ယခုကဲ့သို့ နာမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသည့်အတွက် အံ့ဩဝမ်းသာဖြစ်ရကြောင်းနှင့် အနုပညာလုပ်ငန်းဖြင့် အသက်မွေးရသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်မိကြောင်း ဆိုခဲ့သည်။

အဆိုပါရုပ်ရှင်တွင် တိုင်ရွှန်လန်နစ်စတာအဖြစ် တွဲဖက်ပါဝင်သရုပ်ဆောင်ထားသည့် (၄၆)နှစ်အရွယ်မင်းသား ပီတာဒင့်ကလေ့ချ်နှင့် လေဒီအိုလန်နာအဖြစ် သရုပ်ဆောင်ခဲ့သည့် (၇၆)နှစ်အရွယ် မင်းသမီးကြီး ဒေမီဒိုင်ယာနာ ရစ်ဂ်တို့သည်လည်း အခြားသော ဆုများအတွက် အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

ယင်းဆုပေးပွဲကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်ရှိ မိုက်ကရိုဆော့ဖ် ပြဇာတ်ရုံ၌ နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကာ "Fox"ရုပ်သံလိုင်းမှ အဆိုပါဆုပေးပွဲကို ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

# အတွေးများစွာပေးနေဆဲဖြစ်သော ဂျက်စတင်ဘီဘာ – ဆယ်လီနာဂိုမက်ဇ် ဆက်ဆံရေး

ဆယ်လီနာနဲ့ ဂျက်စတင်ဘီဘာတို့နှစ်ဦးဟာ တစ်ချိန်ကဟောလိဝုဒ်မှာနာမည်ကျော်ကြားခဲ့တဲ့ စုံတွဲတစ်တွဲပါ။ သူတို့နှစ်ဦး လမ်းခွဲခဲ့ပြီးနောက် တစ်ယောက်နဲ့တစ်ယောက်မိတ်ဆွေသဘောမျိုး ဆက်ဆံတာ တောင် မတွေ့ရတော့ပါဘူး။

ဒါပေမယ့် ပြီးခဲ့တဲ့သီတင်းပတ်က သူတို့နှစ်ဦးကို ရေကူးကန်တစ်ခုမှာအတူတွဲမြင်ခဲ့ရပြီးနောက် ပရိသတ်တွေက သူတို့ပြန်လည်လက်တွဲသွားပြီလို့ထင်ခဲ့ပါတယ်။ လတ်တလော ဂျက်စတင်မှာရော ဆယ်လီနာမှာပါ တွဲနေတဲ့ချစ်သူမရှိတော့ သူတို့ရဲ့ ပြန်လည်ပေါင်းစည်းခြင်းကိုလည်း အမှန်တကယ်ဖြစ်စေလိုကြပါတယ်။

ဆယ်လီနာနဲ့ရင်းနှီးတဲ့သူငယ်ချင်းတစ်ယောက်ရဲ့ပြောကြားချက်အရတော့ ဆယ်လီနာနဲ့ ဂျက်စတင်တို့ဟာ မိတ်ဆွေတွေလို သာမန်ခင်မင်မှုမျိုးသာရှိကြပြီး ချစ်ရေးချစ်ရာဆန်ဆန်ပတ်သက်မှုမျိုး လုံးဝမဟုတ်ကြောင်း Peopleမဂ္ဂဇင်းက ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် အချို့သော ပရိသတ်တွေရဲ့အဆိုအရ သူတို့နှစ်ဦးကို ထမင်းအတူစားနေတာမျိုး၊ ဘုရားကျောင်းမှာ အတူတွေ့ခဲ့တာမျိုးတွေလည်းရှိတယ်လို့ ဆိုပါတယ်။ ဘယ်သူတွေဘယ်လိုပဲဆိုဆို ဂျက်စတင်နဲ့ဆယ်လီနာတို့နှစ်ဦးစလုံးကတော့ သူတို့နှစ်ဦးကြားက ဆက်ဆံရေးနဲ့ ပတ်သက်လို့ တစ်ခွန်းတစ်ပါဒမျှဖွင့်ဟပြောကြားခြင်းမျိုးမရှိသေးပါဘူး။ ဒါကြောင့်လည်း ပရိသတ်များအဖို့ သူတို့နှစ်ဦးလက်တွဲပြီလား၊ တကယ်မိတ်ဆွေတွေပဲလားလို့ အတွေးများနေရဆဲဖြစ်ပါတယ်။



## Bessies Awards ဆုအတွက် လျာထားခံရသူများစာရင်းတွင် ရွှေမန်းသဘင်ပါဝင်

အမေရိကန်နိုင်ငံ နယူးယောက်မြို့အခြေစိုက် Asia Society ဟု အမည်ရသော အာရှအသင်းတွင် ပြီးခဲ့သည့် ဧပြီလက လာရောက် ဖျော်ဖြေခဲ့သော ရွှေမန်းသဘင်သည် Bessies Awards ဟု လူသိများသည့် The New York Dance and Performance Awards (နယူးယောက်အကနှင့် ဖျော်ဖြေတင်ဆက်မှုဆု) အတွက် ပေးအပ်ချီးမြှင့်ရန်လျာထားခံရသူများစာရင်းတွင် ပါဝင်ခဲ့ကြောင်း ဇူလိုင် ၁၅ရက်က Dance/NYC တွင် ဖော်ပြခဲ့သော သတင်းအရ သိရသည်။

အဆိုပါဆုအတွက် လျာထားခံရသူများစာရင်းကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သော ဆုပေးပွဲကျင်းပရေးကော်မတီ၏ နှစ်ပတ်လည်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲအပြီးတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဆုပေးပွဲတွင် ဂီတနှင့် အကပညာရပ်ပိုင်းဆိုင်ရာဆုများကို အမျိုးအစား ငါးမျိုးခွဲကာ ပေးအပ်မည်ဖြစ်ပြီး ရွှေမန်းသဘင်အနေဖြင့် Outstanding Production (ထုတ်လုပ်မှု ထူးချွန်ဆု)အတွက် လျာထားခံရခြင်းဖြစ်ကာ ဆုအတွက် လျာထားခံရသူများကို အကဲဖြတ်ဒိုင်များက ရွေးချယ်ပေးခြင်းဖြစ်သည်။

ယခုနှစ်အတွက် ကျင်းပမည့် ၃၁ကြိမ်မြောက် Bessies Awards ဆုပေးပွဲကို အောက်တိုဘာ ၁၉ရက် (တနင်္လာနေ့) ညဂုနာရီခွဲတွင် နယူးယောက်မြို့ရှိ အပိုလို ပြဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

**အေးပြည့် - စုစည်းသည်။**

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၂ - ၇ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၁၅ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) "ဗုဒ္ဓပါဝစနာ"
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာသံဝေဂရယူပါ
- ၉း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၀း၃၅ စိမ်းစိုပြည်မည့်ကိုးခရိုင်မြေ
- ၅း၄၀ ဂီတမဟာပျော်စရာ
- ၁း၅၀ "အိပ်မက်ထဲကအတိုင်း"
- ၂း၃၅ "ရှေ့ဆက်လှမ်းမည့်ခြေလှမ်းများ"
- ၅း၂၀ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် လော့ရမ်မြို့သို့အလည်တစ်ခေါက်
- ၆း၁၅ သစ်တောသစ်ပင်ဝိုင်းဝန်း ကာကွယ်ထိန်းသိမ်းကြပါစို့
- ၇း၃၅ လေ့လာမှတ်သားရွှေးကောက်ပွဲဆိုင်ရာများ(အပိုင်း-၂) -သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေမြန်မာဟားညီအစ်ကိုအငြိမ့်" (မင်းသမီး-ဇာနည်အောင်၊ လူရွှင်တော်-လိုင်ဘွား၊ ဝမ်းတူး၊ မိုးလေး၊ ဂျယ်လီ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Chammel

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ
- ၆း၂၀ ပြည်သူ့နီတိ "ကိုဘဦးက ပထမ"
- ၆း၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၈)
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၁၆)
- ၉း၂၅ နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၉း၃၅ မြန်မာရုပ်ရှင် (ဖြူ/မဲ) "အားနွဲ့သူပါရှင်"

**တစ်နေ့ ၆ နာရီစာ လေးကြိမ်ပြသပါမည်။**

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၅၇)
- ၆း၀၆ Amazing Cities
- ၆း၁၅ Meet With The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း အပိုင်း(၁၀) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၁၀)

## MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၁၁း၀၅ ဟင်းချက်ရအောင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၈)
- ၈း၁၅ ရသစုံညွှန်းတမ်းများ
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှ ပွင့်သောပန်း" (အပိုင်း-၃၁)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၁၂)
- ၁း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှ ပွင့်သောပန်း" (အပိုင်း-၃၁)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၁၂)
- ၄း၃၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ [အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာတွင် ကိန်းဝပ်စံပယ် လျက်ရှိသောရှေးဟောင်းရုပ်ပွားတော်များအကြောင်း] (အပိုင်း-၂)

## mitv

- A Lucky Boy
- Strolling Along A Memory Link - U Pein Bridge
- Entrepreneur - U Nyan Lin
- A Visit To Ye
- Kayin Child Boxer
- Around The Maha Boditahtaung
- Moving Meditation: Aikido
- Myanmar Alternative Medicine (Noni)
- Amazing: Magician Sak Kaw Ma
- Great Minds of Myanmar (Anthropologist U Kyaw Win)
- Alaungdaw Kathapa
- YUFL
- Myanmar Delicate Artistic Handy Creations- Lacquareware Making
- The Chef "Kyi Soe"
- Climate Context: Signs of Climate Change (Episode-1)
- Wet Markets in Yangon: Shwe Pa Dauk Fish Market
- Entrepreneur: Nan Ei Ei Zar
- On the River
- The Strokes of Myanmar
- Tea
- Myanmar Toys… for your eye-catching
- Aesthetic Chinlone

**အားကစား**

## တင်းနစ်အားကစား ဒိုင်လူကြီးနှင့် ပြိုင်ပွဲကြီးကြပ်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ဒိုင်လူကြီးနှင့် ပြိုင်ပွဲကြီးကြပ်မှု သင်တန်း (Officiating Workshop) ကို ဇူလိုင် ၂၄ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းသို့ ကလပ်အသင်းတစ်သင်းလျှင် တစ်ဦးဖြစ်ပြီး မျက်စိအားကောင်းသူ၊ တင်းနစ်ဥပဒေပိုင်းကို သိကျွမ်းထားသူနှင့် English Skill၊ Computer ကျွမ်းကျင်သူဖြစ်ပါက အဆင်ပြေမည်ဖြစ်သည်။

သင်တန်းသို့ တက်ရောက်လိုသူများသည် ဇူလိုင် ၂၃ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဦးမောင်မောင်လေး ဖုန်း-၀၉-၅၁၇၂၈၀၆၊ ဦးသိန်းအောင် ဖုန်း-၀၉-၅၁၁၈၀၀၀၊ မပပဖြိုး ဖုန်း ၀၉-၂၅၀၀၂၀၀၅၄၊ ရုံးဖုန်း-၀၁-၃၇၂၃၆၀တို့သို့ ဆက်သွယ်ကာ အမည်စာရင်းပေးနိုင်သည်။

သင်တန်းသားများနေထိုင်မှု၊ စားသောက်စရိတ်များကို ဇူလိုင် ၂၄ ရက်မှ ၂၉ ရက် သင်တန်းပြီးဆုံးသည့်ကာလအထိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန် ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ကျိုက်ထိုမြို့နယ်တွင် TSDP အစီအစဉ်အရ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကျိုက်ထို ဇူလိုင် ၂၁**

ကျိုက်ထိုမြို့နယ်(TSDP) အရ ကျင်းပသည့် အားကစားပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီတွင် ကျိုက်ထိုမြို့နယ် အားကစားကွင်း၌ကျင်းပခဲ့သည်။

အခမ်းအနားတွင်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးပွဲစဉ်ကို ကျင်းပရာ ပွဲဦးထွက်အဖြစ် တောင်သူစုရပ်ကွက်နှင့်သိမ်ဇရပ်ကျေးရွာတို့ ယှဉ်ပြိုင်ကစားရာ တောင်သူစုရပ်ကွက်မှသိမ်ဇရပ်ကျေးရွာအားတစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ယခုဖွင့်လှစ်သည့်(DSDP)ဖွင့်ပွဲတွင်ပါဝင်သည့်အားကစားနည်းများမှာ ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် တာဝေးအပြေးပြိုင်ပွဲတို့ပါဝင်ကြောင်းသိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## အာဂျင်တီးနားဂိုးသမား ရိုမဲယိုးအားခေါ်ယူရန် မန်ယူစီစဉ်

အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီမတိုင်မီ ဆမ်ဒိုးရီးယားအသင်း၏ အာဂျင်တီးနားလက်ရွေးစင်ဂိုးသမား ဆာဂျီယိုရိုမဲယိုးအားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။

မန်ယူအသင်း၏ နည်းပြဖြစ်သူ လူးဝစ်ဗန်ဟားလ်မှာ အသင်းမှထွက်ခွာရန် နီးစပ်နေသည့် ဒုတိယဦးစားပေး ဂိုးသမားဖြစ်သူ ဗဲလ်ဒက်ဇ်၏နေရာတွင် အစားထိုးရန် ရိုမဲယိုးအား ခေါ်ယူလိုနေခြင်းဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း တရားဝင်ကမ်းလှမ်းမှုများစတင်ပြုလုပ်သွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။ ထို့ပြင် မန်ယူအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီအတွင်း အရည်အသွေးမြင့် ထိပ်တန်းအဆင့်ဂိုးသမားတစ်ဦးကို မဖြစ်နေခေါ်ယူရန် စီစဉ်လျက်ရှိပြီး ၎င်းအပြင် စပါးအသင်း၏ ဂိုးသမားဖြစ်သူ ဟူဂိုလိုရစ်နှင့် အေဂျက်ဇ်ဂိုးသမား ဆီလက်ဆန် တို့ကိုပါစောင့်ကြည့်နေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

မန်ယူအသင်းမှာ ရိုမဲယိုးအတွက် ပေါင် ၅ သန်းခန့်ဖြင့်ခေါ်ယူသွားရန် အသင့်ရှိနေပြီး လာမည့်ရက်အနည်းငယ်အတွင်း စာချုပ်ချုပ်ဆိုသွားရန် ပြင်ဆင်နေကြောင်းသိရသည်။ အသက် ၂၈ နှစ်အရွယ်ရှိ အာဂျင်တီးနားလက်ရွေးစင် ဂိုးသမားရိုမဲယိုးမှာ ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ကိုပါအမေရိကဖလားတို့တွင် အာဂျင်တီးနားအသင်းနှင့်အတူ အထူးလက်စွမ်းပြသခဲ့သူဖြစ်ပြီး ပြိုင်ပွဲနှစ်ရပ်စလုံး၌ အသင်းအား ဗိုလ်လုပွဲသို့ရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ **ကိုရဲ**

## အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ အားကစားပြိုင်ပွဲများ မြဝတီမြို့တွင်ကျင်းပ

**မြဝတီ ဇူလိုင် ၂၁**

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP) အရ ကျင်းပသော ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို မြဝတီမြို့နယ်အားကစားကွင်းတွင် ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲများ ဖွင့်ပွဲသို့ ကရင်ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး၊ အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး၊ ပြည်နယ်အား/ကာဦးစီးဌာနမှူး ဦးအေးလွင်တို့က အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေ ပေးအပ်ရာ မြို့နယ်အား/ကာဦးစီးဌာနမှူး ဦးသိုင်းထွန်းဇော်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ငွေအားလူအားများဖြင့် ကူညီပံ့ပိုးပေးသည့် ပိန်စွန်ကုမ္ပဏီနှင့် စင်းဂါးကုမ္ပဏီတို့အား ခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



**မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရကျင်းပသော သန်လျင်မြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၂၁ ရက်က သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ ပထမဆုရ မြို့မတောင်ရပ်ကွက်အသင်းအား မြို့နယ်အား/ကာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့် ဆုဖလားချီးမြှင့်စဉ်။** သန်းဝင်း(သန်လျင်)

## တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာတွင် ဝါဆိုဖလား(အမျိုးသား)ဘောလုံးပြိုင်ပွဲကျင်းပ

တပ်ကုန်း ဇူလိုင် ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာတွင် ကျေးချောင်းကျေးရွာအုပ်စုဥက္ကဋ္ဌက ကြီးမှူးကျင်းပသော ကျောင်းရွာကျေးရွာအတွင်း ဝါဆိုဖလား(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)က မူလွန်အမှတ်(၂၁)ကျောင်းရွာဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျေးရွာအတွင်းမှ လူငယ်ကစားသမားများ အဆင့်အတန်းမီ တိုးတက်ကစားနိုင်ရေးနှင့် ကျေးရွာအဆင့်မှမြို့နယ်အဆင့်၊ မြို့နယ်အဆင့်မှ ခရိုင်၊ တိုင်းဒေသကြီးအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ကစားစေနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ကျေးချောင်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဇော်က ပြောပြသည်။

ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ကျေးရွာလူငယ်ဘောလုံးအသင်းနှင့် CR-7 ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ CR-7 အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဘို**

## ဒေါ့မွန်ကွင်းလယ်ကစားသမား၊ မာကိုရုစ်အား လီဗာပူးခေါ်ယူရန် စီစဉ်



ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ်ဒေါ့မွန်အသင်းမှ ဂျာမနီကွင်းလယ် ကစားသမားမာကိုရုစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိပြီး အဆိုပါ ကွင်းလယ်ကစားသမားအား ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လီဗာပူးအသင်းသည် တောင်ပံကစားသမား စတာလင်ကို ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်း ဖြင့် ရောင်းချခဲ့ပြီးနောက် အသင်းကို ပြန်လည်အားဖြည့်ရန်အတွက် ဒေါ့မွန်ကွင်းလယ်ကစားသမား မာကိုရုစ်အားခေါ်ယူရန် ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာအနေဖြင့်ကွင်းလယ်ကစားသမား မာကိုရုစ်အား ပြောင်းရွှေ့ကြေးပေါင် ၄၆ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း လီဗာပူးအသင်းထက် လက်ဦးမှုရရှိရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ကွင်းလယ်ကစားသမားမာကိုရုစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာကြောင့် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရသော်လည်း ယခုအပြောင်းအရွှေ့ဈေးကွက်တွင်မူ ဥရောပ၏ အလှုပ်ခတ်ဆုံးကစားသမားတစ်ဦးအဖြစ်ပေါ်ထွက်လာခဲ့ပြီး ပရီမီယာလိဂ်၏ အခြားသောကလပ်အသင်းများဖြစ်သည့် ချယ်လ်ဆီး၊ အာဆင်နယ်စသည့် အသင်းများကလည်း မာကိုရုစ်၏ အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်းသိရသည်။

ကွင်းလယ်ကစားသမား မာကိုရုစ်သည် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ဘောလုံးရာသီက ဒေါ့မွန်အသင်းနှင့်အတူ ပွဲပေါင်း ၂၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၁ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**ငွေကြယ်**

## မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၁**

မိတ္ထီလာတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲက တက္ကသိုလ်အားကစားခန်းမတွင် ကျင်းပကြောင်း သိရသည်။

၎င်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရူပဗေဒအသင်းနှင့် ဓာတုဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓာတုဗေဒအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် တစ်ဦးချင်းဆုများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေးက လည်းကောင်း၊ ဒုတိယဆုရ ရူပဗေဒအသင်းအား တစ်ဦးချင်းဆုများကို အားကစားပညာပေါင်းစပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနီနီအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း



ပြိုင်ပွဲတွင် (က) အုပ်စု ဘူမိဗေဒ၊ မြန်မာစာ၊ သမိုင်း (ခ)အုပ်စု ဓာတုဗေဒ၊ ရူပဗေဒ၊ ဒဿနိကဗေဒ၊ (ဂ)အုပ်စု သတ္တဗေဒ၊ အရှေ့တိုင်းပညာ၊ သင်္ချာ၊ (ဃ)အုပ်စု ပထဝီဝင်၊ ရုက္ခဗေဒ၊ အင်္ဂလိပ်စာ စုစုပေါင်း အုပ်စုလေးစု အသင်းပေါင်း ၁၂ သင်းက ဇူလိုင် ၁၆ ရက်မှ ၂၁ ရက်အထိ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

■

# တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပမည်

**ခဲ ကိုငွေး(ကနောင်)**

**ကောင်းမွန်သော ဘဝဦးတည်ချက်၊ ကြိုးပမ်းအားထုတ်လိုသော အသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှု၊ လူသား အချင်းချင်း ချစ်ကြည်ရင်းနှီးတတ်သော စိတ်ဓာတ်များ ပေါ်ထွန်းစေမှုမှာ အားကစား၏ တန်ဖိုးများပင်ဖြစ် . . .**

အားကစားသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်သည်။ အားကစားသည် နိုင်ငံတိုင်းအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရန် များစွာအထောက်အကူပြုနေပါသည်။ လူငယ် မောင်/မယ်များ၏ ကောင်းမွန်သော ဘဝဦးတည်ချက်၊ ကြိုးပမ်းအားထုတ်လိုသော အသိတရား၊ တာဝန်သိမှု၊ ငြိမ်းချမ်းရေးကို မြတ်နိုးတတ်မှု၊ လူသား အချင်းချင်း ချစ်ကြည်ရင်းနှီးတတ်သော စိတ်ဓာတ်များ ပေါ်ထွန်းစေမှုမှာ အားကစား၏ တန်ဖိုးများပင်ဖြစ်ပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းကို ပညာရေးနှင့် ဟန်ချက်ညီညီ တည်ဆောက်နိုင်ရေးအတွက်လည်း အားကစားက အထောက်အကူပြုပါသည်။ အထူးသဖြင့် လူငယ်မျိုးဆက် သစ်များကို ဗလငါးတန်ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရန်မှာလည်း အားကစားမှာ မရှိမဖြစ်သော အခန်းကဏ္ဍက ပါဝင်နေပါသည်။ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာစေရေးနှင့် အချိန် တိုကာလတစ်ခုအတွင်း မျိုးချစ်စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှု ရရှိစေရေးအတွက်လည်း အားကစားကဏ္ဍမှာ လွန်စွာအရေးပါနေသည်ဖြစ်ရာ အားကစားကဏ္ဍကို ပိုမိုမြှင့်တင်ရေးအတွက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။

တစ်ချိန်က မြန်မာ့အားကစားရွှေရောင်လွှမ်းသည့် ရွှေခေတ်ကို ရောက်ခဲ့ဖူးပါသည်။ အတိအကျပြောရမည်ဆိုလျှင် ၁၉၅၄ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် ၁၉၇၄ ခုနှစ် အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့သည့် ကြားကာလဟု အကြမ်းဖျဉ်းဆိုရပါမည်။ သည်ကာလတွေအတွင်းမှာ ဘယ်လိုတွေ အောင်မြင်ခဲ့လို့လည်းဟုမေးစရာရှိပါသည်။ ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ဒုတိယအကြိမ်နှင့် ပဉ္စမအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံက ပထမအဆင့်ရရှိခဲ့သည်။ ၁၉၆၆ခုနှစ်နှင့် ၁၉၇၀ ခုနှစ်များတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ပဉ္စမအကြိမ်နှင့်ဆဋ္ဌမအကြိမ် အာရှအားကစားပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ အလားတူ ၁၉၆၅၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၇၃ ခုနှစ်များတွင် ကျင်းပသည့် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ငါးနှစ်ဆက်တိုက် ချန်ပီယံ ဖြစ်ခဲ့သည်။ ထို့ပြင် ၁၉၆၄၊ ၁၉၆၇၊ ၁၉၇၁ ခုနှစ်တို့တွင် ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲဖြစ်သည့် မာဒေးကားဖလားသုံးကြိမ်၊ ၁၉၇၁၊ ၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅ ခုနှစ်များတွင် ဂျကာတာဖလားလေးကြိမ် ၁၉၇၇၊ ၁၉၇၈၊ ၁၉၇၉ ခုနှစ်များတွင် မာရာဟာလင်ဖလားသုံးကြိမ် ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ ခုနှစ်များတွင် ပတ်ချ်ဟီးဖလားသုံးကြိမ် ၁၉၆၁၊ ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၇ ခုနှစ်များတွင်လည်း အာရှလူငယ်ချန်ပီယံ(၈)ကြိမ်ဖြစ်ခဲ့သည်။ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်တွင် မြန်မာဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံးဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုအချိန်ကာလများအတွင်း ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ သေနတ်ပစ်နှင့် ဘော်လီဘောအားကစားနည်းများမှာလည်း အာရှအဆင့်ထိ ထိုးဖောက်နိုင်ခဲ့သည်။ ထိုအချိန်ကာလများက မြန်မာ့အားကစား ဘာကြောင့်သည်လောက်အောင်မြင်ခဲ့သလဲ ပြန်လည်ဆန်းစစ်ကြည့်သင့်သည်။

ထိုအချိန်ကာလများမှာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး အားကစားကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ်ထိုအခါက နေ့ကြီး/ရက်ကြီးတိုင်း (ဥပမာ-လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့)ကဲ့သို့ နေ့ကြီး/ရက်ကြီးများတွင် မြန်မာပြည်အနှံ့ အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြသည်။ ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစား ပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံအားကစားပြိုင်ပွဲများ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲများအား ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် အားကစားဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဝါသနာရှင်များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်၊ အလှူရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲစည်ကားခဲ့သည်။ ထိုခေတ်ကာလက ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများ အဆင့် အတန်းမြင့်မားပြီး ထိုပြိုင်ပွဲများမှထူးချွန်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ခဲ့မှုကြောင့်မြန်မာ့ အားကစားအဆင့်အတန်းမြင့်မားခဲ့ပါသည်။ ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများမှ ထူးချွန်သော မျိုးဆက်သစ်များအား စုစည်းရွေးချယ်ကာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးက အဆင့်မြင့်လေ့ကျင့်မှုများပြုလုပ်ကာ ပြိုင်ပွဲအတွေ့အကြုံရရှိစေရေး၊ ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများ၊ တံခွန်စိုက်ပြိုင်ပွဲများ ကျင်းပပေးသည်။ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်၍ အတွေ့အကြုံများရယူကာ ထိုခေတ်ထိုအခါက ဒေသတွင်းအဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ (SEAP GAMES) ပြိုင်ပွဲများတွင် မြန်မာ့အားကစားထိပ်တန်းမှ ရပ်တည်နိုင်ခဲ့သည်။ ထိုခေတ်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများမှာ ယခုခေတ်ကဲ့သို့ ပြည့်စုံလုံလောက်သည့် စားသောက်နေထိုင်ခဲ့ရခြင်းမျိုးမရှိခဲ့ သည့်အပြင် နိုင်ငံတော်၏ပံ့ပိုးကူညီမှုများလည်း ယခုကာလကဲ့သို့ ပြည့်ပြည့်ဝဝမရရှိခဲ့ကြပါ။ သို့သော် သူတို့ တွေတာဝန်ကျေခဲ့ပါသည်။ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြပါသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရလာသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုပွဲတွင် ရေဒီယိုတစ်လုံး၊ နာရီတစ်လုံး၊ ဘောလ်ပင်တစ်ချောင်း၊ စက်ဘီးတစ်စီးစသည်ဖြင့် ဂုဏ်ပြုခံခဲ့ကြရသည်ဟု ကြားသိခဲ့ရသည်။ သို့သော် သူတို့ တစ်တွေ ပြိုင်ပွဲတိုင်းအနိုင်နွှဲခဲ့ကြချည်းသာဖြစ်ပါသည်။

ထိုခေတ်အခါက အခြေခံပညာကျောင်းတိုင်းတွင် နေ့စဉ် PT ချိန်(အားကစားလေ့ကျင့်ချိန်) သတ်မှတ်ထားပြီး နေ့စဉ် မိမိနှစ်သက်ရာ အားကစားကိုလေ့ကျင့်နိုင်သည်။ ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပပေးသည်။ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများမှ ထူးချွန်အားကစားသမားများမြောက်မြားစွာပေါ်ထွက်ခဲ့သည်။ ဆိုလိုသည်မှာ ယနေ့ခေတ်ကာလတွင် ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲများ၊ မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ အခြေခံပညာကျောင်းပေါင်းစုံပြိုင်ပွဲများနှင့် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပခဲ့သည့် ဒေသတွင်းဖိတ်ခေါ်အားကစားပြိုင်ပွဲများ အခြေအနေအကြောင်းကြောင်းကြောင့် မကျင်းပဖြစ်ခဲ့ပါ။

ဆိုလိုသည်မှာ မြို့နယ်လက်ရွေးစင်များရွေးချယ်နိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပကြရသည်။ ခရိုင်လက်ရွေးစင်များရွေးချယ်နိုင်ရေးအတွက် မြို့နယ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပကြရသည်။ ပြည်နယ်/တိုင်းလက်ရွေးစင်များ ရွေးချယ်နိုင်ရေးအတွက် ခရိုင်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပကြရသည်။ ဤကဲ့သို့ ပြိုင်ပွဲအဆင့်ဆင့်ကျင်းပပြီး အဆင့်မီသည့် အားကစားသမားများဖြင့် စနစ်တကျဖွဲ့စည်းယှဉ်ပြိုင်ကြမှသာ ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး ပရိသတ်ကြည့်ရှုအား ပေးမည်။ သို့ဖြစ်၍ ယခင်က အဆိုပါပြိုင်ပွဲအသီးသီးမှ အရည်အသွေးပြည့်ဝသူများအား ပြည်နယ်/တိုင်းလက်ရွေးစင်အားကစားသမားများအဖြစ်ရွေးချယ်ခြင်း၊ အချိန်ကာလ သုံးလတန်သည်၊ လေးလတန်သည် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်ခြင်းများပြုလုပ်ပြီး ဗဟိုမှ ဦးစီးကျင်းပသည့် ပြည်နယ်/တိုင်းအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး ပရိသတ်၏ ခြိမ့်ခြိမ့်သဲအားပေးမှုရရှိကာ အဆိုပါပြိုင်ပွဲများမှ ထူးချွန်သော မျိုးဆက်သစ်များစဉ်ဆက်မပြတ် ပေါ်ထွက်ခဲ့သဖြင့် မြန်မာ့အားကစားမှာ အရှေ့တောင်အာရှတွင် ထိပ်တန်းက ရပ်တည်နိုင်ခဲ့ပြီး အာရှအဆင့်သို့ ထိုးဖောက်တက်လှမ်းနိုင်ခဲ့သည်။

ထိုခေတ်အချိန်ကာလများက ဒေသအလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများလည်း စဉ်ဆက်မပြတ်ကျင်းပခဲ့ကြသည်။ မှတ်မိသလောက် တင်ပြရလျှင် မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့မှာ ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့မှာ ထီလာမောင်ဖလား၊ ကူမဲမြို့မှာ မိုးအောက်မြေပြင်ဖိတ်ခေါ်ဖလား၊ မန္တလေးမြို့မှာ ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံ ဖလား၊အမှတ်ပေးဖလား၊ မကွေးတိုင်းဒေသကြီး ချောက်မြို့မှာ သခင်ဖိုးလှကြီးဖလား၊ ပခုက္ကူမြို့မှာ မြေလတ်ဇရာဖလား၊ ရေနံချောင်းမြို့မှာ ရေနံသာဖလား၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မှာ ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့မှာ အောင်ဇေယျာဒိုင်းစသည့် ဖိတ်ခေါ်ပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့တာကိုလည်း ပြန်လည်အမှတ်ရနေမိသည်။ ယခုအခါ အခြေအနေအကြောင်းကြောင်းကြောင့် အဆိုပါပြိုင်ပွဲများမကျင်းပဖြစ်ခဲ့တာ ဆယ်ခုနှစ် နှစ်ခု၊ သုံးခုတိုင်ခဲ့ ပြီ။ ယင်းအခြေအနေတွေက မြန်မာ့အားကစားကျဆင်းရခြင်း၏အဓိက အကြောင်းတရားများဖြစ်သည်ဟု ဆိုရပါတော့မည်။

လက်ရှိအစိုးရသစ်လက်ထက်အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးမှ တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သော ရပ်ကွက်/ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲများပြန်လည်အသက်သွင်းကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ပြည်နယ်/တိုင်း ဒေသကြီးအသီးသီးရှိ Pilot Project အဖြစ်သတ်မှတ်ထားသည့် မြို့နယ် ၆၇ မြို့နယ်တွင် ရပ်ကွက်/ကျေးရွာ ပေါင်းစုံအားကစားပြိုင်ပွဲများ စတင်ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၏ ပံ့ပိုးအားပေးကူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းစတင်ကျင်းပရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် မြို့နယ်များမှ မြို့နယ်အားကစားမှူးများအား ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက် TSO (Township Sports Officer) သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိနေပြီဖြစ်သည်။

ပြန်လည်ကျင်းပရန်စီစဉ်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများတွင် အမျိုးသားအားကစားဟု သတ်မှတ်ထားသည့် ဘောလုံးပြိုင်ပွဲများအပြင် ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အပြင် ဒေသအလိုက်ထူးချွန်တိုးတက်မှုရှိသော အားကစားနည်းများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည့် ပြိုင်ပွဲကျင်းပစရိတ်များ၊ ပြိုင်ပွဲဆုကြေးများ စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြိုင်ပွဲကျင်းပမည့် မြို့နယ်များအားလည်း အားကစားကွင်း/အားကစားရုံများ သန့်ရှင်းလှပရေးနှင့် ပြုပြင်မွမ်းမံရေး၊ အားကစားအထောက်အကူပြုပစ္စည်းများပြည့်စုံရေး၊ ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကော်မတီများဖွဲ့စည်းဆောင်ရွက်ရေး၊ ပွဲစဉ်ဇယားရေးဆွဲရေး၊ ဒိုင်လူကြီးများကြိုတင်စီစဉ်ရေး၊ အများပြည်သူသို့ ကြိုတင်သတိပေးကြော်ငြာထားရှိရေး၊ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားတွင် ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်များပါဝင်ရေးတို့အား လိုအပ်ချက်မရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။

တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် ရပ်ကွက်/ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများတွင် အမျိုးသားအားကစားဖြစ်သည့် ဘောလုံးပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲများတွင် မိမိအသင်းအနိုင်ရရှိရေးအတွက် နိုင်လိုစိတ်ပြင်းပြစွာ ယှဉ်ပြိုင်ကြမည်ဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားခြင်းများမဖြစ်စေရေးအတွက် တာဝန်ရှိသူများနှင့်အတူ မြို့မိမြို့ဖများ၊ အားကစားဝါသနာရှင်များ၊ တာဝန်သိပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်လှပေသည်။ အများအားဖြင့် ဘောလုံးပွဲများတွင် အားကစားသမားများ၏ ဥပဒေပြင်ပကြမ်းတမ်းစွာကစားခြင်း၊ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်အားမနာခံခြင်း၊ ဥပဒေမကျေညက်သည့် ပရိသတ်များ၏ အမြင်ကျဉ်းမြောင်းခြင်း၊ မူးယစ်သောက်စားထားသူများ ပရိသတ်အတွင်းပါဝင်လာခြင်း၊ အားကစားသမားများကိုယ်တိုင် ဥပဒေကိုသိရှိနားလည်မှုအားနည်းခြင်း၊ ဒိုင်လူကြီး၏ဆုံးဖြတ်ချက် မှားယွင်းခြင်း စသည့် အခြေအနေအရပ်ရပ်ကြောင့် မလိုလားအပ်သည့် ခိုက်ရန်ဖြစ်ပွားမှုများမဖြစ်ပေါ်စေရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်ကျသည့်စည်းကမ်းထိန်းသိမ်းရေးစီမံချက် (လုံခြုံရေးစီမံချက်)များ ရေးဆွဲဆောင်ရွက် သွားကြရန် လိုအပ်လှပေသည်။

ရပ်ကွက်/ကျေးရွာ ပေါင်းစုံအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပခြင်းမှာ အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ကျေးရွာအဆင့်၊ မြို့နယ်အဆင့်မှစ၍ ပြည်သူတစ်ရပ်လုံး အားကစားကိုပြန်လည်စိတ်ပါဝင်စားလာစေရေးအတွက် Mass Sport ဟုခေါ်သည့် လူထုအားကစားလှုပ်ရှားမှုများကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ဤပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ရာ ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။



ငပုတောမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ဥယျာဉ်တောင်ကျေးရွာ မြို့ဦးဘုန်းတော်ကြီးကျောင်းရှိမြေကွက်လပ်၌ကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ၊ ငုပင်၊ ပိတောက်၊ စိန်ပန်းပင် စုစုပေါင်းအပင် ၄၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

မျိုးကျော်သူ (ပြန်/ဆက်)

ဖတ်စရာ

# မြင်စိုင်းနန်းဦးစေတီက မြို့ဟောင်းတည်နေရာကို သက်သေထူ

à တိမ်တမန်



မြန်မာနိုင်ငံတွင် သမိုင်းဝင်မြို့ဟောင်းများစွာရှိနေခြင်းကိုက မြန်မာဆိုသည် ရာဇဝင်သမိုင်းခိုင်မာခဲ့သောလူမျိုးအဖြစ် ဂုဏ်ယူဖွယ်ပြသနေသလို ဖြစ်နေသည်။ လက်ရှိကာလတွင်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့ဟောင်းများက နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်နေခဲ့သည်။ မန္တလေးမြို့နှင့်အနီးတွင် လက်ရှိ ခံ့ထည်စွာတည်ရှိနေသော နန်းတော်မြို့ရိုးပြအိုးကျုံးများနှင့်အတူ လေ့လာစရာ မြို့ဟောင်းများစွာ ရှိနေခဲ့သည်။ အင်းဝမြို့ဟောင်းနေရာ၊ ပင်းယမြို့ဟောင်းနေရာ၊ မက္ခရာမြို့ဟောင်းနေရာနှင့် မြင်စိုင်းမြို့ဟောင်းနေရာများပင် ဖြစ်သည်။

မြို့ဟောင်းနေရာကို တိကျစွာညွှန်းဆိုပေးနေသည့် နန်းဦးစေတီများသည် လက်ရှိကာလအထိ ရှိနေခြင်းမှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ပင်းယမြို့ဟောင်းနေရာတွင်လည်း နန်းဦးစေတီရှိနေသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အရှေ့ဘက် လေးမိုင်အကွာ ကျောက်ဆည်မြို့နှင့် ဖျောက်ဆိပ်ပင်ရွာသွား ကားလမ်းတောင်ဘက်ဘေးရှိ မြင်စိုင်းနန်းဦးစေတီကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။ ရှေးမြင်စိုင်းမြို့ဟောင်းတွင်ရှိသော မြို့ရိုးသုံးခုအနက် အလယ်မြို့ရိုးအတွင်းတွင် တည်ရှိပြီး တူးဖော်တွေ့ရှိသော မြင်စိုင်းနန်းတော်အုတ်ခုံ၏ တောင်ဘက်ပေ ၅၀ အကွာတွင် တည်ရှိသည်။

မြင်စိုင်းနန်းဦးစေတီသည် မြေစိုက်စေတီဖြစ်ပြီး ပုဂံရှေ့စည်းခုံစေတီကဲ့သို့ပင် လေးထောင့်ပစ္စယံများခံပြီး တည်ဆောက်ထားသောစေတီတစ်ဆူ ဖြစ်သည်။ လေးဘက်လေးတန်ပစ္စယံများပေါ်တက်ရန် လမ်းလှေကားများပါရှိပြီး ပစ္စယံပတ်လည်တွင် ဇာတ်တော်စဥ့်ခွက်များ ပါရှိသည်။ ပစ္စယံသုံးဆင့်ပါရှိပြီး အောက်ခြေပစ္စယံအခြေမှာ တစ်ဖက်လျှင် ၁၇၄ ပေပတ်လည်ရှိကာ စေတီဉာဏ်တော်မှာ ၁၇၄ ပေကျော်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

ကျောက်စာအထောက်အထားများအရ မြင်စိုင်းနန်းဦးစေတီတော်ကို သက္ကရာဇ် ၆၆၂ ခုနှစ် (ခရစ်သက္ကရာဇ် ၁၃၀၁) ခုနှစ်တွင် အသင်္ခယာမင်းသည် နန်းတော်နှင့်တစ်ပြိုင်တည်း တည်ထားခဲ့ပြီး သက္ကရာဇ် ၆၉၁ (ခရစ်သက္ကရာဇ် ၁၃၃၀) တွင် ဥဇနာမင်းမှ မူလစေတီကိုငုံပြီး ဉာဏ်တော်မြှင့်တင်တည်ခဲ့ကြောင်း သိရသည်။

ယခုအခါ မြင်စိုင်းနန်းဦးစေတီတော်ပေါ်မှ အနီးအနားရှိ မြင်စိုင်းခေတ် တောင်ထိပ်စေတီဟောင်းများ၊ မြင်စိုင်းနန်းမြို့ရိုးများကို ကြည့်ရှုနိုင်သည်။ အဖိုးမဖြတ်နိုင်သော သမိုင်းတန်ဖိုးမြင့်မားသည့်နေရာများဖြစ်ပြီး ပြဿန်းစာအုပ်များတွင် ပြဿန်းထားသည့် မြင်စိုင်းရွှေပြည်ကဗျာများတွင် ဖော်ပြထားသော မြင်စိုင်းသားတို့၏ ရှေးဟောင်းမြို့တော်ကို မှန်းဆလေ့လာနိုင်ပြီး မြင်စိုင်းနန်းဦးစေတီက မြင်စိုင်းမြို့ဟောင်းကို သက်သေထူလျက်ရှိကြောင်း လေ့လာသိရှိရသည်။

## ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းတိုးမြှင့်၍ ချေးငွေပေးအပ်

**မော်လိုက် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအတွက် ချေးငွေကျပ်တစ်သိန်းမှ ကျပ်ငါးသိန်း တိုးမြှင့်ထုတ်ချေးရေးနှင့် အသင်းဟောင်း၊ အသင်းသစ်ချေးငွေ စုစုပေါင်း Exim Bank ချေးငွေ ကျပ်သိန်း ၂၄၃၃ ဒသမ ၆၀ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကိုကိုလွင်က ချေးငွေထုတ်ချေးပေးရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး Exim Bank ချေးငွေ ကျပ်သိန်း ၂၄၃၃ ဒသမ ၆၀ အား မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အခြေခံသမဝါယမအသင်းများအတွက် ပေးအပ်ခဲ့ကြရာ မြို့နယ်သမဝါယမ အသင်းဝင်များကိုယ်စား တာဝန်ရှိသူတို့မှ အသီးသီးလက်ခံခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အခြေခံသမဝါယမအသင်း ၅၄ သင်းမှ အမှုဆောင်နှင့် အသင်းသားများ၊ မြို့နယ်အသင်းစုမှ ဒါရိုက်တာအဖွဲ့ဝင်များအားလုံး စုံညီစွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ပွား(မော်လိုက်)**

## သတင်းစာဆရာအသင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဘော်ဂါရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်းဖွဲ့စည်းနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ဆက်လက်၍ အသင်းဖြစ်မြောက်ရေးယာယီကော်မတီဥက္ကဋ္ဌ စည်းရုံးရေးတာဝန်ခံ ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်) က လက်ရှိဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စည်းရုံးရေးမှူး ဦးစန်းလွင် (ရွှေတိုင်လွင်) က အသင်းဖွဲ့စည်းနိုင်ရေး၊ ဖွဲ့စည်းပုံကော်မတီတင်မြောက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့သည်။

**ရွှေတိုင်လွင်**

## ထိုင်းနိုင်ငံတွင် ကျင်းပမည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်မည်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးနေမိုးသက်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်တပ်ဖွဲ့ဝင်ရှစ်ဦးသည် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက် အထိ ထိုင်းနိုင်ငံ ကန်ချနာပူရီမြို့တွင်ကျင်းပမည့် (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (Department of Special Investigation-DSI) တို့ လူကုန်ကူးမှုတိုက်ဖျက်ရေးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသည် ခြောက်လတစ်ကြိမ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလှည့်ကျကျင်းပသည့် အစည်းအဝေးဖြစ်ပြီး နှစ်နိုင်ငံအစည်းအဝေးတွင် လူကုန်ကူးခံရသူများအား ပြန်လည်ကယ်တင်နိုင်ရေး၊ လူကုန်ကူးခံရသူများကို မိဘရပ်ထံပြန်လည်အပ်နှံရေး၊ ဝင်ဆံ့ပေါင်းစည်းရေး၊ လူကုန်ကူးသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူရေး၊ လူကုန်ကူးခံရသူများ၏ လုပ်ခလစာများ ခံစားခွင့်ရရှိရေး၊ လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား အပြန်အလှန်ဖလှယ်ရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

ယင်းအပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် (၄) ကြိမ်မြောက် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအရာရှိများ၏ ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအစည်းအဝေးကို ဆက်လက်တက်ရောက်မည်ဖြစ်သည်။

ယင်းအစည်းအဝေးကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးဆောင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန်ဦးထွန်းအေး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သံအရာရှိ ဦးလှထွန်းတို့လည်း တက်ရောက်မည်ဖြစ်ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ပြစ်မှုတရားစီရင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

(၁၁) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (Department of Special Investigation-DSI)တို့ လူကုန်ကူးမှုတိုက်ဖျက်ရေးအစည်းအဝေးနှင့် (၃) ကြိမ်မြောက် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအရာရှိများ၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံ မန္တလေးမြို့တွင် လက်ခံကျင်းပခဲ့သည်။

**(ကြေးမုံ)**

## ညောင်ဦးမြို့နယ်တွင် မိုးရွာ၍ ကျေးလက်တောင်သူများ မြေပဲနှင့် ပဲတီစိမ်းများ စိုက်ပျိုး

**ညောင်ဦး ဇူလိုင် ၂၁**

ညောင်ဦးမြို့နယ်တွင် ဇူလိုင် ၁၉ ရက်က မိုးရွာသွန်းခဲ့၍အဆိုပါရွာသောမိုးနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်တောင်သူများ ခြောက်လပဲခေါ် မြေပဲကြီးစိုက်ပျိုးခြင်း၊ သုံးလပဲခေါ် မြေပဲလေးစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

"ဒီတစ်ခါတော့ မိုးကတော်တော်ရွာပါတယ်။ တောင်သူတွေ မိုးရွာလာလို့ ဝမ်းသာကြတယ်။ ဒီမိုးက အဖိုးမဖြတ်နိုင်ဘူး။ အခုကျွန်တော်တို့ကြတာ ဝါဆိုပဲခေါ်တာပေ့ါ။ မိုးဦးတုန်းကလည်း ပဲကြဲခဲ့ပါတယ်။ မိုးဦးတုန်းက တစ်ရက်လောက်ပဲ ကြဲလိုက်ရတာ။ တစ်ရက် နွားနှစ်ရှင်းကြဲတာဆိုတော့ ၁၅ တင်းလောက်ပဲ ကြဲလိုက်ရတယ်။ နောက်နေ့ရောက်တော့ မြေကြီးက ခြောက်သွားတယ်။ မကြဲလိုက်ရတော့ဘူး။ အခုမိုးကျလာမှပဲ ထပ်ကြဲရတယ်။ ဒီနှစ်လည်း တောင်သူတွေ ပဲရလိမ့်မယ်လို့ထင်ထားတယ်။ အခုမိုးက နှစ်ရက်သုံးရက်ထဲတောင် ကြဲလို့ရပါတယ်။ အခုလည်းထပ်ပြီး လေးငါးတင်း ထပ်ကြဲပါတယ်။ အားလုံးဆိုရင် ကျွန်တော် မြေပဲတင်း ၂၀ လောက်ကြဲရပါတယ်" ဟု ညောင်ကြီးရွာသား မြေပဲစိုက်တောင်သူတစ်ဦးက ပြောပြ ခဲ့သည်။

ယင်းကဲ့သို့ မိုးရွာပြီး မိုးဦးပဲများလည်း စိုက်ပျိုးပြီး မိုးလယ်ပဲအဖြစ် မြေပဲများစိုက်ပျိုးခဲ့ကြကြောင်း ငါ့သရောက်မြို့နယ် မောင့်ခွက်တောကျေးရွာနှင့် အိုရင်းကျေးရွာတို့မှ ဒေသခံများကပြောသည်။

**ကျော်ဒွေး(ညောင်ဦး)**

မြေဆီစိုခိုက် သစ်ပင်စိုက်

## ပြည်နယ်ငါးဦးစီးဌာနမှ ဘားအံမြို့နယ် မိကရင်ကျေးရွာ သဘာဝတော်လှအင်းအတွင်း ငါးမျိုးတစ်သိန်းကျော် စိုက်ထည့်

**ဘားအံ ဇူလိုင် ၂၁**



ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ငါးဦးစီးဌာနမှ ဘားအံမြို့နယ် မိကရင်ကျေးရွာရှိ သဘာဝတော်လှအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၁၈ ရက် ညနေ ၅ နာရီတွင် ဆောင်ရွက်ခဲ့ကြသည်။

ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များတွင် ရေနေသတ္တဝါများ ပေါကြွယ်ဝရေး မွေးမြူရေးနှင့် သားငါးထုတ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးကောင်းမျိုးသန့်ငါးများ ဒေသအတွင်း ပျံ့နှံ့ပေါများ၍ ငါး၊ ပုဇွန်မွေးမြူခြင်းဖြင့် ဒေသခံပြည်သူများ ဝင်ငွေရရှိစေရန်၊ အဆိုပါမြစ်ချောင်းအင်းအိုင်များမှတဆင့် အခြားမြစ်ချောင်းအင်းအိုင်များသို့ ပျံ့နှံ့ရောက်ရှိပြီး ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာပြည့်စုံစေရန်အတွက်ရည်ရွယ်၍ငါးမျိုးစိုက်ထည့်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေ့ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေက ငါးသယံဇာတထိန်းသိမ်းနည်းနှင့် မျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ် သတ္တဗေဒကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာနေ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ငါးမြစ်ခြင်း၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ဒေသငါးမျိုးများဖြစ်သည့်ငါးခူ၊ ငါးသစ်တုံးနှင့် လိပ်မျိုး အကောင်တစ်သိန်းကျော်အား စိုက်ထည့်ခဲ့ကြသည်။

အဆိုပါ ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များအတွင်း ယခင်နှစ်တွင် ငါးအကောင်ရေ ၁၀ သိန်းနီးပါးနှင့် ယခုနှစ်တွင် ငါးအကောင်ရေ သုံးသိန်းကျော် ငါးမျိုးစိုက်ထည့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**ပေးစာ**

# လူလေးသို့ပေးစာများ – ၂၀

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

မြသန်းတင့်



**ယခင်အပတ်မှအဆက်**

အင်္ဂလိပ်။ ။ အဖိုးကြီးကို ခေါက်ထားလိုက်စမ်းပါကွာ။ နို့နေစမ်းပါဦး။ မင်းရဲ့ အခြောက်နို့ထိန်းကိုကော နားထောင်ရသေးသလား။ သူ့နာမည် ဘယ်သူ။ မစ္စတာဟာတီ၊ ဟုတ်လား။

စတန်းဟုတ်။ ။ ဟုတ်ပါတယ်။

အင်္ဂလိပ်။ ။ ဒါဖြင့် သူက တစ်မနက်လုံး မင်းခေါင်းထဲကို ဂရိစာတွေ၊ လက်တင်စာတွေ၊ ယုတ္တိဗေဒတွေ ရိုက်သွင်းနေတာပဲလား။ ကိုယ့်မှာလည်း အခြောက်နို့ထိန်း တစ်ယောက်ရှိပါတယ်။ အီးဂတ်တဲ့။ ဒါပေမယ့် သူနဲ့အတူ တစ်ခါမှ စာအုပ်တစ်အုပ်ကို အတူမဖတ်ဘူး။ ခုဆို သူ့ မျက်နှာ ကို မမြင်ရတာ တစ်ပတ်လောက်တောင်ရှိသွားပြီ။ မမြင်ရလည်း နေပေ့ါကွ။ ဂရုစိုက်လို့။

စတန်းဟုတ်။ ။ ကျွန်တော့်ဆရာကတော့ ဘယ်တော့မှ မဟုတ်တယုတ်မဖြစ်စေချင်ဘူး။ ဒါကလည်း ကျွန်တော် ကောင်းဖို့ပါ။ ဒ့ါကြောင့်မို့ ကျွန်တော်ကတော့ သူနဲ့အတူရှိတာကို သဘောကျတယ်။

အင်္ဂလိပ်။ ။ တော်ပါပေတယ်ဗျာ။ ချီးကျူးထိုက်ပါပေတယ်။ ဒီအတိုင်းသာဆိုရင်တော့ မောင်မင်းကြီးသား ကောင်းစားဦးမှာပါပဲ။

စတန်းဟုတ်။ ။ ဘာဖြစ်လို့လဲဗျာ။ ဒီလိုနေတာ ဘယ်သူ့မှ အန္တရာယ်မရှိပါဘူး။

အင်္ဂလိပ်။ ။ ကဲ ဒီလိုဆိုရင် မောင်ရင် မနက်ဖြန် ညနေမှာ ကိုယ်တို့နဲ့လိုက်နိုင်မလား။ မနက်ဖြန် ညဆယ်နာရီလောက်ပေ့ါ။ ဝိုင်းကောင်းကောင်းရှိတယ်။ ပျော်ကြတာပေ့ါ။

စတန်းဟုတ်။ ။ သိပ်လိုက်ချင်ပါတယ်ဗျာ။ ဒါပေမယ့် မနက်ဖြန်မှာလည်း တစ်ညလုံး ကျွန်တော်မအားပါဘူး။ ပထမဂိုဏ်းချုပ်ကြီး အယ်တာနီဆီကို သွားရပ့ါမယ်။ ပြီးတော့ ဗီယင်နာ အမျိုးသမီး သံအမတ်ကြီးနဲ့ ညစာစားဖို့ ရှိပါတယ်။

အင်္ဂလိပ်။ ။ မောင်ရင်က နိုင်ငံခြားသားတွေနဲ့ ပေါင်းရတာကို တော်တော်သဘောကျတယ်နော်။ ကိုယ်ကတော့ ဘယ်တော့မှ သူတို့နဲ့ မရောဘူး။ အဆောင်အယောင်တွေ၊ အခမ်းအနားတွေကိုစိတ်ပျက်လွန်းလို့။ သူတို့နဲ့ နေရတာ တစ်မျိုးကြီးပဲ။ သက်တောင့်သက်သာ မရှိဘူး။ ဘာဖြစ်လို့လဲတော့မသိဘူး။ နည်းနည်းလည်း ရှက်တယ်။

စတန်းဟုတ်။ ။ ကျွန်တော်ကတော့ ကြောက်လည်း မကြောက်ဘူး။ ရှက်လည်းမရှက်ပါဘူး။ သူတို့နဲ့နေရတာ လွယ်ပါတယ်။ သူတို့ကလည်း ကျွန်တော်နဲ့ နေရတာ လွယ်ပါတယ်။ ကျွန်တော်က သူတို့စကားလည်း တတ်တယ်။ သူတို့နဲ့ စကားပြောခြင်းအားဖြင့် သူတို့စရိုက်ကို လည်း သိရတယ်။ ဒါကြောင့် ကျွန်တော်တို့ကိုနိုင်ငံခြားကို လွှတ်လိုက်တာ မဟုတ်ဘူးလား။

အင်္ဂလိပ်။ ။ မောင်ရင်ရဲ့ အမျိုးသမီး အပေါင်းအသင်းတွေကိုတော့ ကိုယ်မုန်းတယ်။ အထက်တန်းစားဆိုတဲ့ အမျိုးသမီးတွေလေ။ သူတို့နဲ့တွေ့ရင် ဘာပြောလို့ပြောရမှန်းတောင် မသိဘူး။

စတန်းဟုတ်။ ။ ခင်ဗျားက သူတို့နဲ့ကော စကားပြောဖူးလို့လား။

အင်္ဂလိပ်။ ။ ဟင့်အင်း။ ကိုယ်က ဘယ်တော့မှ သူတို့နဲ့ စကားမပြောဘူး။ ဒါပေမယ့်တစ်ခါတစ်လေတော့ သူတို့ စကားဝိုင်းထဲ ရောက်သွားတတ်တယ်။ ကိုယ်က သွားချင်လို့ မဟုတ်ပါဘူး။

စတန်းဟုတ်။ ။ အနည်းဆုံး သူတို့က ခင်ဗျားကို ဘာမှ ထိခိုက်နာကျင်အောင်မလုပ်ပါဘူးဗျာ။ ခင်ဗျားက သူတို့ အကြောင်း မကောင်းပြောတာက ပိုပါလိမ့်ဦးမယ်။

အင်္ဂလိပ်။ ။ ဟုတ်တယ်။ ကိုယ်ပြောတယ်။ ဒါပေမယ့် မောင်ရင့်အထက်တန်းစား အမျိုးသမီးတွေနဲ့ တစ်နှစ်နေရတာနဲ့စာရင် ကိုယ့်ကိုခွဲစိတ်တဲ့ ဆရာဝန်နဲ့ နှစ်ဝက်နေလိုက်ချင်သေးတယ်။

စတန်းဟုတ်။ ။ဒါ ကတော့ အကြိုက်အမျိုးမျိုးပေ့ါဗျာ။ လူတိုင်းကိုယ့်အကြိုက်ကိုယ်လိုက်ကြတာပဲ။

အင်္ဂလိပ်။ ။ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီအကြိုက်တွေထဲမှာ မကောင်းတဲ့ အကြိုက်ရှိသေးတယ်ကွ။

မင်းအကြိုက်ကတော့ မကောင်းတဲ့ အကြိုက်။ တစ်မနက်လုံး ယောက်ျားအထိန်းနဲ့နေတယ်။ ညနေကျတော့ ဟန်ဆောင်ပန်ဆောင် အထက်တန်းလွှာတွေနဲ့ နေတယ်။ တစ်နေလုံးအင်္ဂလန်မှာရှိတဲ့ အဖိုးကြီးကို ကြောက်နေရတယ်။ မင်းဆိုတဲ့ကောင်က တော်တော်ကြောင်တဲ့ကောင်။ မင်းနဲ့ ပေါင်းလို့ ဘာမှ သိပ်အကျိုးများမှာ မဟုတ်ပါဘူး။

စတန်းဟုတ်။ ။ အင်း၊ ဟုတ်ချင်လည်း ဟုတ်မှာပေ့ါလေ။

အင်္ဂလိပ်။ ။ ကောင်းပြီလေ။ ဒီလိုဆို ဂွတ်နိုက်ပေ့ါ။ ဒီနေ့ည ကိုယ်တော့ နည်းနည်းမူးအောင် ချလိုက်ဦးမယ်။ မင်းမကန့်ကွက်ဘူး မဟုတ်လား။

စတန်းဟုတ်။ ။ အမယ်လေး။ မကန့်ကွက်ပါဘူးဗျာ။ မနက်ဖြန်မနက်မှာ အရက်နာကျ နေရင်လည်း ကျွန်တော်က အနေသာကြီးပါအရက်နာကျမှာကလည်းသေချာပါတယ်။ ကဲ ဂွတ်နိုက်ပါပဲ။

ဒီနေရာမှာ ထိထိမိမိရှိတဲ့ ချေပချက်တွေကို ဖေဖေ ရေးမပြလိုက်ပါဘူး။ ဒီလိုဟာမျိုးနဲ့တွေ့ရင် ထိထိမိမိ ချေပချက်တွေဟာ မင့်ခေါင်းထဲမှာ အလိုလို ရောက်လာမှာပဲဆိုတာလည်း ဖေဖေ သိပြီးသားပါ။ ဖေဖေ့ကို ချစ်တာနဲ့ရိုသေလေးစားတာ၊ မစ္စတာဟာတီကို လေးစားတာနဲ့ မိတ်ဆွေသဖွယ် ခင်မင်တာ၊ မင်းရဲ့ အကျင့်သီလနဲ့ လူတစ်ယောက်၊ သားတစ်ယောက်၊ တပည့်တစ်ယောက်၊ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ဝတ္တရားတွေစသဖြင့် ပြောစရာတွေ အများကြီးရှိတာပေ့ါ။ ဒီလို ခိုင်မာတိကျတဲ့ ချေပချက်တွေ၊ ပြောစရာတွေဟာ သူတို့လို ဉာဏ်တိမ်တဲ့ ခွေးကလေးတွေကို သွားပြောနေလို့လည်း သဲထဲ ရေသွန်ပဲ ဖြစ်မှာပဲ။ သူတို့ရဲ့ မသိမိုက်မဲမှု၊ ညစ်ပတ်ပြီး ကျက်သရေမရှိတဲ့ ဒုစရိုက်တွေထဲမှာ နေရစ်ခဲ့ပေစေပေ့ါ။ အချိန်နှောင်းတဲ့ အခါမှာ သူတို့ရဲ့ အကျိုးသက်ရောက်မှုတွေကို ခံစားရပြီး စိတ်ဆင်းရဲရလိမ့်မယ်။ အသက်လည်းကြီးလာရော၊ တွေ့ကရာကို ပေါက်ပန်းဈေးစားခဲ့တဲ့ ဝမ်းဗိုက်ကလည်းမကောင်း၊ ခန္ဓာကိုယ်ကလည်း အိုမင်းယွင်းရော် အဲဒီအခါမှာ ခိုလှုံစရာပညာရယ်လို့လည်း မရှိတဲ့ အခါကျတော့ သိပ်စိတ်ဆင်းရဲရပြီး ဂုဏ်သိက္ခာမရှိတဲ့ အဖြစ်ကို ရောက်ရတော့တာပဲ။ ကိုယ်နဲ့ မတူတဲ့သူတွေကို လှောင်ပြောင်သရော်တဲ့ အဲဒီလိုလူမျိုးတွေရဲ့ လှောင်ပြောင်မှုတွေဟာ ဉာဏ်ပညာရှိသူတွေရဲ့ အမြင်မှာတော့ တကယ်စစ်မှန်တဲ့ ချီးမြောက်ဂုဏ်ပြုမှုနဲ့အတူတူပဲ။

ဒီတော့ ကိုယ်လျှောက်ရမယ့် လမ်းကို ဆက်လျှောက်ပါငါ့သား။ တစ်နှစ်ခွဲလောက်ပဲရှိတော့တယ်။ ဖေဖေ ဒီလောက်ပဲ တိုက်တွန်းချင်တယ်။ အဲဒီနောက်မှာတော့ မင်းဟာ မင်းရဲ့အရှင်သခင်ဖြစ်လာမှာပဲ။ အဲဒီအခါမှာ ဖေဖေဟာလည်း မင်းရဲ့ အကောင်းဆုံးနဲ့ အစစ်မှန်ဆုံး မိတ်ဆွေဆိုတဲ့ ဘွဲ့မှအပ တစ်ခြားဘာကိုမှ မတောင်းဆိုလိုတော့ပါဘူး။ ဖေဖေ့ဆီက အမိန့်မဟုတ်တော့ဘဲ အကြံဉာဏ်ပဲရတော့မယ်။ အမှန်ပြောရရင်တော့ လူငယ်နဲ့ အတွေ့အကြုံမရှိသေးသူတို့ လိုအပ်တဲ့ အကြံဉာဏ်မှအပ အခြားအကြံဉာဏ်လည်း လိုတော့မှာ မဟုတ်တော့ပါဘူး။

❑

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

# ကျိုင်းတုံမြို့နယ် ကျက်သရေဆောင် နောင်တုံကန်တွင်းရှိငါးအချို့ သေဆုံးလျက်ရှိ

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်အတွင်းရှိ မြို့ကျက်သရေဆောင်နောင်တုံကန်တွင်းရှင်သန်နေသည့်ငါးများသည် ဇူလိုင် ၁၉ ရက်တွင် ရေပေါ်တက်ပြီး အစုအပုံလိုက်အလုအယက် အသက်ရှူလာကြောင်းနှင့် ဇူလိုင် ၂၀ ရက်တွင် ပေါလောမျောနေသည့်ငါးသေများ စတင်မြင်တွေ့ရပြီး အပုပ်အနံ့များသည်လည်း ရပ်ကွက်တွင်းသို့ ပျံ့လွင့်စပြုနေပြီဖြစ်သည်။

ငါးမွေးမြူရေးဦးစီးဌာနက ကန်ပြောင်းမွေးမြူပါက ငါးများအသက်ရှင်သန်ခွင့်ရမည်ဟု ပြောကြားသဖြင့် ဒေသခံပြည်သူများအချို့သည် သုံးဘီးမော်တော်ယာဉ်တွင်း ဇလုံများသယ်ဆောင်လာကာ ငါးကန်ရှိရာသို့ပြောင်းရွှေ့ထည့်သွင်းနေလျက်ရှိသည်။

အဆိုပါနောင်တုံကန်သည် ၃၅ ဒသမ ၇၆၂ဧကရှိပြီး သုံးနှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် အလားတူဖြစ်ရပ်များဖြစ် ပေါ်လေ့ရှိရာ အချို့ဒေသခံပြည်သူများသည် ငါးများအမြန်ဖမ်းယူပြီး ငါးပိများပြုလုပ်ခဲ့ကြသည်။ ဒေသခံပြည်သူများသည် အောက်ဆီဂျင်နည်းပါးခြင်းကြောင့်ဖြစ်ရသည်ဟု သုံးသပ်ပြီး နောင်တုံကန်သာယာလှပရေးအဖွဲ့ အမြန်ဖွဲ့စည်းပြီး ရေရဟတ်(၁၀)ခုလောက်ဝယ်ယူထည့်သွင်းထားရှိရေးအတွက်အကြံပြုစီစဉ်နေကြောင်းနှင့် ကန်တွင်းရှိငါးများသေဆုံးရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာငါးမွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ကဆက်လက်လေ့လာစုံစမ်းလျက်ရှိကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်(ကျိုင်းတုံ)**



# အယ်ဒီတာထံ ပေးစာ

## မြေနီကုန်းမှတ်တိုင်ဟောင်းတွင် မှတ်တိုင်ပြန်ထားစေလို

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းပြည်လမ်းမပေါ်ရှိ ဘတ်စ်ကားမှတ်တိုင်မှာ ယခင်က ယာဉ်ကြောပိတ်ဆို့မှုများရှိခဲ့မှုကြောင့် မှတ်တိုင်ဟောင်းဖျောက်ပြီး မဟာမြိုင်သို့လည်းကောင်း၊ ပြည်သူ့ရင်ပြင်ရှေ့သို့လည်းကောင်း ပြောင်းရွှေ့ခဲ့သည်။ မြေနီကုန်းမှတ်တိုင်မှာ လူနေထူထပ်လှသော စမ်းချောင်းလမ်းနှင့် မြေနီကုန်းရပ်ကွက်တို့ ရပ်ကွက်ပေါင်း (၇) ရပ်ကွက်တို့ဆုံစည်းရာ စည်ကားလှသော ကားမှတ်တိုင်ကြီးမရှိတော့သဖြင့် ရန်ကုန်ဘက်သို့ သွားစီးရသည်မှာ သက်ကြီးရွယ်အိုများအဖို့ နေပူမိုးရွာဒုက္ခရောက်လှသည်။ ပြည်လမ်းမကြီးမှာ ဆိုက်ကားမစီးရလမ်းဖြစ်သဖြင့် ပို၍အခက်အခဲတွေ့ရသည်။

ယခုအခါ မြေနီကုန်းခုံးကျော်တံတားကြီး ပြီးစီးသွားပြီဖြစ်သဖြင့် တံတားအပေါ်လမ်း၊ အောက်ဘက်ကို သွားနိုင်ပြီဖြစ်ရာ အတော်အတန် ချောင်လည်သွားပြီဖြစ်သည်။ ဘတ်စ်ကားအားလုံးမဟုတ်တောင်မှ အင်းစိန်လမ်းဘတ်စ်ကားများ မြေနီကုန်းမှတ်တိုင်ဟောင်းတွင် ပြန်လည်ရပ်ပေးပါရန် တင်ပြအပ်ပါသည်။

**(စမ်းချောင်းသား)**

## အမှိုက်ဆိုင်အား ရှင်းလင်းဖယ်ရှားပေးပါရန်

အမှတ်(၃၉)အောင်မင်္ဂလာလမ်း ကျောက်မြောင်းကြီးရပ်ကွက်ရှိ လူနေအိမ်ခန်းတွင် စွန့်ပစ်အမှိုက်သရိုက်များကို တရားမဝင်ဝယ်ယူရောင်းဝယ်ခြင်း၊ သိုလှောင်ထားရှိခြင်းပြုလုပ်နေပါသည်။ ၎င်း၏ကိုယ်ကျိုးစီးပွားရှာမှုကြောင့် ပတ်ဝန်းကျင်တွင် အနံ့ဆိုးများထွက်ပေါ်နေပါသဖြင့် ကျန်းမာရေးထိခိုက်ခြင်း၊ အမှိုက်များကြောင့် ရေစီးရေလာပိတ်ဆို့ခြင်း၊ ပစ္စည်းများသိုလှောင်ထားခြင်းကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ နံနက်ပိုင်းတွင် ရောင်းဝယ်ခြင်းကြောင့် ပတ်ဝန်းကျင်တွင် ဆူညံသံများကိုလည်း နေ့စဉ်ကြားနေရပါသဖြင့် စိတ်အနှောင့်အယှက်မကြာခဏဖြစ်ရပါ၍ ယင်းဆိုင်အား သက်ဆိုင်ရာမှ အမြန်ဆုံးလာရောက်ရှင်း လင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(လမ်းရပ်မိရပ်ဖများ)**

## ဝမ်းတွင်းသားလုပ်ငန်း စည်းကမ်းမဲ့လုပ်ဆောင်

မိတ္ထီလာမြို့ သီရိမင်္ဂလာ (က)ရပ်ကွက်အတွင်း၌ ကြက်၊ ဆိတ်၊ သိုလှောင်၊ သတ်ဖြတ်ခြင်း၊ အမဲအူ၊ ဝမ်းတွင်းသားလုပ်ငန်းများ စည်းကမ်းမဲ့လုပ်ကိုင်နေခြင်းကြောင့် တစ်ရပ်ကွက်လုံး ပုပ်စော်နံနေပါသည်။ ကြက်ရောဂါကြောင့်လည်း စိုးရိမ်ထိတ်လန့်နေရပါသည်။ မြို့ပြင်သို့အမြန်ဆုံးပြောင်းရွှေ့ဖယ်ရှားပေးပါရန်သက်ဆိုင်ရာပန်ကြားအပ်ပါသည်။

**(ရပ်ကွက်သန့်ရှင်းလိုသူ)**

## ကျန်းမာရေးအတွက် အန္တရာယ်ကြုံတွေ့နေရ

ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်းရှိ အမှတ်(၃)ရပ်ကွက် နိုင်ငံတော်ပိုင် ပြည်တော်သစ်အိမ်ရာစီမံကိန်းအတွင်း ဝန်ထမ်းများနေထိုင်သော တိုက်ခြောက်လုံးရှိသည်။

ယခုအခါ ၎င်းနေရာတွင် ပြင်ပပုဂ္ဂိုလ်ကဦးစီးပြီး အကြီးစားကားဝပ်ရှော့ရုံတည်ထောင်၍ စက်မှုဇုန်သဖွယ် မော်တော်ကားများ ပြည့်ကျပ်လုပ်ကိုင်နေသည်။

ယင်းကဲ့သို့ပြုလုပ်ခြင်းကြောင့်နေထိုင်ရသည့် ပြည်သူများသည် နေ့စဉ်ပင် ညအချိန်အထိ ကားဘော်ဒီ ထုရိုက်သံများ၊ ဆေးမှုတ်၊ ဆေးသုတ်ခြင်းများ ပြုလုပ်သည်ကို ခံစားနေရသည့်အတွက် နေထိုင်ကြကုန်သော ပြည်သူများမှာ နားမခံနိုင်အောင် ဆူညံသံများ၊ ဆေးမှုတ်သဖြင့် ဘေးထွက်ဆိုးကျိုးများကြောင့် ကင်ဆာဖြစ်နိုင်သည့်အနံ့အသက်များ နေ့စဉ်ခံစားနေရပြီး ကျန်းမာရေးအန္တရာယ်ရှိနိုင်ပါသည်။ သို့ဖြစ်၍ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး အရေးယူဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(နားမခံနိုင်သူ)**

## လိုင်စင်မဲ့အရက်ရောင်း

မွန်ပြည်နယ် သထုံမြို့ နန်းခဲအုပ်စု(ဘူတာအနီး)ကျောက်ပုံစုရပ်တွင် တရားမဝင်(လိုင်စင်မဲ့)အရက်သေစာများ ရောင်းချလျက်ရှိရာ ထိုမှတစ် ဆင့် လောင်းကစားဝိုင်းများ၊ ဆူပူသောင်းကျန်းမှုများ နိစ္စဓူဝဖြစ်ပေါ်လျက် ရှိနေပါသည်။ သက်ဆိုင်ရာမှ လိုအပ်သလို တားဆီးကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**(ရပ်ကွက်သားတစ်ဦး)**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

**အခန်း(၅)**

**သူနှင့် ကိုယ်**

ညဉ့်နက်မှ အိပ်ပျော်ခဲ့သော ကိုသက်ခိုင်သည် နောက်တစ်နေ့ နံနက်၌ နေအတန်ငယ်မြင့်မှ နိုးလာသည်။

ခေါင်း၌ မူးရီရီ ရှိနေသောကြောင့် ညကတည်းက ဖွင့်ထားသော တံခါးဝတွင် သွားရပ်လျက် နံနက်လေကို ရှူသည်။

နွေဦး၏ နံနက်သည် အလှပဆုံးဟု ထင်သည်။ နှင်းလည်း မမှုန်၊ မိုးလည်းမအုံ့၊ နေရောင်ခြည်သည် ကြည်လင်စွာ ကျရောက်နေခိုက် လတ်ဆတ်သော လေချိုက သွေးနေသေးသည်။ ကန္တာရပင်ငယ်တို့နှင့် မြက်ခင်းတို့ထက် ညက ကြွင်းဥကျန်ရစ်သော နှင်းပုလဲတို့ ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသည်ကို မြင်ရ၏။ စာငှက်ငယ်တို့ လူးလာကူးပျံ မြူးရွှင်နေခိုက် ဥသြသံကလည်း မှန်မှန်လေးလေး ပေါ်ထွက်လာနေ၏။

သန့်ရှင်းသောလေအေးကို ရှူရှိုက်ရသဖြင့် ကိုသက်ခိုင်၏ ဦးနှောက်သည် ကြည်လင်လာပြီး ရင်မှာလည်း အေးမြလန်းဆန်းလာခဲ့၍ ဤသို့ အေးချမ်းထွန်းသစ်သော နံနက်ခင်းကို ကြုံရပြန်သော် ခြောက်အိပ်မက်တို့၏ ညမှာ တစ်ကမ္ဘာခြား ကျန်ရစ်သယောင် ထင်မိသည်။

ဤလောကဝယ် အစစ မတည်မြဲဟု ဆိုရာ၌ နေ့ပမာ သာယာလှပမှုများသာမက ညပမာ ဆိတ်သုဉ်းကြေကွဲဖွယ်ရာများသည်လည်း အကျုံးဝင်လေရကား ပြောင်းလဲခြင်း မည်သည် ဘဝအတွက် မရှိမဖြစ် လိုအပ်လှပေသည်ဟု ကိုသက်ခိုင်က စောစောစီးစီးတွင် အဘိဓမ္မာဆန်ဆန် တွေးမိပြီး ပြုံးလည်း ပြုံးမိသွား၏။

ကိုသက်ခိုင်သည် ပေါ့ပါးသောစိတ်ဖြင့် မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ ရေလဲလုံချည်တို့ကိုယူ၍ အောက်ထပ်ရှိ ရေချိုးခန်းသို့ သွက်လက်စွာ ဆင်းလာခဲ့သည်။

ရေချိုးပြီးနောက် အဝတ်အစားလဲ၍ ထမင်းစားခန်းဆီသို့ တစ်ဖန်ပြန်ဆင်းလာသောအခါ ကျောင်းဝင်းအတွင်း တစ်ပတ်လှည့်လည်စစ်ဆေးရာမှ ပြန်ရောက်ခါစ ဦးဘရီနှင့် ဆုံတွေ့သည်။

"ရှစ်နာရီတောင်ခွဲနေပြီ၊ ညက ကိုယ့်ညီ တော်တော် အိပ်ကောင်းတယ် ထင်တယ်၊ ဒါမှမဟုတ် တော်တော်နဲ့ အိပ်မပျော်ဘူး ထင်တယ်၊ ဟုတ်စ"

"နှစ်ခုစလုံး မှန်လိမ့်မယ် ထင်ပါတယ်၊ ဒါထက် ကိုကြီးရီတို့ကော စားသောက်ပြီးကြပြီလား"

"မပြီးသေးပါဘူး၊ ကိုယ့်ညီကို စောင့်နေတာ၊ ကဲ. . . ဦးဘနှင်းရေ ပြင်ပေတော့၊ ဆရာဦးမြသန်းကိုပါ ခေါ်ခဲ့ပါ"

မကြာမီပင် နံနက် လက်ဖက်ရည်ဝိုင်း စကြသည်။ ကော်ဖီကြမ်းက တစ်ကရား၊ နို့နှင့် သကြားက သက်သက်၊ ကြိုက်သလို ဖျော်သောက်ရန် ဖြစ်သည်။ သစ်သီးယိုမြှုပ်ကိတ်မုန့်၊ ကြက်ဥကြော်၊ စားတော်ပဲပြုတ် ဆီဆမ်း၊ ရေမုန့် (မုန့်ရေ)တို့နှင့် စားဖွယ်တို့လည်း စုံသည်။ လက်ဖက်ရည်ကြမ်းလည်း ပါ၏။

ကိုသက်ခိုင်က ကော်ဖီကြမ်းတွင် နို့မထည့်ဘဲ သကြား အနည်းငယ်ခတ်၍ စီကရက်ဖွာရင်း ဖိမ်ခံသောက်သည်။

"ကိုယ့်ညီ. . . မစားသေးဘူးလား"

"ကိုကြီးတို့ စားနှင့်ပါ၊ ကျွန်တော်က မနက် လင်းလင်းချင်း ကော်ဖီခါးခါး တစ်ခွက် သောက်တာ အကျင့်ပါနေလို့ပါ"

သို့ရာတွင် မည်သူမျှ စမစားကြသဖြင့် ကိုသက်ခိုင်က ကော်ဖီကို လက်စသတ်ကာ ခံတွင်းမှ အချိုအရသာကို လက်ဖက်ရည်ကြမ်းနှင့် ရှင်းပစ်ပြီး ရေမုန့်ကို စကိုင်သည်။

"ကိုယ့်ညီ ကြိုက်ပါ့မလား မသိဘူး၊ မုန့်ရေ ခေါ်တယ်၊ ဒီဘက်နယ်တွေမှာတော့ နာမည်ကြီးပဲ"




"ပြည်ဘက်ကျတော့ ရေမုန့်လို့ ခေါ်တယ်၊ အတူတူပါပဲလေ၊ ရေမုန့်မစားရတာ ဆယ်နှစ်ကျော်ပြီ၊ ကျွန်တော့်အထင်တော့ အရသာအရှိဆုံး ဗမာမုန့်တစ်ခုပဲ ကိုကြီး"

ရေမုန့်နှင့် ပဲပြုတ်ဆီဆမ်းသည် ဘက်မယှဉ်အောင် လိုက်လှသည်။ သူ့စကားနှင့်အညီပင် ကိုသက်ခိုင်က မြိန်ရှက်စွာ စားသည်။

"ဒါထက် ညက ဆရာ့တယောသံ ကျွန်တော်ကြားလိုက်ပါသေးတယ်"ဟု ဆရာဦးမြသန်းက ဆိုသည်။

"ဟုတ်တယ်၊ ညက ရုတ်တရက် အိပ်မပျော်လို့ တယောဆင်းထိုးမိတာပါ၊ ပြီးတော့ ဟိုဘက် ဦးဗိုလ်သင်းတို့အိမ်က ဧည့်သည် ဒေါက်တာ မမြင့်ဝေ ဆိုတာနဲ့တောင် အတော်ကြာကြာ စကားပြောနေမိသေးတယ်"

ဦးဘရီက ဘာမျှ မှတ်ချက်မပေးသော်လည်း ဦးမြသန်းက လူငယ်ပီပီ စိတ်ဝင်စားဟန်နှင့် ကိုသက်ခိုင်အား တစ်ချက် တွေတွေစိုက်ကြည့်ပြီး ဆို၏။

"ဟား. . . ဆရာက တယ်ဟုတ်ပါလား၊ မမြင့်ဝေနဲ့တောင် ညတွင်းချင်းအသိဖြစ်သွားသကိုး၊ အဲဒီ မမြင့်ဝေဆိုတာက. . ."

ဦးမြသန်းသည် ကျောင်းအုပ်ကြီးဖြစ်သူ ရှိနေကြောင်း သတိရမိဟန်နှင့် ဦးဘရီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စကားကို တစ်ပိုင်းတစ်စရပ်ပစ်လိုက်သည်။

"ဆိုပါဦး ဆရာ့ဟာက. . ."ဟု ဦးဘရီက လိုက်လျောစွာ ဝင်ပြောမှ ဦးမြသန်းက စကားဆက်သည်။

"ဘာမှ မဟုတ်ပါဘူး၊ အဲဒီ မမြင့်ဝေ ဆိုတာက အတော်ချောတယ်လို့ ပြောမလို့ပါ၊ ဘယ့်နှယ်လဲ. . . မချောဘူးလား ဆရာ"

"အင်း. . . ဦးမြသန်းက ချောတယ်လို့ ဆိုနေမှ ဆရာကလည်း လိုက်ချောရတော့မှာပေါ့ မဟုတ်ဘူးလား"

ကိုသက်ခိုင်က အနှောင့်မလွတ် အသွားမလွတ် ပြန်ဖြေလိုက်သဖြင့် လူရိုး ဦးမြသန်းမှာ ပျာပျာသလဲ ကာကွယ်ပြောရှာသည်။

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်က ချောလို့ ချောတာကို ချောတယ်လို့ ရိုးရိုးပြောမိတာပါ၊ ဟိုလို ဒီလို မမှန်းရဲပါဘူး၊ အဲ. . . တင်စားပြောရရင် မမြင့်ဝေဆိုတာ ပင်မြင့်က ငွေသဇင်ပါ"

"ဒီလောက်တောင်ပဲလား ဦးမြသန်းရဲ့"

"ဒီလောက်တောင်ပဲ ခင်ဗျ၊ ရုပ်ချောတယ်၊ ဆရာဝန်ဘွဲ့ရထားတယ်၊ မိဘက မကွေးမျက်နှာဖုံး သူဌေး၊ ဘိုးဘွားတွေက ရေနံချောင်း တွင်းစားမျိုးရိုး"

ကိုသက်ခိုင် ငိုင်သွားသည်။ ဘိုးဘွားတွေက ရေနံချောင်း တွင်းစားမျိုးရိုး၊ မိဘက မကွေးမျက်နှာဖုံး သူဌေး၊ ဆရာဝန်ဘွဲ့ရထားသည်။ အနိုးဝိသေသတို့နှင့်ပြည့်စုံသော ပင်မြင့်က ငွေသဇင် မမြင့်ဝေ. . . ထိုမြင့်ဝေသည် ညကမူ အိပ်မပျော်နိုင်၍ စက်ခန်းကို စွန့်ခဲ့လေသော မိန်းမပျို တစ်ဦးမျှသာတည်း။ မေတ္တာတရား၏ အနက်အဓိပ္ပာယ်ကို ရှာလေသော မျက်ရည်ဝဲတတ်သည့် မိန်းမပျိုတစ်ဦးသာ လျှင် ဖြစ်သတည်း။

အိမ်ရှေ့မှ စက်ဘီးတစ်စီး၏ ဘီးများ လိမ့်ဝင်လာသံ. . . ရပ်သံ. . . ထို့နောက် ဘဲလ်တီးသံတို့ ဆက်တိုက်ပေါ်လာသည်။

"ဘယ်သူလဲဟေ့. . . ဝင်ခဲ့လေ" ဦးဘရီက အော်ပြောသည်။

အခန်းတွင်းသို့ လူငယ်တစ်ဦး ဝင်လာသည်။

သူသည် ကျောင်းအုပ်ကြီးအား ရိုသေဟန် ဦးလေးညွှတ်၍ နှုတ်ဆက်သည်။ ဦးမြသန်းအားလည်း ခင်မင်ဟန် ပြုံးပြသည်။ ရုပ်ရည်မှာ နုနယ်၍ ချောမောသည်ဟု ခေါ်နိုင်သည်။ မျက်နှာသည် ပြုံးလျက်ဖြစ်သော်လည်း ဣန္ဒြေရှိ၏။ ခါး၌ ချည်လုံချည်ကွက်ကျဲတိုတို၊ ကိုယ်၌ အောက်ခံအကျႌဖြူ ကော်လာနှင့် ဖျင်ပင်နီအထူစား အပေါ်ဝတ်အကျႌတို့ကို ဝတ်ဆင်ထား၏။ တစ်ကြိမ်က ဖြူခဲ့ဟန်ရှိသော အသားသည် နေလောင်ထားသဖြင့် နီညိုညိုဖြစ်နေသည်။ ဆံပင်ကို လုံးဝခွဲမထားသောကြောင့် ရိုင်းရိုင်းနှင့် မသပ်ရပ်။ ပခုံးထက်၌ လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

"လာ. . . ထိုင်ဟေ့ မောင်စောနောင်၊ ကော်ဖီလည်း သောက်ကွဲ့၊ ဘယ့်နှယ်. . . စောစောစီးစီး ပေါ်လာသလဲ"

ဦးဘရီက ဖိတ်ခေါ်သောကြောင့် မောင်စောနောင်သည် စားပွဲရှိ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်သည်။ ဝင်ထိုင်ပြီးမှ တည်ကြည်စွာနှင့် စကားပြန်သည်။

"ကျောင်းဆောင်ဘက်လည်း လာရင်း၊ နံပါတ်လည်း ကြည့်ရင်း၊ ဆရာကြီးနဲ့လည်း တွေ့ရင်း၊ ပြီးတော့. . ."

မောင်စောနောင်က ကိုသက်ခိုင်ကို လှမ်းကြည့်လိုက်ပြီး-

"ဆရာဦးသက်ခိုင် ထင်ပါတယ်၊ ဆရာဦးသက်ခိုင်ကိုလည်း စာတစ်စောင်ပေးရင်း ဝင်လာတာပါ"ဟု ဆိုသည်။

"စာတစ်စောင်. . . ဘယ်ကလဲ"

"ဆရာ ကိုထွန်းငွေဆီကပါ၊ မောင်ညိုမှိုင်းဆိုရင် ဆရာ သိပါတယ်တဲ့"

မောင်စောနောင်က လွယ်အိတ်အတွင်းမှ စာတစ်စောင်ကို နှိုက်ပြီး ကိုသက်ခိုင်ကို ပေးသည်။ ကိုသက်ခိုင်က စိတ်ဝင်စားဟန်နှင့် စာအိတ်ကိုဖွင့်၍ ဖတ်ကြည့်သည်။

"ဖိုးသက်ခိုင်. . .

ညက ရုပ်ရှင်ရုံမှာ စံရွှေကြီးနဲ့တွေ့လို့ မောင်ရင်ရောက်နေကြောင်း ငါသိရတယ်၊ ငါ့ရဲ့ ဝက်တို့ ဘဲတို့စံရာ ဗွက်အိုင်သာနန်းကို အလည်လာဖို့ မင်းကို ဖိတ်ခေါ်တယ်၊ ကြိုက်တဲ့အချိန် လာခဲ့၊ ဘဲသားဟင်း ချက်ကျွေးမယ်။

အခု စာယူလာတဲ့ မောင်စောနောင်ကလည်း မင်းကို တွေ့ချင် သိချင်သူ တစ်ဦးပဲ၊ သူက မကွေးကောလိပ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဟောင်းပဲ၊ မင်းတို့ရဲ့ ပညာရေး စနစ်ကောင်းကြီးကြောင့် သုံးခါကျနဲ့ ကျောင်းထွက်နေရသူပဲ၊ အေး. . . ဒါပေမဲ့ ကျောင်းသားခေါင်းဆောင်တစ်ဦး အနေနဲ့တော့ ရပ်တည်နေဆဲပဲ၊ တက္ကသိုလ်ဆင်စွယ်နန်းပေါ်မှာ ကထိကကြီးအဖြစ် ရောက်နေပေမယ့် မင်းတစ်ယောက်ကတော့ ကျောင်းသားခေါင်းဆောင်တစ်ဦးကို ရင်ဆိုင်ရဲလိမ့်မယ်လို့ ငါ ယုံကြည်တယ်။

မင်း ဆက်ဆက်လာခဲ့ပါ၊ ဘဲသားကို မရမ်းသီးစိမ်းအုပ်ပြီး နနွင်းဝါဝါနဲ့ ဆီပြန်ချက်ကျွေးပါ့မယ်။

**မင်းတို့ခေါ်တဲ့...**

**ကျွန်ုပ်**

**မောင်ညိုမှိုင်း**

ကိုသက်ခိုင်သည် ညိုမှိုင်း၏စာကိုဖတ်မိစဉ် ဝမ်းလည်း သာမိသည်၊ ဝမ်းလည်း နည်းမိ၏။

ကိုသက်ခိုင်က မောင်စောနောင်ကို ကြည့်ပြီး ဆိုသည်။

"ညိုမှိုင်းက မောင်စောနောင်ကို ဆရာနဲ့ မိတ်ဖွဲ့ပေးလိုက်တယ်၊ တွေ့ရတာ ဝမ်းသာပါတယ် မောင်စောနောင်"

ကိုသက်ခိုင်က နေရာမှထ၍ မောင်စောနောင်ကို လက်ကမ်းပေးသည်။ ပထမသော် မယုံကြည်နိုင်လေသည်လော မသိ။ မောင်စောနောင်က မျက်မှောင်မသိမသာ တွန့်၍ ကိုသက်ခိုင်ကို ကြည့်သည်၊ ခဏကြာမှ လက်ဆွဲနှုတ်ဆက်သည်။

နှစ်ဦးလုံး ပြန်ထိုင်မိကြသောအခါ ကိုသက်ခိုင်က မေးသည်။

"စောစောက မောင်စောနောင်က ခုံနံပါတ်လည်း လာကြည့်တယ်ပြောတယ်၊ စာမေးပွဲ ဖြေမလို့လား"

"ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ အိတ်စကားနဲ့(လ်)ကင်ဒီဒိတ်(ပြင်ပမှ ဖြေဆိုသူ)ပါ၊ ကျွန်တော်က သုံးခါကျကျောင်းသားပါ"

"မောင်ညိုမှိုင်းရဲ့ စာထဲမှာ ပါပါတယ်၊ ဒါထက် မောင်စောနောင် ဘယ်အတန်းဖြေမှာလဲ"

"ဒုတိယနှစ် ဥပစာဝိဇ္ဇာပါ ဆရာ"

"ဘာသာတွဲကကော. . ."

"တက္ကဗေဒ၊ သမိုင်းနဲ့ စိတ်ကြိုက်မြန်မာစာပါ၊ အောင်ရင်တော့ မန္တလေးတက္ကသိုလ်ရောက်ပြီး. . . ဆရာ့တပည့်ဖြစ်လာလိမ့်မယ် မျှော်လင့်တာပဲ၊ အင်းလေ. . . အောင်ရင်ပေါ့. . ."

တက္ကဗေဒကို ဥပစာတန်းများ၌ ယူလာသူများသည် ဝိဇ္ဇာတန်း၌ ဖီလိုဆိုဖီခေါ် ဒဿနိကဗေဒကို ယူရိုးဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ မောင်စောနောင်က ပြောလိုက်ခြင်း ဖြစ်၏။

"အင်းလေ. . . အောင်ပါစေလို့ ဆရာ ဆုတောင်းပါတယ်၊ နောင်နှစ် ဆရာ့အတန်းမှာ မောင်စောနောင်ကို ဆရာ မြင်ချင်ပါတယ်"

မောင်စောနောင်သည် ဘာကို သဘောကျသည် မသိ၊ ပြုံးလိုက်ပြီးဆို၏။

"ဆရာအတန်း ကျွန်တော်ရောက်မှ ဆရာ စိတ်ညစ်နေရဦးမယ်နော်"

"မောင်စောနောင် ဘာကို ဆိုလိုသလဲ၊ ဆရာ့ကိုယ်တွေ့ပြောရရင်တော့ တပည့်တစ်ယောက်အတွက် တစ်ခါမှ စိတ်မညစ်ဖူးဘူး၊ တပည့်အတွက် စိတ်ညစ်တတ်ရင်လည်း ဆရာတစ်ယောက်ဟာ ဆရာသက်ဆိုး မရှည်နိုင်ပါဘူး"

ဦးဘရီသည် ကိုသက်ခိုင်၏ စကားကို သဘောကျထောက်ခံဟန်ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။ တပည့်များအတွက် စိတ်ညစ်စတမ်းဆိုလျှင် စိတ်ညစ်ရမည့် လူတန်းစားတွင် ကျောင်းအုပ်ကြီးများက ထိပ်တန်းမှပါသည်။ စိတ်ညစ်ရမည်ကို ကြောက်စတမ်းဆိုလျှင်လည်း ကျောင်းအုပ်ကြီးလုပ်ဝံ့မည့်သူ ရှိလေမည် မဟုတ်။ အထူးသဖြင့် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းအုပ်ကြီး လုပ်ဝံ့မည့်သူ ရှိလေမည်မဟုတ်။ ထို့ကြောင့်လည်း ကိုသက်ခိုင်၏ စကားကို သဘောကျ၍ ပြုံးရင်း ခေါင်းညိတ်နေခြင်း ဖြစ်လေ၏။

ဦးဘရီသည် ခေါင်းညိတ်ခြင်းကို ရပ်လိုက်ပြီး မုန့်ပွဲများကို ဆွဲယူပေးရင်း-

"ကဲ. . . ပြောချင်တာလည်း ပြောပေါ့ကွာ၊ မုန့်လည်း စားဦး၊ လက်ဖက်ရည်လည်း သောက်ဦး မောင်စောနောင်"ဟု တိုက်တွန်း၏။

မောင်စောနောင်သည် ကျောင်းအုပ်ကြီး၏ တိုက်တွန်းချက်ကို လေးစားစွာ ဦးခေါင်းညွှတ်လက်ခံပြီး မုန့်တစ်ခု ယူစား၍ လက်ဖက်ရည်ကြမ်းတစ်ခွက် ယူသောက်သည်။

ဦးမြသန်းက မောင်စောနောင်ကို မေးသည်။

"မင်း. . . မမြင့်ဝေနဲ့ တွေ့ပြီးပြီလား"

"ရောက်နေတယ်၊ ညက ဆရာဦးဗိုလ်သင်းတို့အိမ် လာအိပ်တယ်၊ ဩော်. . . ဒါထက် ဆရာဦးသက်ခိုင်. . . မောင်စောနောင်ဟာ မမြင့်ဝေရဲ့မောင်လေး၊ မောင်တစ်ဝမ်းကွဲ"

ကိုသက်ခိုင်၏ သဏ္ဌာန်သည် ဂရုပြုမိမည်ဆိုပါက အနည်းငယ် လှုပ်ရှားသွားကာ "ဩော်. . ."ဟု တစ်ခွန်းသာဆိုပြီး မောင်စောနောင်အား စိုက်ကြည့်နေ၏။

မောင်စောနောင်က ကိုသက်ခိုင်ဘက် လှည့်မေးသည်။

"ဆရာက. . . မမမြင့်နဲ့ သိပါသလား"

"သိတယ်လို့ ဆိုရမှာပေါ့လေ၊ အမှန်ကတော့ မနေ့ညကမှ စ,စကားပြောဖူးတာပါ"

မောင်စောနောင်သည် စကားမပြောတော့ဘဲ လက်ဖက်ရည်ကြမ်းကို ဆက်သောက်နေ၏။ လက်ဖက်ရည်ကြမ်းကို ဆက်သောက်နေပုံမှာ အမှတ်မထင်ပြုနေဟန် ပေါ်သော်လည်း မျက်နှာထားသည် သိသိသာသာ ပြောင်းလဲနေကြောင်း ကိုသက်ခိုင်က သတိပြုမိ၏။

စကားများပြတ်ကာ ခေတ္တ တိတ်ဆိတ်သွားပြီးနောက် ဦးဘရီသည် နေရာမှထရင်း ပြော၏။

"ကိုကြီးတော့ ကျောင်းရုံးဘက် သွားလိုက်ဦးမယ်၊ ဦးမြသန်း. . . ခင်ဗျာ ဆရာ မြို့ထဲ လျှောက်ကြည့်ဖို့ စီစဉ်ဦးလေ၊ ဖိုးသက်ခိုင်ရေ. . . ကိုကြီးတော့ မလိုက်အားဘူး"

ဦးဘရီနှင့်အတူ ဦးမြသန်းကလည်း နေရာမှ ထသည်။

"ဟုတ်ပါရဲ့၊ ကျွန်တော် အဝတ်အစားလဲပြီး မြို့ထဲက ငှက်ဖျားရောဂါနှိမ်နင်းရေးဌာနက မိတ်ဆွေဆီ ကားသွားငှားလိုက်ဦးမယ်၊ မောင်စောနောင်နဲ့ စကားပြောနေရစ်ပေါ့"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

**ပြည်တွင်းရေးရာ**

# ဖောင်းပြင်နယ်နှင့် ဟုမ္မလင်းနယ်အတွင်းရှိ ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွေ့ရသည့် ချင်းတွင်းဂျစ်ပစီခေါ် ရွှေ့ပြောင်းဖောင်အိမ်ဖြင့်နေထိုင်သူများ နည်းပါးလာ



**ဇူလိုင် ၂၁**

ချင်းတွင်းမြစ်အထက်ပိုင်း ဖောင်းပြင်နယ်နှင့် ဟုမ္မလင်းနယ်အတွင်းရှိ ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွေ့ရသည့် ချင်းတွင်းဂျစ်ပစီခေါ် ရွှေ့ပြောင်းဖောင်အိမ်ဖြင့်နေထိုင်သူ တစ်နှစ်ထက်တစ်နှစ် နည်းပါးလာပြီး အချို့ဖောင်အိမ်များမှာ အကြောင်းအမျိုးမျိုးဖြင့် ပျောက်ကွယ်လျက်ရှိကြောင်း ဖောင်းပြင်ဒေသခံတစ်ဦးက ပြောသည်။

ချင်းတွင်းအထက်ပိုင်းတွင်တွေ့မြင်ရသော ဖောင်အိမ်များမှာ ဒေသထွက် ဝါး၊ သစ်တို့ကို ဖောင်ဖွဲ့၍ သစ်ဖောင်၊ ဝါးဖောင်ပေါ်တွင် အိမ်ဆောက်နေထိုင်ကြခြင်းဖြစ်သည်။

"ဖောင်အိမ်လို့ခေါ်တဲ့ ရွှေ့ပြောင်းဖောင်အိမ်တွေဟာ ဘယ်တုန်းကစဖြစ်ပေါ်ခဲ့တယ်ဆိုတာ မသိရပေမယ့် ကျွန်တော်တို့ အဖိုးအဖွားလက်ထက်က စတင်နေထိုင်တယ်၊ လွန်ခဲ့တဲ့အနှစ်တစ်ရာကျော်ကာလက စလာခဲ့လို့လည်း ရှိနေတယ်ဆိုတာကတော့ သေချာပါတယ်။ ဟိုတုန်းကတော့ ချင်းတွင်းမြစ်ရေပေါ်မှာ ဖောင်ဖွဲ့အိမ်ဆောက်နေထိုင်ပြီး တံငါလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေ ဖြစ်ပါတယ်။ နောက်ပိုင်း သစ်ခုတ်၊ ဝါးခုတ်သမားတွေ၊ ကျပန်းအလုပ်သမားတွေကလည်း ဖောင်အိမ်တွေနဲ့ နေထိုင်ကြတယ်။ အခုတော့ ချင်းတွင်းမြစ်ထဲမှာ ရေပျော်သားငါးကလည်း နည်းပါးလာပြီ။ မြစ်ရိုးတစ်လျှောက်မှာလည်း သစ်၊ ဝါးနည်းပါးလာနေတာဖြစ်တဲ့အတွက် သူတို့အတွက် လုပ်စားဖို့ရာ ရှားပါးလာတာကလည်း အကြောင်းတစ်ကြောင်း အပါအဝင်ဖြစ်နိုင်ပါတယ်။ အဆိုးဆုံးကတော့ ဆောင်းနဲ့နွေကာလတွေမှာ ချင်းတွင်းမြစ်ရေနည်းပါးလာမှုက သူတို့အတွက် နေမှုထိုင်မှုအခက်အခဲဖြစ်ပေါ်လာတာ ဖြစ်ပါတယ်" ဟု ဒေသခံ ဦးပိုက်သင်ကပြောသည်။

ယခင်အနှစ် နှစ်ဆယ်ကျော်ကာလက ချင်းတွင်းအထက်ပိုင်းတွင် ဖောင်အိမ်ဖြင့်နေထိုင်သူဦးရေ ၃၀၀ ဝန်းကျင်ရှိကြောင်း ဟုမ္မလင်းမြို့ မြို့မိမြို့ဖတစ်ဦးက ပြောသည်။

အဆိုပါဖောင်အိမ်များမှာ နွေမိုးဆောင်း ရာသီအလိုက် စုန်ဆန်ပြောင်းရွှေ့နေထိုင်ကြပြီး သုံးအိမ်၊ ငါးအိမ်တစ်ရွာနှုန်းဖြင့် နေထိုင်ကြပြီး ထိုရွှေ့ပြောင်းဖောင်အိမ်များကို ဖောင်းပြင်နယ် စန္ဒား၊ သရောင်း၊ အောက်တောင်းဒေသများနှင့် ဟုမ္မလင်းနယ်တွင် သောင်သွပ်၊ မောင်းခမ်း၊ ထမံသီ ဒေသများတွင် တွေ့ရသည်။

ယင်းဖောင်အိမ်များတွင် နေထိုင်သူအများစုမှာ မုံရွာနယ်၊ ဆားလင်းကြီးနယ်၊ ရေစကြိုနယ်မှ လာရောက်နေထိုင်သူများဖြစ်ကြောင်း အောက်တောင်းရွာမှ ဒေသခံတစ်ဦးကပြောသည်။

ယခုအခါ ချင်းတွင်းအထက်ပိုင်း ရွှေ့ပြောင်းဖောင်အိမ်ခေါ် ချင်းတွင်းဂျစ်ပစီများမှာ မြစ်အတွင်းငါးသယံဇာတများ နည်းပါးပျောက်ကွယ်ခဲ့သလို ယင်းတို့လည်း ပျောက်ကွယ်လာနေကြပြီဖြစ်သည်။

**သျှင်သုရိယ**

# သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် အခြားစိုက်ပျိုးရေး ပညာပေးနည်းစနစ်များအကြောင်း နည်းပညာပေးဟောပြော

**မြိတ် ဇူလိုင် ၂၁**

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် အခြားစိုက်ပျိုးရေးပညာပေးနည်းစနစ်များအကြောင်း နည်းပညာပေးဟောပြောပွဲကို မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု ရှမ်းတောင်ကျေးရွာ ဓမ္မာရုံတွင် ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးခြင်းဖြင့် တစ်ဧကအထွက်နှုန်းကောင်း၍ ကျေးလက်နေတောင်သူများ ဝင်ငွေတိုးတက်လာစေရေး၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်လုပ်မှုဖြစ်လာစေရေး၊ ယင်းပစ္စည်းများကို သုံးစွဲခြင်းဖြင့် လူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် ရည်ရွယ်၍ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့် စိုက်တိုးမြှင့်ဝန်ထမ်းများ၊ ပသောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပသောင်းကျေးရွာနှင့် ကျေးရွာခွဲများမှ ရာအိမ်မှူးများ၊ ဒေသခံတောင်သူများတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရာတွင် စိုက်ပျိုးမှုအောင်မြင်ရန်အတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များသည် မဖြစ်မနေကျင့်သုံးရန်လိုအပ်၍ အခြေခံကျကြောင်း စိုက်ပျိုးနည်းစနစ်များ မှန်ကန်၍ အချိန်မီဆောင်ရွက်မှသာ အထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များတွင် ပျိုးထောင်ခြင်းနည်းစနစ်များ၊ စိုက်ပျိုးခြင်းနည်းစနစ်များ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲခြင်းနည်းစနစ်များကို အဓိကထား၍ မှန်ကန်စွာဆောင်ရွက်ရန်လိုအပ်ကြောင်း တစ်ဖက်မှလည်း ယခုကဲ့သို့နည်းစနစ်များကို ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကိုလည်း ဂရုပြုရမည်ဖြစ်ကြောင်း ပြောကြသည်။

တောင်သူများ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြန်လည်ဆွေးနွေးရာတွင် ယခုအခါ ဈေးကွက်တွင် ရွေးချယ်၊ ရွေးချယ်မဲ့ ပေါင်းသတ်ဆေးများ၊ အမျိုးအစားစုံလင်စွာဖြင့် ဝယ်ယူရရှိနေပြီဖြစ်၍ မိမိတို့၏အခြေအနေနှင့်ကိုက်ညီသည့် ပေါင်းသတ်ဆေးများအသုံးပြုခြင်းဖြင့် အထွက်နှုန်းတိုးတက်၍ ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**မြင့်ဦး(မြိတ်)**

■

## မိုးညှင်းမြို့နယ် နန့်ပုတ်ချောင်းရေကြီးရေလျှံကာသွားလာမှုခက်ခဲသဖြင့် ဒေသခံဆိုင်ကယ်အငှားထမ်းပို့သူများက လိုရာပို့ဆောင်ကာအပိုဝင်ငွေရရှိ

**မိုးညှင်း ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာတွင် ဇူလိုင် ၁၈ ရက် ညက မိုးသည်းထန်စွာရွာသွန်းသဖြင့်ဆယ်မိုင်ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်ရှိ နန့်ပုတ်ချောင်းရေကြီးရေလျှံမှုဖြစ်ခဲ့ရာ အဆိုပါ နန့်ပုတ်ချောင်းကူးတံတားမှာကြံ့ခိုင်မှု မရှိသောကြောင့် အသစ်တည်ဆောက်ရန်ဆောင်ရွက်နေစဉ်တံတားဘေးကွင်းလမ်းမှသွားလာနေရပြီးရေကြီးရေလျှံမှုကြောင့်သွားလာမှုအဆင်ပြေနိုင်ရန် ဒေသခံများကဆိုင်ကယ်အငှားထမ်းပို့ကာကူညီဆောင်ရွက်ခြင်းဖြင့်အပိုဝင်ငွေရှာဖွေလျက်ရှိကြောင်းသိရသည်။

ဆယ်မိုင်ကျေးရွာနှင့် တစ်မိုင်ခွဲခန့်အကွာတွင်ရှိသော ကားလမ်းမိုင်တိုင်အမှတ် ၁၇၆/၇ နှင့် ၁၇၇/၀ကြားရှိအဆိုပါနန့်ပုတ်ချောင်း(နန့်ပုတ်တံတား)မှာမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်ဒေသခံခရီးသွားများ၊ ရွှေဘို-မြစ်ကြီးနားအတက်အဆင်းကုန်တင်မော်တော်ယာဉ်ကြီးယာဉ်ငယ်များ၊ ဆိုင်ကယ်မောင်းနှင်သူများကအခက်အခဲနှင့်ကြုံတွေ့ကြရသည်။

"လွန်ခဲ့တဲ့ ၁၈ ရက် ညက မိုးသည်းသည်းမဲမဲရွာလိုက်လို့ ဒီနေ့မနက်စောစောမှာမော်တော်ယာဉ်ကြီးယာဉ်ငယ်တွေသွားလာလို့မရတော့ဘူး။ မနက်၆နာရီထိုးပြီး ၇ နာရီကျတော့ ရေအနည်းငယ်ကျလို့တံတားဆောက်လုပ်ရေးအဖွဲ့က ကားတွေ ဘက်ဟိုးတွေနဲ့ Express ခရီးသည်ကားတွေမော်တော်ယာဉ်ကြီးတွေ ၁၀စီးကိုကူညီပေးခဲ့ရပါသေးတယ်"ဟုမိုးညှင်းခရိုင်တံတားဆောက်လုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့လူငယ်အဖွဲ့ကဆိုင်ကယ်တွေသွားလာလို့မရတာကို မြင်တွေ့ရလို့ကုသိုလ်လဲရ ဝမ်းလဲဝဆိုသလို ဆိုင်ကယ်တစ်စီးကို ကျပ် ၂၀၀၀ နှုန်းနဲ့ လူလေးယောက်ကလိုသလိုထမ်းပိုးပေးတာပါ။ ထမ်းပေးတဲ့အဖွဲ့က ငါးဖွဲ့လောက်ရှိပါတယ်။ မနက်၆နာရီခွဲကနေ မွန်းတည့်ထိအောင်မနားတမ်းထမ်းပိုးနေရတာပါ။ ကျွန်တော်အတွက်ငွေ ၈၀၀၀ လောက်ရတာမို့ ကုသိုလ်လဲရမိသားစုအတွက်အပိုဝင်ငွေလည်းရတာပေါ့"ဟုဆယ်မိုင်ရွာမှဆိုင်ကယ်အငှားထမ်းပို့ဆောင်ပေးသူ လူငယ်တစ်ဦးကပြောသည်။

**(၀၅၈)**

## ပျော်ဘွယ်တွင် ရွေးကောက်ပွဲဆိုင်ရာဆင့်ပွားပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

**ပျော်ဘွယ် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံတင့်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းကိုကိုက ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးမြင့်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်တန်းကို ဆက်လက်ပို့ချကြသည်။ အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များ၊ မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ်များ၊ လွှတ်တော်အရပ်ရပ်၏ဥပဒေ၊ နည်းဥပဒေများ၊ ဆန္ဒပြုခြင်းနှင့် မဲရုံတည်ဆောက်ခြင်း၊ ကွင်းဆင်းမှုအတွေ့အကြုံဆွေးနွေးခြင်း ဘာသာရပ်များကို ပထမနေ့တွင် အမှတ်(၁) မဲဆန္ဒနယ်မှ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များကိုလည်းကောင်း၊ ဒုတိယနေ့တွင် အမှတ်(၂) မဲဆန္ဒနယ်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များကိုလည်းကောင်း သင်တန်းပို့ချကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ပြည်နယ်အဆင့်တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန် ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန် ဆရာ၊ ဆရာမများ၊ ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်နှင့် ပတ်သက်၍ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးအောင်မောင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူရှင်များကပေးအပ်သော အလှူငွေများအား ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။အောင်ချက်အကောင်းဆုံးမြို့နယ် ပထမဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဒုတိယဆုရ လှိုင်းဘွဲ့မြို့နယ်၊ တတိယဆုရ ဘားအံမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျခတ်ချောင်း အ. ထ. က(ခွဲ)၊ ဒုတိယဆုရ ကြာအင်းဆိပ်ကြီး အ. ထ. က၊ တတိယဆုရ ရွှေဂွန်းကျေးရွာ အ. ထ. က၊ ၆ ဘာသာဂုဏ်ထူးရှင်၊ ၅ ဘာသာ၊ ၄ ဘာသာ၊ ၃ ဘာသာ ဂုဏ်ထူးရှင်ဆုများကိုလည်းကောင်း၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးဆုကိုလည်းကောင်း၊ အောင်ချက်အကောင်းဆုံးမြို့နယ်နှင့် အောင်ချက်အကောင်းဆုံးကျောင်း ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ထူးချွန်အသင်ပြကောင်းသော ဆရာ၊ ဆရာမများ ဂုဏ်ပြုဆုငွေကိုလည်းကောင်း၊ ကျောင်းသားဦးရေအလိုက် အောင်ချက်အကောင်းဆုံး ကျောင်းဆုကိုလည်းကောင်း၊ ဘက်စုံထူးချွန်ကျောင်းသား၊ ကျောင်းသူဆုများကိုလည်းကောင်း တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများမှ ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

ဆောင်းပါး

# “မြှင့်တင်ကြိုးပမ်းငါးလုပ်ငန်း”

**à ဥမ္မာအောင်(ငါးဦးစီး)**



မြန်မာနိုင်ငံ၏ ရေချိုငါးသယံဇာတအတွက် အဓိက ပံ့ပိုးပေးလျက်ရှိသော အကြောင်းအရာများမှာ မုတ်သုံမိုးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ထို့အပြင် မြန်မာ့ရေချိုအင်းများ၊ မြစ်ချောင်းအသီးသီး၏ ရေစီးရေလာကောင်းမွန်မှု၊ ငါးနေငါးထိုင်အတွက် သဘာဝသြဇာဓာတ်များ ကောင်းမွန်မှုတို့သည် အဓိကကျလှပါသည်။

ထို့အပြင် ငါးများလွယ်ကူစွာ ရွှေ့ပြောင်းသွားလာနိုင်သော သဘာဝရေလမ်းကြောင်း (Migratory Route) ကောင်းမွန်ခြင်း၊ ငါးနေငါးထိုင်များကောင်းခြင်း (Fish Habitats)၊ ငါးမျိုးပေါက်ဖွားရာနေရာ (Spawning Ground ) များကောင်းခြင်းနှင့် ရေထုညစ်ညမ်းမှုမရှိခြင်း စသည့်အခြေခံအချက်များပေါ် မှီတည်နေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသောရာသီဥတုကြောင့် မုတ်သုံမိုးသည် ရေချိုငါးလုပ်ငန်း အတွက် အထူးအရေးပါလှပါသည်။ ရာသီဥတုမှန်ကန်ခြင်း (သုံးရာသီ)၊ နှစ်စဉ်မိုးရေချိန်လက်မများ အပြောင်းအလဲရှိသော်လည်း သဘာဝအတိုင်းဖြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ ငါးများအား မျိုးပွားခွင့်ပေးခြင်း (ငါးရစ်၊ ငါးသန်ချိန်များတွင် ဥပါမျိုးငါးကြီးများအား မဖမ်းဆီးခြင်း)၊ သဘာဝအင်းအိုင်များ မပျက်စီးရေး၊ အလွန်အကျွံ ငါးဖမ်းဆီးမှုမရှိစေရေး၊ တရားမဝင်ငါးဖမ်းဆီးခြင်း ( Illegal, Unreported , Unregulated Fishing – IUU Fishing) ပပျောက်ရေးနှင့် ရေထုညစ်ညမ်းမှုနည်းပါးခြင်းစသည့် အချက်များသည် ရေချိုငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် အကျုံးဝင်သောအချက်များ ဖြစ်ပါသည်။

နှစ်စဉ်တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် (Food Security) စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေး (Sustainable Fisheries) ကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော ငါးပုစွန်များထုတ်လုပ်နိုင်ရန် (Food Safety) အတွက် မွေးမြူရေးဌာနခွဲမှနေ၍ ASEAN ECONOMIC COMMUNITY BLUE PRINT \ Road Map အရ ရေတွင်မွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သောမွေးမြူထုတ်လုပ်မှု ကျင့်စဉ် (GAqP) စနစ်ကို ၂၀၁၂ ခုနှစ်မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ရေချိုငါးမွေးမြူရေးလုပ်ငန်းရှင်များမှ GAqP ကို အင်တိုက်အားတိုက်ဆောင်ရွက်ခြင်းဖြင့် ပြည်ပသို့ မွေးမြူရေးထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ပြီး ငါးကဏ္ဍအတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အောက်ဖော်ပြပါအချက်များကို အစစ်ဆေးခံနိုင်ရန် ဆောင်ရွက်ထားရှိခြင်းအားဖြင့် GAqP certificate ကို ငါးဦးစီးသို့ လျှောက်ထားရယူရန် လိုအပ်မည်ဖြစ်ပါသည်-

**၁။ ငါးမွေးမြူမည့်မြေနေရာစစ်ဆေးခြင်း**

(က) ငါးမွေးမြူသောကန်သည် ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုချက်၊ လုပ်ငန်းလိုင်စင်ရယူထားသော မြေနေရာဖြစ်ရမည်။ ငါးမွေးမြူသောမြေနေရာပိုင်ဆိုင်မှု၊ ငါးမွေးမြူခွင့်လိုင်စင်အထောက်အထားများနှင့် နှစ်စဉ် ငါးလုပ်ငန်းဦးစီးဌာနသို့ ငွေပေးသွင်းထားသောချလန်များ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) ငါးမွေးမြူသောနေရာ၏ ရေနှင့် မြေအရင်းအမြစ်ကောင်းမွန်မှု၊ ရေဝင်ရေထွက်စနစ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဝန်ထမ်းများအတွက် အခြေခံအဆောက်အအုံများရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၂။ ငါးမွေးကန်များအတွက် စီမံခန့်ခွဲခြင်း**

(က) ရေဆိုးစွန့်ထုတ်ရန် ချမှတ်ထားသော နည်းလမ်းများ (သို့မဟုတ်) ဆောင်ရွက်ထားမှုများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) ငါးမွေးမြူရေးကန် တည်နေရာပြမြေပုံများအတိုင်း မှန်ကန်မှုရှိ-မရှိ၊ နည်းပညာပိုင်းဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူခြင်းဆိုင်ရာ သင်တန်းများတက်ရောက်ခြင်းရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၃။ ရေမြေအရည်အသွေးစစ်ဆေးခြင်း**

(က) ငါးပုစွန်ကန်ပြင်ဆင်ခြင်း မှတ်တမ်းများ၊ ပုံမှန်ရေအရည်အသွေး ထိန်းသိမ်းစစ်ဆေးထားရှိမှု မှတ်တမ်းများနှင့် ရေလဲလှယ်မှုအခြေအနေများကို အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) ရောဂါကျရောက်ခဲ့လျှင် ရေသွင်းရေထုတ်ဆောင်ရွက်ထားရှိမှုအကြိမ်များနှင့် ရေအရည်အသွေးကောင်းမွန်စေရန် အသုံးပြုသော ဓာတုဆေးဝါးမှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ဂ) ငါးပုစွန်မွေးကန် မြေ၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးထားသောမှတ်တမ်းများ၊ ဝယ်ယူထားသော ငါးသားပေါက်မှတ်တမ်း၊ သားပေါက်ထည့်သွင်းနှုန်း၊ အစာကျွေးနှုန်းနှင့် ရေလဲလှယ်နှုန်း စသည့်မှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၄။ သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများစစ်ဆေးခြင်း**

(က) အမှိုက်သရိုက်ပုံး၊ စွန့်ပစ်ပစ္စည်းပုံးများ၊ အိမ်သာများနှင့် စွန့်ပစ်ရေဆိုးများထားရှိသောနေရာနှင့် ဝေးသောနေရာတွင် ငါးပုစွန်မွေးကန်များထားရှိခြင်း အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) မွေးကန်အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းမှုရှိ-မရှိနှင့် ကြွက်ခြင်ယင်အန္တရာယ် ကာကွယ်ထားမှုရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၅။ ငါးပုစွန်ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

(က)ရောဂါဖြစ်ပွားပြီး ဓာတုဆေးဝါးများအသုံးပြုရန်လိုအပ်ခဲ့လျှင် နိုင်ငံတကာမှ မွေးမြူရေးအတွက် တရားဝင်အသုံးပြုရန် ခွင့်ပြုထားသော ဓာတုဆေးဝါးများနှင့် ပဋိဇီဝဆေးဝါးများကို အညွှန်းစာအတိုင်း သုံးစွဲခြင်းနှင့် နိုင်ငံတကာမှ အသုံးမပြုရန်တားမြစ်ထားသော ဓာတုဆေးဝါးနှင့် ပဋိဇီဝဆေးဝါးများ သုံးစွဲခြင်းရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) ရောဂါဖြစ်ပွားသောနေရာတွင် တာဝန်ရှိသူများထံ သတင်းပို့ခြင်း၊ ဆောင်ရွက်ထားရှိမှု မှတ်တမ်းများစစ်ဆေးခြင်း၊ ဖယ်ရှားရှင်းလင်းခြင်းနှင့် စွန့်ထုတ်ရေများ စနစ်တကျဆောင်ရွက်ထားရှိမှု မှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ဂ) အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းမှုရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၆။ ငါးမွေးကန်များတွင် ဆောင်ရွက်ထားရှိရမည့်အချက်များ**

(က) ငါးသားပေါက်စခန်း (သို့မဟုတ်) ငါးသားပေါက်ဝယ်ယူသည့်နေရာများမှ ဝယ်ယူသည့် ငါးသားပေါက်မှတ်တမ်း Fry Movement Document (FMD) တွင် ငါးလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက် ပါဝင်မှုရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး) (ငါးလုပ်ငန်းဦးစီးဌာနမှ Good Hatchery Practices ကို အခြေခံထားသော ငါးသားဖောက်ထုတ်လုပ်မှုမှတ်တမ်းများကို စစ်ဆေးပြီးမှ FMD ထုတ်ပေးခြင်း)

(ခ) အသုံးပြုရန် တင်သွင်း (သို့မဟုတ်) ဝယ်ယူထားသော အစာ၊ ဖြည့်စွက်စာနှင့် အားဆေးများ၏ ဓာတ်ခွဲခန်းစစ်ဆေးချက်မှတ်တမ်းများနှင့် အသုံးပြုသည့်တံဆိပ်များ၊ သက်တမ်းကုန်ဆုံးရက်၊ အသုံးပြုခြင်းမှတ်တမ်းအစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ဂ) မွေးကန်များတွင် အစာပြင်ဆင်ထုတ်လုပ်ရာ၌ တရားမဝင်ခွင့်ပြုထားသော ဓာတုဆေးဝါးများနှင့် ပဋိဇီဝဆေးဝါးများ ထည့်သွင်းအသုံးပြုခြင်းရှိ-မရှိ ဓာတ်ခွဲခန်းရလဒ်မှတ်တမ်းများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ဃ) မွေးကန်များတွင် သုံးစွဲသောအစာများ သန့်ရှင်းမှုရှိ-မရှိ၊ အာဟာရပါဝင်မှုရှိ-မရှိနှင့် လုပ်ငန်းသုံးပစ္စည်းများ သန့်ရှင်းမှုရှိ-မရှိ အစစ်ဆေးခံနိုင်ရမည်။ (သာမန်စစ်ဆေး)

**၇။ ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် သယ်ယူပို့ဆောင်ဖြန့်ချိရာ၌ လိုက်နာရမည့်အချက်များ**

(က)ဖော်ထုတ်ဖမ်းဆီးခြင်းမပြုလုပ်မီ ပဋိဇီဝဓာတုဓာတ်ကြွင်းများရှိ-မရှိနှင့် အညွှန်းပမာဏထက် ကျော်လွန်သုံးစွဲမှုရှိ-မရှိ ဓာတ်ခွဲရလဒ်များ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

(ခ) ငါးပုစွန်ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းနည်းလမ်းများတွင် အရည်အသွေးကောင်းမွန်စေရန်နှင့် သန့်ရှင်းမှုရှိစေရန်ပြုလုပ်သော အစီအမံများ အစစ်ဆေးခံနိုင်ရမည်။ (အဓိကစစ်ဆေး)

အထက်ဖော်ပြပါအချက်အလက်များကို အစစ်ဆေးခံနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းအားဖြင့် GAqP certificate ကို ရယူလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မွေးမြူရေးဌာနခွဲမှ ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ကွင်းဆင်း၍ အဓိကစစ်ဆေးချက်များကို ၁၀၀ ရာခိုင်နှုန်းပြည့်စုံအောင် စစ်ဆေးမည်ဖြစ်ပြီး သာမန်စစ်ဆေးမှုများကို ၆၀ ရာခိုင်နှုန်းထက်မနည်းဘဲ စစ်ဆေးပြီးမှသာ certificate ထုတ်ပေးခြင်းအားဖြင့် ASEAN Road Map အရ နိုင်ငံခြားသို့ မွေးမြူရေးထွက်ကုန်များကို တင်ပို့ရောင်းချပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေနိုင်မည်ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှနေ၍ ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လုပ်ငန်းရှင်များကို ငါးမွေးမြူထုတ်လုပ်နိုင်ရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးလုပ်ငန်းကို မြှင့်တင်ကြိုးပမ်းကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။

**ကိုးကားချက်။ ။ FAO GAqP guideline for Aquaculture,2005.**

---

## လွိုင်လင်ခရိုင် သစ်တောဦးစီးဌာနအစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် လူထုလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုး

**လွိုင်လင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် သစ်တောဦးစီးဌာနအစီအစဉ်ဖြင့် စီမံချက်အတိုင်း ၂၀၁၅ ခုနှစ် လူထုလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက လွိုင်လင်မြို့နယ် နောင်တောင်းကျေးရွာ မြို့ရေပေးရေးရေကန်အနီးတွင် ကျင်းပရာ လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဌာနဆိုင်ရာများ တက်ရောက်၍ သစ်ပင်ပေါင်း ၉၅၀ ပင်ကို စိုက်ပျိုးကြသည်။

အလားတူ မိုင်းနောင်မြို့မှ မိုင်းရှူးမြို့သွားလမ်းဘေးတွင် ဇွန် ၂၈ ရက်က သစ်ပင် ၈၀၀ ပင်ကိုလည်းကောင်း၊ ကျေးသီးမြို့ ဟော်ကုန်းဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဇွန် ၃၀ ရက်က သစ်ပင် ၈၀၀ ပင်ကိုလည်းကောင်း၊ ခိုလမ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ ဇူလိုင် ၅ ရက်က သစ်ပင်ပေါင်း ၁၀၀၀ ကိုလည်းကောင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် လွိုင်လင်တစ်ခရိုင်လုံးအနေဖြင့် သစ်ပင်ပေါင်း နှစ်သိန်းစိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

■

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၁**

အလုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်သာမြင့်သိန်းနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အလုံမြို့နယ်စည်ပင်ကျန်းမာရေးဌာနမှ မြို့နယ်ကျန်းမာရေးအရာရှိဒေါက်တာမြတ်စံပယ်လှိုင်နှင့်စည်ပင်ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး အလုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် အလုံမြို့နယ် ဆင်မင်းရပ်ကွက်တွင်အဘိတ်ဆေးခပ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များက ပါဝင်ကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# သမိုင်းဝင် မင်းကြီးကန် သန့်ရှင်းလှပစေရန် ဒေသခံများလိုလား

**မကွေး ဇူလိုင် ၂၁**

မကွေးမြို့၏ အထင်ကရသမိုင်းဝင် ကန်သာကန်ကြီးကို ထိန်းသိမ်းစောင့်ရှောက်မှု အလွန်အားနည်းလျက်ရှိပြီး စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်သရိုက်နှင့် အညစ်အကြေးစွန့်ပစ်မှုများကြောင့် ကန်ကြီး၏ဂုဏ်ကျက်သရေနှင့် သဘာဝအလှတရားများ ပျက်စီးယိုယွင်းနေသည်ကို ဒေသခံများ မလိုလားကြောင်း သိရသည်။

ကန်သာရပ်ကွက်ထိပ်တွင်တည်ရှိသော ကန်သာကန်ကြီးသည် ရှေးအခါက မင်းကြီးကန်ဟူ၍ အမည်တွင်ခဲ့ပြီး သက္ကရာဇ် ၁၁၂၀ ခုနှစ်၊ အလောင်းမင်းတရားကြီးလက်ထက်တွင် စက်ကိရိယာအကူအညီမပါ မကွေးဒေသခံများ၏လုပ်အားဖြင့် တူးဖော်ခဲ့သော ကန်တော်ကြီးဖြစ်သည်။

တူးဖော်ခဲ့စဉ်က တစ်ဖက်ဆည်ကန်အမျိုးအစားဖြစ်ပြီး ဧက ၂၀ ကျော်ခန့်ရှိသည်။ ကန်အတွင်း၌ ငါး၊ လိပ်၊ ပုစွန်နှင့် ကြာမျိုးစုံစွာ ဖူးပွင့်သာယာလှပခဲ့သည်။ ကန်ဘောင်ကြီး အရှည်တည်တံ့ခိုင်မာစေရန် မင်းကြီး၏အစီအမံဖြင့် အညာဒေသမျိုးရင်းအပင်များဖြစ်ကြသော ထနောင်း၊ တမာ၊ မန်ကျည်းနှင့် ကုက္ကိုပင်များကို ကန်ဘေးပတ်လည်တွင် စိုက်ပျိုးခဲ့သည်။

ယင်းအပြင် ၁၁၂၁ ခုနှစ်တွင်လည်း နယ်လှည့်စစ်ချီလာသော စစ်သူကြီးနန္ဒသူက ရွာသူကြီးဦးနန်းခကို ငွေသားငါးဆယ်ချီးမြှင့်၍ အဆိုပါကန်တော်ကြီးကို ပို၍သာယာလှပစေရန် ဘက်စုံမွမ်းမံမှုများ ဆောင်ရွက်စေခဲ့သည်။ မင်းကြီးကန်ကို အမှီအတင်းပြု၍ မင်းကန်ကြီးကျေးရွာတောင်သူများသည် နှစ်ပေါက်ရေ သိုလှောင်ထားနိုင်သည့် တစ်ဖက်ဆည်ကန်တော်ကြီးမှ ရေကိုအသုံးပြုကာ စပါးသီးနှံများစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအဆင်ပြေခဲ့ကြကြောင်း သိရသည်။

သို့သော် ၁၉၉၀ ခုနှစ်ရောက်သောအခါ မြို့ကွက်သစ်တိုးချဲ့စီမံချက်ဖြင့် ရပ်ကွက်သစ်များချထားပေးပြီး နောက် အကျယ်အဝန်းဧက ၂၀ ကျော်ခဲ့သော မင်းကန်ကြီးသည်လည်း ၁၈ ဒသမ ၃၀ ဧကသာကျန်ရှိတော့သည့်အပြင် မင်းကြီးကန်ဟူသော မူရင်းအမည်ပျောက်ကာ ကန်သာကန်ဟု အမည်ပြောင်းလဲလာခဲ့သည်။

ကန်သာကန်ကြီးအနီးတွင် ကန်သာရပ်ကွက်ဖြစ်တည်လာပြီး ရပ်ကွက်နှင့်ကန်ပေါင်မှာ ပေ ၃၀ အကွာ နယ်နမိတ်ခြားသော်လည်းကန်ပတ်လမ်းအဖြစ် အသုံးပြုခြင်းမရှိပဲ စည်းကမ်းမဲ့ ကျူးကျော်အိမ်များသာ ရွာတန်းငယ်အဖြစ် ဆောက်လုပ်နေထိုင်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းအပြင် မြို့၏ဂုဏ်ကျက်သရေဆောင် သမိုင်းဝင် ဆုတောင်းပြည့်အေးစေတီဘုရား ရှိသည်။ ကန်သာကန်ကြီးထဲတွင် လူတို့က စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ခြင်း၊ တိရစ္ဆာန်တို့ကို စည်းကမ်းမဲ့လွှတ်ထားခြင်းများကြောင့် အမှိုက်သရိုက်နှင့် အညစ်အကြေးများ၊ ချုံနွယ်ပိတ်ပေါင်းများကြားတွင် မြင်တွေ့ရသည်။ တစ်ဖန် ကန်သာကန်ကြီးအတွင်းတွင် မမြင်ဝံ့ဖွယ်ရာ ချစ်သူရည်းစားများနှင့် မကောင်းမှုများ အလုပ်ဖြစ်သည့်နေရာအဖြစ် ဝမ်းနည်းဖွယ်မြင်တွေ့ရပြန်သည်။

ကန်သာကန်ကြီး၏ ညစ်ညမ်းမှုများကြောင့် အနီးဝန်းကျင်ရှိ အေးစေတီဘုရားကြီးနှင့် သံဃာ ၅၀၀ ကျော် သီတင်းသုံးလျက်ရှိသော အောင်မြေရတနာကျောင်းတိုက်ရှိ စာသင်သားသံဃာတော်များ၊ ဘုရားဖူးများ၊ တရားအားထုတ်သူများအတွက် အထူးအနှောက်အယှက်ဖြစ်ကြရသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး မြို့တော်အဂ်ါရပ်နှင့်အညီ သမိုင်းဝင် ရှေးဟောင်းကန်တော်ကြီးနှင့် အနီးနားဝန်းကျင်အား သန့်ရှင်းသာယာရေး အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

**စာစာ(မကွေး)**

# နို့စားနွားမွေးမြူသူများအဆင်ပြေ ဝင်ငွေတိုးလျက်ရှိ

**မကွေး ဇူလိုင် ၂၁**

မကွေးမြို့နယ်အတွင်း ကျေးလက်ဒေသများ၌ လယ်ယာလုပ်ငန်းခွင်အသုံးပြုခိုင်းစေရန် ခိုင်းနွားများမွေးမြူရောင်းဝယ်ခြင်းကို မိရိုးဖလာလုပ်ကိုင်လျက်ရှိပြီး အချို့ကျေးရွာများနှင့် မြို့စွန်ရပ်ကွက်များတွင် စားကျက်မြေနှင့် နွားစာအခက်အခဲများကြောင့် နို့စားနွားသီးသန့်မွေးမြူကြပြီး နေ့စဉ်ဝင်ငွေတိုး၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မကွေးမြို့သည် စီးပွားရေးအချက်အချာကျ၍ ကျောင်းပေါင်းစုံ၊ ဌာနဆိုင်ရာပေါင်းစုံ အခြေစိုက်သော တိုင်းဒေသကြီးမြို့တော်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်မှုများပြားသောကြောင့် နို့စားနွားမွေးမြူသူများ၊ နို့ဆီချက်လုပ်ငန်းရှင်များနှင့် နို့ထွက်ကုန်လုပ်ငန်းရှင်များအတွက် အထူးသင့်လျော်သော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

မကွေးမြို့ အောင်မေတ္တာရပ်ကွက်တွင် တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူရေးပြုလုပ်နေသူတစ်ဦးက "ခေတ်မီမွေးမြူရေးစနစ်ကို ကျင့်သုံးနိုင်အောင်ကြိုးစားနေပါတယ်။ မျိုးကောင်းမျိုးသန့် မြန်မာနွားတွေအပြင် နိုင်ငံခြားမျိုးကောင်းနွားမတွေလည်း မွေးမြူထားတယ်။ နွားစာကတော့ ရွာမှာလိုမပေါဘူး။ ပွဲရုံတွေက ပဲဖတ်၊ နှမ်းဖတ်၊ ဝါဖတ်နဲ့ ပြောင်းစေ့တွေဝယ်ပြီး ပြုတ်ကျွေးရတယ်။ နောက်ပြီး ရာသီအလိုက် ခွာနာလျှာနာ၊ ပေါင်ပုပ်၊ လက်ပုပ်နဲ့ ဒေါင့်သန်းရောဂါကာကွယ်ဆေးတွေလည်း ထိုးပေးရတယ်။ နွားမျိုးကောင်းတွေဆိုရင်တစ်ရက်ကို နွားနို့ငါးပိဿာကနေ ရှစ်ပိဿာအထိထွက်တယ်။ နို့ဆီချက်လုပ်ငန်းတွေနဲ့ နို့ထွက်ပစ္စည်းထုတ်ကုန်လုပ်ငန်းတွေကို သုံးဘီးဆိုင်ကယ်နဲ့ နေ့စဉ်တင်ပို့ရတယ်။ နို့စားနွားတွေက စွန့်ပစ်တဲ့နွားချေးကိုလည်းသဘာဝ မြေဩဇာအဖြစ်ရောင်းလို့ရသေးတယ်။ နှစ်ချုပ်လိုက်ရင်တော့ တွက်ခြေကိုက်ပါတယ်" ဟု ပြောပြသည်။

**ကျော်စွာ(မကွေး)**

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၂၁**

ကချင်ပြည်နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ နည်းပညာတက္ကသိုလ်နယ်မြေ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဗိုလ်ရှိန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်သစ်တောဦးစီးဌာနမှူး ဦးသိန်းမြင့်နှင့် ဝန်ထမ်းများက ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး စသည့်ပျိုးပင် ၁၃၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**(၄၉၉)**

# ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၂၁**

သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာနမှူးကြီးမှူး၍ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက အောင်မင်္ဂလာရပ်ကွက် အမှတ်(၂)မူလတန်းကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ဌာနဆိုင်ရာများ၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ နယ်မြေခံတပ်များမှ တပ်ရင်းမှူးနှင့် အရာရှိစစ်သည်များ၊ အိမ်ထောင်သည်ရဲမေများ၊ ရပ်ကွက်ပြည်သူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် သစ်တောဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ပိတောက်၊ အော်ရေးရှား စသည့်ပျိုးပင်များစိုက်ပျိုးခဲ့သည်။ **ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

# မြင်းခြံမြို့ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**မြင်းခြံ ဇူလိုင် ၂၁**

မြင်းခြံမြို့ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ မိသားစုဝင်များ၏ သားသမီးများကို ပညာရည်ချွန်ဆုပေးပွဲအား မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီရုံးခန်းတွင် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီမိနစ် ၂၀ က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်တို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ၅ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ကိုးဦး စုစုပေါင်း ၁၈ ဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**

# ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာရှိ ရှေးဟောင်းရန်အောင်ဇေယျမင်္ဂလာသုခစေတီ၌ ကျောက်ထီးတော်၊ စိန်ဖူးတော် တင်လှူပူဇော်

**စစ်တွေ ဇူလိုင် ၂၁**



ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာရှိ ရှေးဟောင်းရန်အောင်ဇေယျမင်္ဂလာသုခစေတီတော် အလယ်ဌာပနာ၊ အထက်ဌာပနာထည့်သွင်းခြင်းမင်္ဂလာနှင့် ကျောက်ထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါစေတီတော်၏ရင်ပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်သည်တော်များက အလိုတော်ပြည့်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဒေဝနိမန္တနဂါထာဖြင့် နတ်ဗြဟ္မာတို့အား ပင့်ဖိတ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား လျှောက်ထားပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစု အမှူးပြုသည့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များက ရတနာစိန်ဖူးတော်စသည်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းပြီး ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်ကြီးထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိတ်သတ်များ က အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အလယ်ဌာပနာ၊ အထက်ဌာပနာ ဆင်းတုတော်များနှင့် ကျောက်ထီးတော်မှ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ခတ်တော်တို့အား ပင့်ဆောင်ပြီး စေတီတော်ကို လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ရှေးဟောင်းရန်အောင်ဇေယျမင်္ဂလာသုခစေတီတော်တွင် အလယ်ဌာပနာ၊ အထက်ဌာပနာ၊ ဆင်းတုတော်များအား ထည့်သွင်းပူဇော်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ရှေးဟောင်းရန်အောင်ဇေယျမင်္ဂလာသုခစေတီတော်၏ အထွတ်ထိပ်သို့ စိန်ဖူးတော်အား တင်လှူပူဇော်ကြပြီးနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား အနေကဇာတင် ပူဇော်ကြသည်။ ယင်းနောက် အမျှဝေစာတမ်းဖတ်ကြားကာ နတ်ဗြဟ္မာတို့အား ပြန်လည်ပို့ဆောင်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် စစ်တွေမြို့ ပို့ဂွင့်အပန်းဖြေစခန်း အကြီးစားအဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်၍ ပို့ဂွင့်အပန်းဖြေစခန်းကို လုပ်ငန်းအပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပို့ဂွင့်ကမ်းခြေတွင် လာရောက်အပန်းဖြေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

# တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် 50 KVA ထရန်စဖော်မာတပ်ဆင်

**ကျောက်ကြီး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် 50 KVA ထရန်စဖော်မာတပ်ဆင်ခြင်းကို ဇူလိုင်ဒုတိယပတ်မှ စတင်ဆောက်ရွက်ခဲ့ရာ ဇူလိုင် ၁၈ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်သုံးစွဲနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"အစက အများသုံးရပ်ကွက် ထရန်စဖော်မာကတဆင့် လျှပ်စစ်ဓာတ်အားကို ယူသုံးနေရတော့ အဆင်မပြေဘူး။ ဓာတ်အားပြတ်တောက်မှုတွေ ဓာတ်အားကျဆင်းမှုတွေ မကြာခဏဖြစ်ခဲ့တယ်။ ပြီးတော့ 33 KV ဓာတ်အားလိုင်းလဲ မကြာခင်ပြီးတော့မှာဖြစ်လို့ ပိုပြီးအဆင်ပြေသွားမှာပါ"ဟု ကျောက်ကြီးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးမျိုးမင်းဦးက ရှင်းပြသည်။

ကျောက်ကြီးမြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ကျေးရွာအရောက်ဆောင်ရွက်လျက်ရှိရာ 33KV လျှပ်စစ်အားခွဲရုံ တည်ဆောက်တပ်ဆင်မှုမှာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(၁၂၂)**

ဆောင်းပါး

# သမိုင်းတွင်ခဲ့သောမြို့

**à ကျော်ဇေယျ**

နှစ်ပေါင်း ၃၀ အတွင်း သမိုင်းတွင်ခဲ့သောမြို့အကြောင်းကို တတိယအကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများရှိ မီဒီယာများ ပုံသေအချိန်အတွင်း အပြန်အလှန် လည်ပတ်ကြည့်ရှုရန် ဖိတ်ကြားချက်အရ ၂၀၁၅ ခုနှစ် ဇွန်လက တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်လေ့လာခွင့်ရခဲ့ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က ကိုလိုနီနယ်ချဲ့သမားတို့ မျက်စိကျခဲ့သော ပင်လယ်ကမ်းရိုးတန်းကုန်းမြေ၊ ယန်စီမြစ်အဝင်ဝ ဟွမ်ဖူးမြစ်နံဘေးရှိ သဲသောင်ပြင်မြေနေရာသည် ယခုရှန်ဟိုင်းမြို့ဖြစ်သည်။

သင်္ဘောများဆိုက်ကပ်သော ဆောင်းဂျင်မြစ်သည်လည်း ၉၉၁ ခုနှစ်က မြစ်၏ညာဘက် ပိတ်ဆို့သွားသောကြောင့် ကမ်းမကပ်သောသင်္ဘောများသည် ရှန်ဟိုင်းမြစ်ဝတွင် ကျောက်ချရပ်နားကြသည်။

ယင်းမြစ်သည် ဆောင်းဂျင်မြစ်၏ မြစ်လက်တက်ဖြစ်၍ ယခုအခါ Bund and Shiliup သင်္ဘောကျင်း တည်ဆောက်ထားသည်။

၁၂၆၇ ခုနှစ်တွင် ရှန်ဟိုင်းမြို့ကို ဟွမ်ဖူးမြစ်၏ အနောက်ဖက်ကမ်းခြေတွင် တည်ထောင်ခဲ့သည်။ ၁၂၉၂ ခုနှစ်တွင် ယွမ်မင်းဆက်၏ ဗဟိုအစိုးရသည် ယင်းဒေသတွင် ရှန်ဟိုင်းခရိုင်တည်ထောင်မှုကို အသိအမှတ်ပြုခဲ့၍ ရှန်ဟိုင်းမြို့ဟုတရားဝင်စတင်ဖြစ်ပေါ်လာခဲ့ပေသည်။

ရှန်ဟိုင်းမြို့ကုန်းမြေဧရိယာသည် ၁၉၄၇ ခုနှစ်တွင် ၆၁၆ ဒသမ ၁၈ စတုရန်းကီလိုမီတာသာရှိရာမှ ၂၀၁၃ ခုနှစ်အကုန်တွင်မူ မြို့တော်ဧရိယာသည် ၆၃၄၀ ဒသမ ၅ စတုရန်းကီလိုမီတာထိကျယ်ဝန်းလာပြီး တရုတ်နိုင်ငံတစ်ခုလုံး၏ ၀ ဒသမ ၀၆ ရာခိုင်နှုန်းထိရှိနေပြီးဖြစ်သည်။

ရှန်ဟိုင်းမြို့တော်၏ အုပ်ချုပ်မှုအောက်တွင် ချောင်မင်၊ ချန်ဇင်းနှင့် ဟန်ရှာကျွန်းသုံးကျွန်းရှိပြီး ချောင်မင်ကျွန်းသည် တရုတ်နိုင်ငံတွင် တတိယအကြီးဆုံးကျွန်းဖြစ်သည်။

ရှန်ဟိုင်း၏ ရေအရင်းအမြစ်တွင် ဆူးကျိုးချောင်း၊ ချွမ်ယမ်မြစ်နှင့် ဒီယမ်ပူမြစ်များအပါအဝင် ရှန်ဟိုင်းရှိ မြစ်များစွာသည် ဟွမ်ဖူးမြစ်ထဲသို့ စီးဝင်ကြသည်။

ရှန်ဟိုင်းမြို့တော်ကို မြစ်ချောင်းများက ဝန်းရံထားကြ၍ ရှန်ဟိုင်းဒေသတွင် ရေမခဲသောဟွမ်ဖူးမြစ်သည် အကြီးမားဆုံး ရေလမ်းကြောင်းဖြစ်ပြီး အကြီးမားဆုံးအိုင်သည် ဒီယန်ရှန်အိုင် ဖြစ်ပါသည်။

ရှန်ဟိုင်းသို့ အခြားဒေသများမှ လာရောက်နေထိုင်ကြသော ပြည်သူများကြောင့် ရှန်ဟိုင်း၏လူဦးရေသည် အမြဲတစေ တိုးတက်လျက်ရှိသည်။ လူဦးရေတစ်သိန်းမပြည့်မီကပင် ရှန်ဟိုင်းသည် မြို့တစ်မြို့ဖြစ်လာခဲ့သည်။

၁၉၄၉ ခုနှစ်အကုန်က ရှန်ဟိုင်းသည် လွတ်မြောက်သောဒေသဖြစ်ခဲ့ပြီး လူဦးရေမှာ ၅ ဒသမ ၂ သန်းရှိခဲ့ကာ ၂၀၁၃ ခုနှစ်အကုန်တွင် မြို့တော်၏ အမြဲတမ်းနေထိုင်သူဦးရေစုစုပေါင်းသည် ၁၄ ဒသမ ၃၂၇၄ သန်းအထိ တစ်ဟုန်ထိုးရောက်ရှိလာသည်။

ရှန်ဟိုင်းသည် တရုတ်နိုင်ငံ၏ ဆိုးရွားသော လူဦးရေတိုးတက်မှုနှုန်းရှိသည့် ပြည်နယ်တစ်နယ်ဟုဆိုနိုင်ပြီး အမြဲနေထိုင်ခွင့်ရသူလူဦးရေမှ မွေးဖွားနှုန်းသည် ၀ ဒသမ ၇၃၉ ရာခိုင်နှုန်းရှိ၍ ကလေးငယ်သေဆုံးနှုန်း ၀ ဒသမ ၈၁၉ ရာခိုင်နှုန်းရှိကာ နှစ်စဉ်တိုးပွားနှုန်း ၀ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၃ ခုနှစ်စာရင်းအရ သိရပါသည်။

၁၆ ရာစုတွင် ရှန်ဟိုင်းသည် အထည်အလိပ်နှင့် လက်မှုထုတ်ကုန်ပစ္စည်းများထုတ်သော ဗဟိုချက်နေရာဖြစ်လာသည်။

၁၆၈၅ ခုနှစ်တွင် ချင်မင်းဆက် ဗဟိုအစိုးရသည် ရှန်ဟိုင်းတွင် အကောက်ခွန်ရုံးကို တည်ထောင်ခဲ့၍ ၁၉ ရာစုအလယ်ပိုင်းကာလတွင် ရှန်ဟိုင်းမြို့တော်သည် အဓိကကုန်သွယ်ဆိပ်ကမ်းမြို့တော် ဖြစ်လာခဲ့သည်။

၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် တရုတ်နိုင်ငံ၏ မြို့တော် ပေကျင်းမြို့၌ကျင်းပသည့် (၁၁) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် မိမိတို့နိုင်ငံကို သမိုင်းဝင်ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် ပွင့်လင်းမှုမူဝါဒချမှတ်ပြီးကတည်းက ရှန်ဟိုင်းဒေသသည် ခေတ်မီမြို့ပြဒေသတစ်ခုအဖြစ် မိမိဘာသာတည်ဆောက်ကာ ထူးခြားသောအောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်သည်။

၂၁ ရာစုအတွင်း ရှန်ဟိုင်းမြို့တော်မှာ ကမ္ဘာ့စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနှင့် သင်္ဘောတည်ဆောက်ရေးအပြင် ခေတ်မီနိုင်ငံတကာအဆင့် မြို့ပြဒေသကြီးအဖြစ် ချဲ့နင်းဝင်ရောက်လာခဲ့သည်ကို လေ့လာခွင့်ရခဲ့ပါသည်။

မြင့်မားသော (Jinmao) မျှော်စင်၊ ရှန်ဟိုင်းကမ္ဘာ့ငွေရေးကြေးရေးစင်တာ၊ ရှန်ဟိုင်းစင်တာ၊ တရုတ်အနုပညာပြတိုက်၊ ရှန်ဟိုင်း (Mercedes-Benz) ယဉ်ကျေးမှုစင်တာ၊ ရှန်ဟိုင်းစတော့ရှယ်ယာများ အရောင်းအဝယ်လုပ်သည့်အဆောက်အအုံ၊ ရှန်ဟိုင်း နိုင်ငံတကာငွေရေးကြေးရေးစင်တာ၊ တရုတ်နိုင်ငံ (Ping An) ငွေရေးကြေးရေးမျှော်စင်၊ တရုတ်ဘဏ်မျှော်စင်၊ Bocom ငွေရေးကြေးရေးမျှော်စင်၊ ရှန်ဟိုင်းဘဏ်အဆောက်အအုံ၊ တရုတ်နိုင်ငံ (Merchants) ဘဏ်အဆောက်အအုံများကို တွေ့မြင်ခဲ့ရသည်။

အဆောက်အအုံများကို ဥရောပအဆောက်အအုံပုံစံ၊ တရုတ်တိုင်းရင်းနည်းနှင့် အနောက်တိုင်းနည်းတို့ ပေါင်းစပ်၍ တည်ဆောက်ထားခြင်းကြောင့် ပုံစံခြားနားသော အဆောက်အအုံများစွာ တွေ့ရခြင်းသည် ရှန်ဟိုင်းမြို့၏ အမှတ်လက္ခဏာဖြစ်သည်။

နိုင်ငံတကာသတင်းဗဟိုဌာနကို ဟွမ်ဖူးမြစ်နံဘေးရှိ အရှေ့တိုင်းပုလဲအသံလွှင့်ဌာနမျှော်စင်ပေါ်တွင်ရှိပြီး အမြင့် ၄၆၈ မီတာမြင့်သည့် မျှော်စင်ပေါ်မှ မြို့တော်၏ ရှုမျှော်ခင်းအလှကို နိုင်ငံတကာခရီးသွားလာသူများ နားနားနေနေ အပန်းဖြေစားသောက်နေထိုင် ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်ကိုလည်း တွေ့ခဲ့ရသည်။

လူဦးရေများပြီး ယာဉ်အသုံးပြုသူများလာ၍ ယာဉ်သွားလမ်းများကို ကွန်ရက်သဖွယ် အထပ်ထပ်တံတားများထိုးခြင်း၊ ယာဉ်ကြောဖောက်လုပ်မည့်နေရာများတွင် တောင်များရှိနေပါက တောင်များကို ကွေ့ပတ်မနေတော့ဘဲ လိုဏ်ဂူများဖောက်ကာ လမ်းပန်းဆက်သွယ်မှုကို မြန်ဆန်အောင် ဆောင်ရွက်ထားရှိမှုများ တွေ့မြင်ခဲ့ရသည်။

ယခုကဲ့သို့ နှစ်ပေါင်း ၃၀ ကြာပြီးနောက် အတိတ်က မိမိဘာသာကန့်သတ်ခဲ့သော အရာများစွာ၊ ဖိမ်ခံရန် မတတ်နိုင်ခဲ့သော ထူးခြားခမ်းနားသည့် အရာများစွာသည် ယခုအခါ နေ့စဉ်ဘဝသုံးအရာများ ဖြစ်လာကြသည်ကို အတုယူဖွယ်ရာအဖြစ် ရေးသားလိုက်ရပါသည်။ ။

## နန်းဦးမြို့သစ်ရပ်ကွက် သစ္စာမွန်သမဝါယမအသင်းစုမှ အသင်းရန်ပုံငွေများဖြင့် ရပ်ကွက် နေပြည်သူများအား ချေးငွေထုတ်ချေး

**စစ်ကိုင်း ဇူလိုင် ၂၁**

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက် သစ္စာမွန်သမဝါယမအသင်းစုမှ အသင်းရန်ပုံငွေများဖြင့် ရပ်ကွက်နေပြည်သူများအား ဆင်းရဲနွမ်းပါးမှုလျှော့နည်းနိုင်ရေး၊ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ချေးခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထုတ်ချေးပေးခဲ့သည်။

"ကျွန်တော်တို့ရပ်ကွက် သစ္စာမွန်သမဝါယမအသင်းစုရဲ့ အသင်းပိုင်ရန်ပုံငွေများနဲ့ ထုတ်ချေးပေးတာပါ။ အဓိကတော့ ခေါင်းရွက်ဗျက်ထိုးဈေးသည်တွေ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်သူတွေကို ဦးစားပေးအနေနဲ့ မိသားစုတွေ စားဝတ်နေရေးအဆင်ပြေအောင် ထုတ်ချေးပေးတာပါ။ အိမ်ထောင်စုတစ်စုကို ကျပ်သုံးသိန်းနှုန်းနဲ့ အိမ်ထောင်စု ၆၁ စုအတွက် ငွေကျပ်သိန်းပေါင်း ၁၈၃ သိန်းကို အတိုးနှုန်းချိုသာစွာနဲ့ ထုတ်ချေးလိုက်တာပါ။ ရရှိလာတဲ့အကျိုးအမြတ်တွေကိုလည်း ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြန်လည်အသုံးပြုသွားမှာပါ။ အခုဆိုရင်လည်း ရပ်ကွက်သမဝါယမအသင်းစုအနေနဲ့ တစ်ရပ်ကွက်လုံးလိုလိုပါပဲ သုံးရေ၊ ချိုးရေရရှိအောင် ဆောင်ရွက်ပေးထားပြီးတာ ကြာပါပြီ။ သုံးစွဲသူတွေအနေနဲ့တော့ မိမိတို့သုံးစွဲတဲ့ မီတာယူနစ်အလိုက် ကျခံပေးရမှာပါ။ ဒါကလည်း သင့်တင့်တဲ့ကုန်ကျစရိတ်ဖြစ်အောင် ရပ်ကွက်နေပြည်သူတွေလည်း အဆင်ပြေအောင် ကောက်ခံဆောင်ရွက်ပေးသွားတာပါ" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

"တစ်ဦးကို သုံးသိန်းနှုန်းထုတ်ချေးပေးတာဆိုတော့ လုပ်ငန်းလုပ်ကိုင်ရတာ အဆင်ပြေပါတယ်။ လုပ်ငန်းအဆင်ပြေတော့ မိသားစု စားဝတ်နေရေး မပူရတော့ဘူးပေါ့။ ပြင်ပကငွေချေးပြီး လုပ်ကိုင်ရတာ နေ့စဉ်လုပ်ပေမဲ့လည်း စားလိုက်၊ သောက်လိုက်၊ အကြွေးဆပ်လိုက်နဲ့ စိတ်မောလူမောဖြစ်ရတယ်။ အခုလို ရပ်ကွက်သမဝါယမအသင်းစုအနေနဲ့ တစ်ကယ့်အကျပ်အတည်းဖြစ်နေတဲ့ မိသားစုတွေကိုစိစစ်ပြီး ဦးစားပေးထုတ်ချေးပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်" ဟု ချေးငွေရရှိသူ ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**ဇော်မြင့်နိုင်**

## ရေးမြို့ဟောင်း သမိုင်းသုတေသန စာတမ်းဖတ်ပွဲ ကျင်းပမည့်အစီအစဉ် မြေစိုက်ပိုစတာစိုက်ထူ

**ရေး ဇူလိုင် ၂၁**

မွန်ပြည်နယ် ရေးမြို့ မြို့ပေါ်ရပ်ကွက် လေးနေရာ၌ ရေးမြို့ဟောင်းသမိုင်းသုတေသန စာတမ်းဖတ်ပွဲ (Research Paper Reading On YeAncient City) မြေစိုက်ပိုစတာစိုက်ထူခြင်းကို မြို့နယ်စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးမှ တာဝန်ရှိသူများက ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါနေရာများတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲကို ရေးမြို့ မွန်ဓမ္မာရုံ၌ ဝါခေါင်လဆန်း ၈ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခချုပ်များဦးဆောင်သော တက္ကသိုလ်ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် စာတမ်း ၁၀ စောင် ဖတ်ကြားမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲသို့ ဒေသအတွင်းမှ ရဟန်းသံဃာတော်များ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စိတ်ပါဝင်စားသူများ ၅၀၀ ဦးခန့် လာရောက်လေ့လာကြမည့်ဖြစ်သည်။

**ထွန်းထွန်း(ရေး)**




## ရွှေတောင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံပေး

**လှိုင်ကော် ဇူလိုင် ၂၁**

လှိုင်ကော်မြို့နယ် ရွှေတောင်ပရိယတ္တိစာသင်တိုက်ရှိသံဃာတော်များအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို ဇူလိုင်တတိယပတ်က ပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့သည်။

၎င်းအသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်နှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်အပါး ၃၀၀ အား ပြည်နယ်ကုသရေးဦးစီးဌာနမှူး လှိုင်ကော်ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် သူနာပြုဆရာမတို့က ထိုးနှံပေးကြသည်။

အဆိုပါ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်းက လှိုင်ကော်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်နှစ်တိုက်အတွက် ကျန်သိန်း ၆၀၀ တန်ဖိုးရှိဆေးအား လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ယခုဆေးထိုးနှံခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ယခုနှစ် ဇွန် ၁၃ ရက်က တစ်ကြိမ်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လှိုင်ကော်ခရိုင်(ပြန်/ဆက်)**

## မဲစာရင်းတိကျမှန်ကန်ရေး၊ အမှားအယွင်းလုံးဝမရှိစေရေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြအုန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲကြီး၌ မဲစာရင်းများ မှန်ကန်တိကျမှုရှိစေရေး၊ အမှားအယွင်းလုံးဝမရှိစေရန် ဆောင်ရွက်ရမည့်ကိစ္စများအား မှာကြားဆွေးနွေးခဲ့သည်။ ယင်းနောက် ရပ်ကွက်ကော်မရှင်နှင့် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက သိလိုသည်များ မေးမြန်းဆွေးနွေးကာ ရွေးကောက်ပွဲကြီး အောင်မြင်စေရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲကြီးအောင်မြင်စေရန် ပွင့်လင်းမြင်သာမှုရှိရှိနှင့် ပြည်သူတွေအမြင်ရှင်းအောင် ကော်မရှင်က ဆောင်ရွက်ရန်လိုအပ်ကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **(၅၉၇)**

## ငဖဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ငဖဲ ဇူလိုင် ၂၁**

ငဖဲမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ချောင်းဖြူကျေးရွာနှင့် ထန်းကိုင်းကျေးရွာရှိ နေအိမ်များအား ခြင်နှင့် ပိုးလောက်လန်းနှိမ်နင်းရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ကျေးရွာသားဖွားဆရာမက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ အသိပညာပေးပြောကြားခဲ့ပြီး ကျေးရွာနေအိမ်များ၌ ပိုးလောက်လန်းပေါက်ဖွားနိုင်သည့် တာယာဟောင်းများ၊ အိုးခြမ်းပဲ့နှင့် ရေကြည်ရှိရာများတွင် အဘိတ်ဆေးခတ်ခြင်း၊ အဖုံးအုပ်ခြင်း၊ သောက်ရေများအား ရေစစ်နှင့်စစ်ခြင်း၊ ရေကြည်များရှိသည့် အိုးများ၊ အိုးခြမ်းပဲ့များကို သွန်ခြင်း၊ သောက်သုံးရေများကို လဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

# တာချီလိတ်နှင့် မိုင်းဆတ်ခရိုင်ဖွံ့ဖြိုးရေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**တာချီလိတ် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်သူဗဟိုပြုအဖြစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဖြင့် ကိုယ်တိုင်ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များ ရှာကြံဆောင်ရွက်ရန်နှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး လိုအပ်မှုတင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဆွေးနွေးတင်ပြပြီး မိုင်းဆတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာချီလိတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေတို့က မြေအသုံးချမှုစီမံခန့်ခွဲရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မတီအဖွဲ့(၇)မှ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အဖွဲ့ခေါင်းဆောင် ဦးစိုင်းထွန်းစိန်က လယ်ယာမြေ စိစစ်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကာ အမှတ်(၃၃၁) ခြေမြန်တပ်ရင်းမှ အသုံးပြုရန်မလိုအပ်တော့၍ ပြန်လည်စွန့်လွှတ်သည့် လယ်ယာမြေ ၁၁ ဧကအား ဒေသခံတောင်သူလယ်သမားရှစ်ဦးထံ လယ်ယာမြေလုပ်ပိုင်ခွင့် ယာယီပုံစံ(၃)များကို ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များအား အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာအား စံပြအဖြစ်မြေဂရန်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ပြည်နယ်အတွင်းရှိ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်း ကောက်ယူမှုမှ ရရှိလာသည့် အချက်အလက်စာရင်းများအား ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးတို့က မြို့နယ်အလိုက် ဖွံ့ဖြိုးရေးအတွက် တင်ပြချက်များနှင့်စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀ စီ၊ ဗလာစာအုပ်ဒါဇင် ၆၀၀ စီနှင့် မြို့နယ်အလိုက်ဖွဲ့စည်းထားရှိကြသည့် ယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီအား ပြည်နယ်ဝန်ကြီးများက ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများနှင့် ယဉ်ကျေးမှုအဖွဲ့များက လက်ခံယူခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဆည်နှင့် ရွှေသိမ်တော်မှ ဆင်ရုပ်များကို အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူ

**ကျောက်ဆည် ဇူလိုင် ၂၁**

ကျောက်ဆည်ဒေသတွင် ဆင်ရုပ်ငယ်ကလေးများ အရွယ်မျိုးစုံပြုလုပ်ရောင်းချမှု တွင်ကျယ်စွာပြုလုပ်လာကြပြီး ကျောက်ဆည်ဆင်ရုပ်ငယ်များကို ပြည်တွင်းပြည်ပခရီးသွားများ အထူးနှစ်သက်စွာ ဝယ်ယူအားပေးလေ့ရှိကြကြောင်း သိရသည်။

ဘုရားဖူးများမှာလည်း ကျောက်ဆည်ဒေသလက်ဆောင် ဆင်ရုပ်ငယ်များကို အမှတ်တရဝယ်ယူမှုများပြားလျက်ရှိပြီး ကျောက်ဆည်မြို့မှ ပြုလုပ်ရောင်းချသော ဆင်ရုပ်ငယ်များသည် လက်ရာမြောက်ကာ လူကြိုက်များသည့် မြန်မာ့အနုပညာလက်ရာမြောက် လက်မှုပစ္စည်းတစ်ခုအဖြစ် ထင်ရှား၍လူကြိုက်များလျက်ရှိကြောင်း သိရသည်။

လက်ရှိကာလတွင် ကျောက်ဆည်ဒေသ ရွှေသိမ်တော်ဘုရားသို့ ဘုရားဖူးလာသူများမှာ ကျောက်ဆည်ဒေသထွက် ဆင်ရုပ်ငယ်များကို ဝယ်ယူမှုများလျက်ရှိပြီး ဆင်ရုပ်ငယ်များကို တစ်စုံလျှင်ငွေကျပ် ၂၅၀၀ မှ အကောင်းစားဘော်ကြယ်ထိုးဆင်ရုပ်ငယ်များကို ငွေကျပ် ၆၀၀၀ ကျော်အထိ ရောင်းချလျက်ရှိသည်။

"အခုဝယ်ယူခဲ့တဲ့ အရုပ်တွေကို ကုန်တင်ကားတွေပေါ်မှာ အလှဆင်ချင်လို့ဝယ်တာပါ။ တစ်ချို့ကလည်း အိမ်တွေမှာ ဗီရိုတွေ၊ ရှိုးကစ်တွေပေါ်မှာ အလှပြထားတွေတွေ့ရပါတယ်။ ဘာအဓိပ္ပာယ်မှရှိလို့ ဝယ်တာမဟုတ်ပါဘူး။ ဒီကိုရောက်တဲ့အမှတ်တရအနေနဲ့ရယ် အရုပ်တွေကလှတော့ ကြိုက်လို့ဝယ်တာလည်းပါပါတယ်။ တချို့ကတော့ ဝယ်ကြတာ အဓိပ္ပာယ်ရှိချင်ရှိနိုင်မယ်ထင်ပါတယ်" ဟု ဘုရားဖူးလာသူအမျိုးသမီးတစ်ဦးက အဆိုပါအရုပ်ဝယ်ယူခြင်းကို ပြောပြခဲ့သည်။

မြန်မာနိုင်ငံတွင် ကျောက်ဆည်မြို့ကို ဆင်မြို့တော်ဟု သိရှိထားပြီး ထူးခြားစွာ ဆင်ပွဲတော်ကျင်းပပြုလုပ်သည့်မြို့ဖြစ်သည်။

မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်မြောင်းတာတမံများ



စီရင်ဖန်တီးပေးသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဗုဒ္ဓသာသနာပျံ့နှံ့အောင်ဆောင်ရွက်ပေးခဲ့သည့် အနော်ရထာမင်းမြတ်၏ ကျေးဇူးကိုတုံ့ပြန်ကာ မင်းတရားကြီး၏ကောင်းမှုတော်များဖြစ်သော ရွှေသာလျောင်းမြတ်စွာဘုရား၊ ရှင်ပင်ရွှေဆပ်သွားမြတ်စွာဘုရားတို့အား နှစ်စဉ်နှစ်တိုင်း ဆင်လှူပွဲတော်များကျင်းပကာ ဆင်ရုပ်ပဒေသာတို့ဖြင့် လှူဒါန်းပူဇော်ခြင်းအစဉ်အလာမှစတင်ကာ ဆင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့တွင်ကျင်းပသော ဆင်လှူပွဲတော်သည် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပြီး သက်တမ်းအရှည်ဆုံးပွဲတော်ဖြစ်သည်ဟု ဆိုသည်။

ဆင်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက် ၁၅ ရက်တွင် ကျင်းပလေ့ရှိပြီး ကျောက်ဆည်မြို့၏ အစဉ်အလာတွင် ဝါဝင်သည်မှစကာ ကလေးဆင်၊ သဘာဝဆင်၊ အလှဆင်၊ ဘော်ချယ်ဆင်များသည် ယဉ်ကျေးသိမ်မွေ့သော အဆို၊ အက၊ အလှတီးမှုတ်သံတို့ဖြင့် လှည့်လည်ကပြရင်း အလှူခံလေ့ရှိကြသည်။

ကျောက်ဆည်မြို့သူမြို့သားများသည် ဆင်ကသံကြားလျှင် မနေနိုင်ဘဲ ထွက်ကြည့်တတ်ကြသည့် ဓလေ့ရှိသည်။ ယခုအခါ ဝါတွင်းကာလဖြစ်သည်မို့ ဆင်အကများဖြင့် စတင်အလှူခံလျက်ရှိသည်။

**တိမ်တမန်**

# နေပြည်တော်ကောင်စီနယ်မြေတွင် ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၄/၂၀၁၅) ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အုပ်စုအတွင်းရှိ လူငယ်ကလေးများ စွမ်းဆောင်ရည်မြှင့်တင်စေဖို့ ရည်ရွယ်ချက်ဖြင့် ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၄/၂၀၁၅) ကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ကျည်တောင်ကန်ကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းက သင်တန်းသားများအား သင်တန်းသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် သင်ကြားပို့ချသည့် ဘာသာရပ်များအား စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ ဦးအား စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးများအကြောင်း၊ သဘာဝမြေဩဇာ အသုံးပြုပုံအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျေးရွာအတွင်းရှိ မွေးဖွားထားကြသော တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ခြင်းဆိုင်ရာနည်းလမ်းများအကြောင်းကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးများမွေးမြူရေးအကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း၊ လူထုဗဟိုပြုလုပ်ငန်းစသည့်ဘာသာရပ်များအား လေးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့်**

## သတင်းတိုများ

### ပြည်သူများအားတိုင်းရင်းဆေးဖြင့်အခမဲ့ကွင်းဆင်းကုသ

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအား ကာကွယ်ကုသပေးရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးလှမော်ဦးဆောင်သော ကုသရေးဝန်ထမ်းများသည် ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာနှင့် ကူးတို့ဆိပ်ကျေးရွာများသို့ ဇူလိုင် ၁၉ ရက်က တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်ကုသပေးခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ ခရိုင်တိုင်းရင်းဆေးမှူးက မြို့ပြနှင့်အလှမ်းဝေးသော ကျေးရွာများတွင်နေထိုင်သော ပြည်သူအနေဖြင့် အရေးပေါ်ကုသနိုင်ရေးအတွက် အနီးပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအကြောင်းကို ပညာပေးဟောပြောခဲ့သည်။ ယင်းနောက် လွယ်လင့်တကူ ဖော်ဆပ်သောက်သုံးနိုင်သောဆေးညွှန်းပါ ပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးပြီးနောက် ဝဲကြီးကျေးရွာနှင့်ကူးတို့ဆိပ်ကျေးရွာများမှ လူနာ ၁၇၅ ဦးအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးပြီး လိုအပ်ပါက နီးစပ်ရာတိုင်းရင်းပညာဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနများသို့ အခမဲ့ဆက်လက်ကုသမှုခံယူနိုင်ရန် လမ်းညွှန်းပေးခဲ့ကြောင်းသိရသည်

**မောင်ကျိုက်လတ်(ပြန်/ဆက်)**

### ရုပ်သံလိုင်း ၁၄လိုင်းပါ Set Top Box များပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရေဦးမြို့နယ်ရုံးက ရုပ်သံ ၁၄ လိုင်းထိ ဖမ်းယူကြည့်ရှုနိုင်သည့် DVB -T2 Set Top Box နှင့် ဆက်စပ်ပစ္စည်းများကို လူမှုအသိုင်းအဝိုင်းနှင့် လူနေမှု (E) အဆင့်ရှိ အိမ်ထောင်စုများအား ဇူလိုင် ၁၅ ရက် ညနေပိုင်းက အခမဲ့ပေးအပ်ခဲ့ကြောင်းသိရသည်။ Set Top Box များပေးအပ်ရာတွင် စက်ငါးလုံးနှုန်းဖြင့် ရပ်ကွက်ကျေးရွာအုပ်စု ၄၀ ကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

### ကျောင်းနေရွယ်ကလေးများအားနို့နှင့်ကြက်ဥတိုက်ကျွေး

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျောင်းနေအရွယ်ကလေးများအား အာဟာရပြည့်ဝစေရန်ရည်ရွယ်၍ နို့နှင့်ကြက်ဥတိုက်ကျွေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၁ နာရီတွင် ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက် အမှတ် (၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား နို့နှင့်ကြက်ဥ တိုက်ကျွေးခဲ့သည်။ နို့နှင့်ကြက်ဥတိုက်ကျွေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဖြိုးဝင့်ကို၊ ဒုဦးစီးမှူး ဒေါက်တာနန်းကြူကြူအောင်၊ ဒေါက်တာခွန်မင်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဖွံ့ ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် MYANMAR -CP ကုမ္ပဏီတို့မှ ကျောင်းသားတစ်ဦးလျှင် ကြက်ဥတစ်လုံး နို့တစ်ခွက်နှုန်းဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၀၄ ဦးအား တိုက်ကျွေးပေးခဲ့၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေမာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါနို့အား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လှူဒါန်းပြီး၊ ကြက်ဥအား MYANMAR -CP ကုမ္ပဏီမှ လှူဒါန်းခဲ့သည်။

**ကျိုက်ထို(ပြန်/ဆက်)**

Soe Electric & Machinery Co.,Ltd.
The Name You Can Trust & Rely

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

HITACHI
Inspire the Next
Hitachi Industrial Equipment Systems Co.,Ltd.

"စိုး" လျှပ်စစ်နှင့် စက်ကိရိယာ ကုမ္ပဏီလီမိတက်နှင့် Hitachi Industrial Equipment Systems Co.,Ltd တို့ ဓါတ်အားဖြန့်ဖြူးခြင်းနှင့် ပါဝါထရန်စဖော်မာများ ထုတ်လုပ်နိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ၇ - ၇ - ၂၀၁၅ (အင်္ဂါနေ့) တွင် ဆီဒိုးနားဟိုတယ်၌ ခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအား မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍ ထရန်စဖော်မာ တိုးတက်ထုတ်လုပ်နိုင်မှုအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
တောင်ဒဂုံ စက်မှုဇုန် (၁)

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
တိုက်ခန်းငှားရမ်းမည်



* ဓါတ်လှေကားတပ်ဆင်ထားသော အသင်းပိုင် (၈) ထပ်တိုက် အဆောက်အအုံ၏ အကျယ် (၂၅x၅၀)ပေ စီရှိ မြေညီထပ်နှင့် အပေါ် (၅) ထပ် (ပေါင်း-၆ထပ်)ကိုငှားရမ်းမည်။
ဟိုတယ်၊ B &B လုပ်ငန်း၊ရုံးခန်း၊ ဆေးခန်းနှင့် စာသင်ကျောင်းဖွင့်ရန်အထူးသင့်လျော်သည်။

စုံစမ်းရန် - ဒုတိယဥက္ကဋ္ဌ ဦးအပ်တိ ဖုန်း ၀၉-၅၀၄၂၉၂၇
မြိတ်မြို့နယ်အသင်း(ရန်ကုန်)၊ အမှတ်(၆၀)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန် ရုံးဖုန်း - ၀၁ ၂၂၃၃၀

## နယ်ရုံးခွဲများတွင်တာဝန်ထမ်းဆောင်ရန်အတွက် အမြန်အလိုရှိပါသည်

Outlet Sale Manager (10)Posts

- အရောင်း Management အတွေ့အကြုံအနည်းဆုံး(၅)နှစ်နှင့်အထက်ရှိရမည်။
- Decoration Material နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- အသင်း/အဖွဲ့နှင့် ပူးပေါင်း/ဦးဆောင်ပြုလုပ်ဆောင်ရွက်နိုင်ရမည်။
- မိမိတာဝန်ယူရသည့် Area အောင်မြင်တိုးတက်ရန် စီစဉ်ပြုလုပ်နိုင်ရမည်။
- Customer Relationship ကောင်းမွန်ရမည်။
- နယ်(ပဲခူး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး)စသည့် နယ်ရုံးခွဲများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- လစာ 500,000/-~1,000,000/-အထက်(မိမိရောင်းအားပေါ်မူတည်၍ ခံစားခွင့်ရှိမည်။)
- ISO Standard Guideline များကို စနစ်တကျ ဆောင်ရွက်နိုင်ရမည်။
peterxu. purchase @ gmail.comသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

FAME
Biogurt®
Probiotic supplement
ဒိန်ချဉ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011383 (0615)
၂/၂၀၁၂ တအထလ/တိုး(၀၆၅၇)

FAME
Vomigin®
Natural antiemetic tablet
ချင်းသောက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009056 (0714)
၂/၂၀၁၂ တအထလ/တိုး(၀၆၅၇)

ခေါ်ကြမ်း Mobile
- အထူးအစီအစဉ်အဖြစ်တစ်ရိုးတစ်သိန်းကျော်အထက် Handset များအား တစ်လုံးဝယ်ယူခြင်းဖြင့် တန်ဖိုးမနည်းသော လက်ဆောင်ရယူပါ။
- လူကြိုက်များတို့၏ Mobile Phone ချိတ်ယွင်းမှုများအားကောင်းဆုံးဖြစ်အောင်ပြင်ဆင်ပေးပါသည်။
- 20, 47, 49, 68, 73, 91, 50, 444, 43 တန်များအား ရောင်းချ / ဝယ်ယူ / လဲလှယ် / လျှောက်လွှာများ အဆင်ပြေဆုံး ဖြစ်အောင် ဆောင်ရွက်ပေးပါသည်။
- နယ်ဆိုင်များအား Handset နှင့်ငွေဖြည့်ကတ်များအား ကားဂိတ်အရောက်ပို့ပေးပါသည်။
IG Sim Card (FACEBOOK PAGE) တွင်ကြည့်ရှုနိုင်ပါသည်။
- ဝယ်ဖို့အစီအစဉ်မရှိရင်တောင် တစ်ခေါက်လောက်တော့လာရောက်လေ့လာစေချင်ပါသည်။
ရန်ကုန် - အမှတ်(၄၉၄)၊ ကုန်သည်လမ်း၊ ဗိုလ်ကလေးဈေး၊ ၀၉-၂၀၃၄၀၀၀၀
မန္တလေး - ဆိုင်(၁)

# သတ္တမအကြိမ်မြန်မာ့အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ် - ဇူလိုင်လ(၂၄-၂၅-၂၆)
ကျင်းပမည့်အချိန် - နံနက်(၉:၀၀ မှ ၅:၀၀)
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

အလုပ်ရှာနေသူများနှင့် ဝန်ထမ်းအလိုရှိသူများ တိုက်ရိုက်တွေ့ဆုံပွဲ ...

CV များများယူလာခဲ့ဖို့ မမေ့နဲ့နော်

Main Sponsor
အခွင့်အလမ်း ဂျာနယ်
Opportunity Journal

Panel Discussion
■ ၂၅-၇-၂၀၁၅ (စနေနေ့) ■ မွန်းလွဲ (၂)နာရီ ■ အလုပ်ကောင်းတစ်ခုရဖို့ ဘယ်လိုပြင်ဆင်မလဲ
■ ၂၆-၇-၂၀၁၅ (တနင်္ဂနွေနေ့) ■ မွန်းလွဲ (၂)နာရီ ■ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ဘယ်လိုတည်ထောင်မလဲ
အထက်ပါခေါင်းစဉ်များဖြင့် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့၏အတွေ့အကြုံများကိုပါဝင်ဆွေးနွေးပေးမည်ဖြစ်သည်။

ပြပွဲလာသူများအား GSM ဟန်းဆက် အလုံး(၂၀) အားကံစမ်းမဲဖောက်ပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ၀၉-၇၃၁၂၁၇၅၄၊ ၀၉-၅၁၄၂၃၃၁ များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Since 1996
Home
Think of House. Think of Home.
ISO : 9001:2008

ကျွန်းနှဲသော အစားသုံး အခန်းကာ လျှာထိုး



ရေစိုခံ ဈေးနှုန်းသက်သာ
အလျား 9' x အနံ 4.25"




Raining Season Special!!
Kitchen Cabinet
မီးဖိုခန်း အသုံးအဆောင်




** Selected Items Only
လက်ဆောင်

ရန်ကုန်
အမှတ် F. 2~8 ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841

မန္တလေး
အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး။
ဖုန်း - 09 3311 6626 , 09 3322 6636

နေပြည်တော်
အမှတ် (1237)၊ နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146

မော်လမြိုင်
အမှတ် (33)၊ မော်လမြိုင်မြို့။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်ရှိ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင်
မြန်မာနိုင်ငံ၏ **ပထမဆုံးသော**
**Biplane Cath Lab**
စက်အသစ်ကြီးအား တပ်ဆင်ပြီးမြောက်၍
လူနာများအားစတင်စမ်းသပ်စစ်ဆေး ကုသပေးနေသည့်အတွက်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

SNOW EVEREST
SNOW EVEREST CO.,LTD.
PHILIPS

---

**KMD** Education Services

ISO | NCC | UNIVERSITY of GREENWICH | SQA | LCCI | City & Guilds | HUAWEI | Microsoft Official Learning Partner

နိုင်ငံတကာအသိအမှတ်ပြု IT Professional တစ်ယောက်ဖြစ်လိုလျှင် ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။



အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊လူမှုရေး အသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

အပါတ်စဉ်တန်းခွဲသစ်များ နှင့် Seminar များ စိစဉ်ပေးထားပါသည်။

| (ပန်းဆိုးတန်း) | (မြေနီကုန်း) | (လှည်းတန်းလမ်း) | (သိမ်ကြီးဈေး) | (တာမွေ-၁/၂) | (လှည်းတန်း-၁/၂) | (ကမ္ဘာအေး) |
|---|---|---|---|---|---|---|
| ဖုန်း-၃၈၁၀၁၅၊ ၃၈၁၁၂၉ | ဖုန်း-၅၂၇၄၃၆၊ ၅၀၂၂၃၃ | ဖုန်း-၂၂၀၅၅၅၊ ၂၃၀၃၀၈၁ | ဖုန်း-၃၈၄၂၆၈၊ ၃၈၄၆၄၃ | ဖုန်း-၅၄၁၁၂၈/၅၄၆၆၀၀ | ဖုန်း-၅၂၄၄၁၀/၅၀၂၂၁၁ | ဖုန်း-၆၆၀၈၈၇ |

---

**VAC**® VALUE ADDED CONSULTANCY

**မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ)

## Job Openings for Foreign Firms

**Project - Site - Planning Engineer** - Yangon - Other Region M(10)
- BE / GTI ( Civil ), 5yrs Exp in Road & Bridge / Building Construction Field;

**Auto CAD Engineer** - Japan Co - BE ( Civil ), 3yrs Exp; USD 700 M(1)

**Structure Engineer** - BE / GTI (Civil) , 3yrs Exp; M(1)

**Surveyor** - Japan Co - Any Graduage , 2yrs Exp in Relevant Field; M(1)

**HSE (Health, Safety & Environment) Manager** M(1)
- Any Grad, 5yrs Exp of Manufacturing Site & Safety in FMCG Factory;

**Safety Officer** - Japan Co - Any Grad, 3yrs Exp in Construction Field; M(1)

**Engineering Manager** - Factory M(1)
- BE / GTI ( ME / EP ), 5yrs Exp in Factory / Manufacturing Operation of FMCG Field;

**Electro-Mechanical Engineer** - Generator - Power Service M(20)
-Any Engineering Degree, ([illegible])

**Telecom Site Engineer** **M(300)**
- BE / AGTI ( EC / EP ), 2yrs Exp;([illegible])

**Sales Engineer** - Machinery - Singapore Co F(2)
- BE ( Mechanical ), 2yrs Exp in Machinery Sales Field; Fluent in English;

**Service Technician** - Vietnam Co USD 700 M(1)
- BE / GTI ( EP / EC ), 3yrs Exp in Home Appliance Electronics Product Service field;

**Project / Site Supervisor** - Construction - Telecom - Any Grad, 2yrs Exp; M(5)

**QA Manager** - Food Industry - Dip in Food Tech, 5yrs Exp; M/F(1)

**Lab Officer** -Waste Recycle - BE (Chem)/B.Sc(Chem/IC), 3yrs Exp; USD 700 M/F(1)

**Network Manager** - Japan Co - Any Grad, 7yrs Exp; USD 1500 M(1)

**Senior Network Executive** - Japan Co - Any Grad, 3yrs Exp; M(2)

**Programmer** - Japan Co - Any Grad, 1 yrs Exp, Java,PHP, MYSQL,CSS; M/F(1)

**MIS Staff** - Japan Co - Any Grad, 1 yrs Exp, ERP System Knowledge; M(1)

E-mail ဖြင့် အလုပ်လျှောက် နိုင်သည် ။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like **Value Added Consultancy**

**No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com**
**Ph: 01-395921, 01-395922, 09-73022727, 09-5102094**

---

## Ho Brothers Holdings Ltd

အမှတ်(၁၄၅) စံပယ်လမ်းသွယ်၊ရွှေဝါလမ်း တောင်ထိပ်ပန်းလမ်းမှဝင် ပေါ်ဆန်းမွှေးလမ်းမကြီး၊ သုဝဏ္ဏ
Ph;09975526261 , Email: jobs.hobrothersholdings@gmail.com

Diesel Generator Maintenance Technicians M (15 Post)
ဒီဇယ်ဂျင်နရေတာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း(Maintenance)အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
ဒီဇယ်ဂျင်နရေတာမျိုးစုံကိုပြုပြင်နိုင်သူအားဦးစားပေးမည်။
(Troubleshootingအရည်အချင်းရှိသူဖြစ်ရမည်။ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။မြန်မာပြည်အနှံ့သွားရောက်နိုင်သူကိုဦးစားပေးမည်။

Diesel Generator Trainee M (20 Post)
YIT ဘွဲ့ရ (သို့) GTC ဘွဲ့ရ (Mechnical)
လုပ်သက်အတွေ့အကြုံမလိုပါ။မြန်မာပြည်အနှံ့သွားရောက်နိုင်သူကိုဦးစားပေးမည်။

Technical Manager M/F (2 Post)
Graduate YIT or GTC (either Electrical or Mechnical)
Minimum 5years experience in Diesel Generator Maintenance
Ability to Troubleshoot,Leadership skill and be able to travel all divisions in Myanmar

Human Resources Manager M/F (1 Post)
Must have seven to ten years of Human Resources Management experience
Analyze trainiing needs and design employee training programs

Assistant HR Manager M/F (2 Post)
Any Graduate, Prefer Human Resources and Management Degree
Maintains human resources by recording new hires,transfer,terminations,changes in job classifications, merit increases,tracking, vacations,sick and personal time
Demonstrate understanding of HR Management
Basic Computer Skill

ယာဉ်မောင်း M (3 Post)
အသက် (၂၅နှစ်မှ ၄၅နှစ်)အတွင်းဖြစ်ရမည်။
အနည်းဆုံး(၅)နှစ်ယာဉ်မောင်းလုပ်ငန်းအတွေ့အကြုံရှိရမည်။
လိုင်စင်အနီရှိသူဦးစားပေးမည်။အခြားလိုင်စင်ရှိသူများလည်းလျှောက်ထားနိုင်ပါသည်။
ကျန်းမာသန်စွမ်းပြီး မူးယစ်ဆေးဝါးအသောက်အစားကင်းရှင်းသူဖြစ်ရမည်။
ရန်ကုန်မြို့နှင့်နယ်မြို့များကိုကျွမ်းကျင်စွာသွားလာနိုင်သူကိုဦးစားပေးမည်။

လျှောက်ထားလိုသူများသည် CV Form ၊ ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ ၊ရရှိပြီးသောCertificate တို့နှင့်အတူ ကြေညာသည့်နေ့မှ (၃) ပတ်အတွင်း နောက်ဆုံးထား၍ကိုယ်တိုင်(သို့မဟုတ်) Email ဖြင့်ပေးပို့ လျှောက်ထားနိုင်ပါသည်။

# အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်နီနီ
## (ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
## အသက်(၈၃)နှစ်

၂၁-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်နီနီ အသက်(၈၃)နှစ် နာမကျန်းဖြစ်နေချိန်နှင့် ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ခဲ့ကြသော မြကျောက်ဆရာတော်ကြီးနှင့် စင်ကာပူနိုင်ငံမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သက်နီးပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ သတင်းစာများထဲတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးပို့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသူများ၊ ၂၇-၆-၂၀၁၅ရက် ရက်လည်တွင် လာရောက်ကူညီအားပေး နှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အစစအရာရာ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)နှင့်မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
### ဒေါ်ခင်တည်(ကသာ)
### (၇၃)နှစ်

မန္တလေးမြို့၊ (၂၆)ဘီလမ်း၊ (၉၁)လမ်းထောင့်၊ ပွဲကုန်းလမ်းမတန်းရပ် ဒေါ်ဝါဝါထွန်း၊ ဗိုလ်မှူးကြီးကျော်နိုင်(ငြိမ်း)-ဒေါ်နီနီထွန်း၊ ဦးသားကို(ခ) ဦးအောင်မျိုးထွန်း-ဒေါ်စောကေသွယ်၊ ဦးသားချို(ခ)ဦးဇော်မျိုးထွန်း-ဒေါ်ဇာဇာမြင့်ထွန်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မအိမ့်မှူးဟန်ကျော်၊ မသဇင်ဝင့်နိုင်၊ မောင်အောင်ကောင်းခန့်၊ မောင်ဘုန်းမင်းခန့်၊ မောင်ရှင်းခန့်ဘို၊ မရှင်းခန့်မွန် တို့၏အဘွား၊ ဦးကျော်ကျော်ထွန်း(ဇမ္ဗူသီရိပွဲရုံ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်တည် အသက်(၇၃)နှစ်သည် ၁၉-၇-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၂း၁၅နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါရမီမြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်း**
**အရာထမ်း/အမှုထမ်းများနှင့် ယာဉ်မှူး/ယာဉ်အကူများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြွယ်ဦး အသက်(၇၀)
**ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**
**ယခင်-စစ်တက္ကသိုလ်(ပြင်ဦးလွင်)**

ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄)၊**
**(တေဇ-၄)မှတပည့်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မျိုးကြည် (M.Sc Geology)
### အသက်(၃၉)နှစ်

သူငယ်ချင်း ဦးအောင်လွင်မိုး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မျိုးကြည် သည် ၁၉-၇-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Geology 1994 Batch မှ**
**သူငယ်ချင်းများ**

---

**ဖခင်အမည်မှန်**

ခရမ်းမြို့နယ်၊ ပိန်းကန်-စံပြကျေးရွာ အထက ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မကျော့သဇင်၏ဖခင်အမည်မှန်မှာ ဦးရဲထွဋ်ခေါင်သွင် [၁၂/ခရန(နိုင်)၀၈၁၈၇၉]ဖြစ်ပါကြောင်း။ **ဦးရဲထွဋ်ခေါင်သွင်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄ )ဝေဘာဂီ၊ မြေကွက်အမှတ်(၁၃၃)၊ ဦးခင်မောင်ဝင်း(ISN-၂၄၇၉၈၈)အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ဆွေဆွေတင့်(၁၂/အလန(နိုင်)၀၃၀၃၀၃)ထံမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉) | ဒေါ်တင်တင်နိုင် (စဉ်-၈၀၀၈) |
| LL.B, D.I.L | LL.B, D.B.L, D.M.L, D.I.L |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ်(၁၀/၁၂)၊အခန်း-၁၀၄(အီး)၊ပထမထပ်၊၃၅-လမ်း(အောက်)၊ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉ ၄၃၀ ၆၅၅ ၄၉ ၊ ၀၉ ၄၄၈၀ ၂၅ ၉၉၃ ၊ ၀၉ ၅၄၁ ၅၄၁ ၀

---

## မသက်ဆိုင်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဈ-၆/၆၄၊ အမှတ်(၃)ရပ်ကွက်နေ ကျွန်တော် ဦးဝင်းသူ[၉/မရတ(နိုင်)၁၂၇၁၂၈]နှင့် မနန်းသီတာဆွေ [၁၃/ကမန(နိုင်)၀၇၅၉၄၃] တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၇-၂-၂၀၁၅ရက်မှစ၍ ဇနီးမယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း။

**ဦးဝင်းသူ [၉/မရတ(နိုင်)၁၂၇၁၂၈]**

---

## အထူးကျေးဇူးတင်ရှိခြင်း
**ဗိုလ်မှူးငွေအောင်(ငြိမ်း) (ကြည်း-၁၃၁၃၇)**
**D.S.A အမှတ်စဉ်(၁၆)**
### အသက်(၆၃)နှစ်

၁၁-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးငွေအောင်(ငြိမ်း)၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော D.S.A Intake (16) မှ သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ပေးကြသူများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ Myanmar Microfinance Bank မှ ဝန်ထမ်းများ၊ ဈာပနအခမ်းအနားနှင့် ရက်လည်တွင် လာရောက်ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝန်ထမ်းအလိုရှိသည်

**အသက်(၁၈)နှစ်မှ (၃၀)နှစ်အတွင်း မ(၄)ဦး**

- ရုပ်ရည်သန့်ပြန့်ရမည်။
- ခန္ဓာကိုယ်အဆီချခြင်းနှင့် အလှအပလုပ်ငန်း၌ အတွေ့အကြုံရှိသူဦးစားပေးမည်။
- လစာကောင်းမည်။
- လုပ်ငန်းကျွမ်းကျင်မှုအလိုက် အကျိုးခံစားခွင့်သီးသန့်ရှိသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၅၁၈၈၈၆၊ ၀၉-၂၅၉၀၇၆၁၆၂၊ ၀၉-၇၉၁၆၄၃၀၈၀

လိပ်စာ - အမှတ်(၇)၊ ဝေဇယန္တာလမ်းမ၊ သီရိမြိုင်လမ်းထောင့်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

---

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၁၃)လမ်း၊ အမှတ်(၃၇၉)၊ (၂)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အအုံရှိ မြေညီထပ်(ယာဘက်ခြမ်း) အကျယ်အဝန်း ပေ(၁၂½×၅၀)ရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်။**

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သမီးချော[၁၂/ရကန(နိုင်)၀၀၁၂၉၁]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာထွဋ် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၄၀၄)**
**ဖုန်း-၀၉-၄၅၀၀၅၁၇၀၃**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ မြို့လယ်ရပ်၊ အမှတ်(ဈ/၁၄၆)နေ အဖ ဦးတင်မောင်ထွေး [၉/မကန(နိုင်)၀၄၅၂၇၇]၏သားဖြစ်သူ မောင်လူလူကို[၉/မကန(နိုင်)၀၈၁၄၃၇]သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးတင်မောင်ထွေး**

---

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

**ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁**

---

## ဖခင်အမည်မှန်

မြောင်းမြမြို့နယ် အထက(ခွဲ) စကမြား ဒသမတန်းမှ မောင်စည်သူထွန်း၏ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း**
**[၁၄/မမန(နိုင်)၀၈၆၅၅၁]**

---

## စာအုပ်စာပေလှူ့မိတ်ဆွေ

---

## ဝမ်းနည်းကြေကွဲခြင်း
**ဦးကြင်မောင် (၇၅)နှစ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပင်စင်ဦးစီးဌာန**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)**

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)၏ အတွင်းရေးမှူး ဦးကြင်မောင်သည် ၁၉-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းအောင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ခုတင် ၅၀၀ဆံ့အထူးကုဆေးရုံကြီး (ရင်ခေါင်းနှင့်ဆေးပညာဌာန)မှ တွဲဖက်ပါမောက္ခဒေါက်တာဒေါ်တိုးစန္ဒာ ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းအောင် အသက်(၇၃)နှစ်သည် ၁၉-၇-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာဒေါ်ရတနာကျော်**
**ပါမောက္ခဒေါက်တာဒေါ်ရီရီနိုင်**
**ဆေးတက္ကသိုလ်(၂)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### မအပ်ဘော(ခ)မအေးအေးသိန်း(မြိတ်)
### အသက်(၅၅)နှစ်

၁၆-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းရှိန်-ဒေါ်ကြည်ကြည်**
**မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်မျိုးကြည် (M.Sc Geology)
### အသက်(၃၉)နှစ်

သူငယ်ချင်း ဦးအောင်လွင်မိုး၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မျိုးကြည် သည် ၁၉-၇-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်မြို့မှ ငယ်သူငယ်ချင်းများ**

---

**ဖခင်အမည်မှန်**

ရွှေပြည်သာမြို့နယ် အလက(ခွဲ)-၂၅ ဆဋ္ဌမတန်းမှ မဝေမွန်ကျော်၏ဖခင်အမည်မှန်မှာ ဦးဇော်မိုးနိုင် ဖြစ်ပါကြောင်း။

**ဦးဇော်မိုးနိုင်[၉/တသန(နိုင်)၁၁၁၁၇၃]**

---

## ကန့်ကွက်နိုင်ပါသည်

အမှတ်(၃၁)၊ ရောဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၂၃အိုင်)၊ မြေကွက်အမှတ် V Class ၅၈၊ ဧရိယာ(၀. ၀၂၉)ဧက ကျယ်ဝန်းသော နှစ်(၉၀)မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်များကိုဝယ်ယူရန် အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးလှခိုင်[၁၂/ဗဟန(နိုင်)၀၇၃၉၆၈]နှင့် ဒေါ်မြင့်မြင့်သောင်း(ခ) ဒေါ်ဆွေဆွေမြင့် [၁၂/အလန(နိုင်)၀၂၇၇၆၁]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်ချောချောအေးLL.B (စဉ်-၂၇၄၆၇) | ဦးသိန်းညွန့်(စဉ်-၃၅၆၁) |
| ဒေါ်ဝါဝါစံ LL.B(စဉ်-၂၇၈၆၀) | B.A,H.G.P,R.L,D.B.L,D.M.L,D.I.L |
| အထက်တန်းရှေ့နေများ | တရားလွှတ်တော်ရှေ့နေ |
| ဖုန်း-၀၉-၄၂၁၀၁၅၂၅၅၊ ၀၉-၃၆၀၅၉၅၀၃ | ဖုန်း-၀၉-၅၀၅၃၁၀၇၊ ၀၉-၅၀၀၁၈၃၇ |

**အမှတ်(၁၂၂)၊ ပထမထပ်(ယာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

Hot Line No-0930500100

မော်တော်ယာဉ် မတော်တဆထိခိုက်မှုများပြားလှသည့်အတွက် မတော်တဆမှု၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်တော့မည်

စာမျက်နှာ - ၈

ယခုနှစ်တွင် အငြိမ်းစားယူမည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြား

စာမျက်နှာ - ၅

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ (၇၂) ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့ရာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် စာရင်းများနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ဆွေးနွေးရာတွင် **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နိုင်ငံတော်သို့ ပေးသွင်းရန် ကျန်ရှိသည့်ငွေမှာ ယခုအစီရင်ခံတင်ပြသည့် ကာလအထိ ကျပ်သန်းပေါင်း ၃၁၇၉၃ ဖြစ်၍** အများဆုံး ပေးသွင်းရန် ကျန်ရှိသော ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ကြွေးကျန် ငွေကျပ် ၃၁ ဒသမ ၇၉၃ ဘီလီယံ ဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနထံမှ ရရှိသည့် အချက်အလက်များအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ **မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ ကြွေးကျန်ငွေများသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ငါးစာတောင့်များကို လုပ်ငန်းရှင်များထံ စာရင်းမှတ်စနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းအပေါ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်စာရင်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးစဉ် ကြွေးကျန် ငွေကျပ် ၄၂ ဒသမ ၃၅၆ ဘီလီယံ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကြွေးကျန်ငွေများအနက် ဌာနတွင်း အချင်းချင်းရရန်၊ ပေးရန် ကြွေးကျန် ငွေကျပ် ၁၀ ဒသမ ၇၁၆ ဘီလီယံကို ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စာရင်းရှင်းလင်းခဲ့ပြီးဖြစ်၍ ငွေကျပ် ၃၁ ဒသမ ၆၄ ဘီလီယံ ကြွေးကျန်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၎င်းကြွေးကျန်ငွေများမှာ ဌာနမှ အလွဲသုံးစားပြုလုပ်ထားခြင်းမဟုတ်ဘဲ လုပ်ငန်းရှင်များမှ ဌာနသို့ပေးဆပ်ရန် ကျန်ရှိသော ကြွေးမြီများဖြစ်ကြောင်း၊ ယခုအစိုးရလက်ထက်တွင် ဖြစ်ပေါ်ခဲ့သော ကြွေးကျန်များမဟုတ်ဘဲ တပ်မတော်အစိုးရလက်ထက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း တာဝန်ယူစဉ် ကာလကဖြစ်ကြောင်း** သိရှိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား တရားစွဲဆိုနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးထံမှ ဥပဒေအကြံပြုချက် တောင်းခံပြီး **၂၀၁၃ ခုနှစ် ဧပြီလ ၆ ရက်တွင် တရားမမှုဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းရှင်များက ကြွေးကျန်ငွေ၏ သုညဒသမ ၅ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၇၁ ဒသမ ၅၆၈ သန်းသာ ပေးဆပ်ခဲ့**ကြသည်။

သို့ဖြစ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် **ပြည်သူ့ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရန်အတွက် ကြွေးကျန်လုပ်ငန်းရှင်များအား ပြစ်မှုကြောင်းအရ တရားစွဲဆိုအရေးယူရန် ဆုံးဖြတ်ပြီး အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ(၃)ဖြင့် တရားစွဲဆိုမည်**ဖြစ်ကြောင်းကို ၎င်းအတွက် ပြစ်ဒဏ်များယှဉ်တွဲ၍ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် (၇)ကြိမ် ကြော်ငြာထည့်သွင်းပြီး အကြောင်းကြားခဲ့သည်။

ထိုသို့ **အပက(၃)ဖြင့်တရားစွဲဆိုခြင်းမပြုမီ ကြွေးကျန်မှာ ငွေကျပ် ၃၂ ဒသမ ၅၈၄ ဘီလီယံဖြစ်သော်လည်း တရားစွဲဆိုပြီးနောက်ပိုင်းတွင် ကြွေးကျန်လုပ်ငန်းရှင် ၁၀ ဦး၏ ကြွေးမြီအပြေအကျေပေးဆပ်မှုအပါအဝင် ကြွေးကျန်လုပ်ငန်းရှင်များ၏ ကြွေးကျန်ပေးဆပ်မှုမှာ ယခင် သုညဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ကိုးရာခိုင်နှုန်းကျော်အထိ ရှိလာသဖြင့် ယခုအခါ ကြွေးကျန် ငွေကျပ် ၂၉ ဒသမ ၄၂၂ ဘီလီယံ ကျန်ရှိနေကြောင်း၊ ကြွေးမြီအပြေအကျေ ပေးဆပ်သူ ၁၀ ဦးအနက် အမှု(၂)မှုမှာရုပ်သိမ်းခဲ့ပြီး ကျန်(၈)မှုမှာ ရုပ်သိမ်းရန်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကြွေးကျန်သူများနှင့်ပတ်သက်၍ တရားရုံးတင်ပြီး (၂)မှုနှင့် တရားရုံးတင်ရန် ဆောင်ရွက်ဆဲအမှု(၅၁)မှုဖြစ်ကြောင်း** သိရသည်။

အဆိုပါ **အပက(၃)ဖြင့် တရားစွဲဆိုထားသော လုပ်ငန်းရှင်များအနက် ကြွေးကျန်အများဆုံးဖြစ်သော လုပ်ငန်းရှင် ၁၀ ဦးထံမှ ရရန်ငွေမှာ ငွေကျပ် ၂၅ ဒသမ ၅၉၂ ဘီလီယံကျော်ရှိကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားနည်းလမ်းကျစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားရုံးများ၏ ဆုံးဖြတ်ချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** သတင်းရရှိသည်။

**(သတင်းစဉ်)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းရှင်များအနက် ကြွေးကျန်အများဆုံးဖြစ်သော လုပ်ငန်းရှင်(၁၀)ဦး၏ အချက်အလက်များ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ကြွေးကျန်ငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | ဦးမင်းသိမ်း (သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၆၇၅၅. ၈၇၇ |
| ၂။ | ဦးမင်းသိမ်း (သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | ၁၃/ကမန(နိုင်)၀၀၁၅၉၃ | ၄၈၂၄. ၆၉၅ |
| ၃။ | ဦးသုတရွှေ ဦးလှမြင့်အောင် (ဖြိုးရော ကုမ္ပဏီ) | ဦးရွှေဝိုင်း ဦးအောင်ခင် (ဦးမင်းသိမ်းမှပေးဆပ်မည်ဟု ဝန်ခံကတိ ပြုထားပါသည်။) | ၁၃/မပတ(နိုင်)၀၀၃၂၆၄ | ၆၀၂၆. ၆၇၇ |
| ၄။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | ၁၄/ဒဒရ(နိုင်)၀၀၀၀၃၁ | ၂၀၅၇. ၅၆၆ |
| ၅။ | ဦးကြည်ဝင်း | ဦးပု | ၁၂/တကန(နိုင်)၀၁၅၀၃၂ | ၁၄၆၉. ၃၂၉ |
| ၆။ | ဦးဟိန်းဇော်စစ် | | ၁၄/ဟသတ(နိုင်)၀၀၀၁၄၇ | ၁၄၁၀. ၇၄၅ |
| ၇။ | ဦးမျိုးအောင် | ဦးမောင်ဟန် | ၁၂/တကန(နိုင်)၀၉၉၀၆၇ | ၁၂၇၉. ၇၁၉ |
| ၈။ | ဦးမိုး | ဦးဘမောင် | ၅/စကန(နိုင်)၀၁၁၅၁၀ | ၇၇၆. ၂၄၆ |
| ၉။ | ဦးခင်စိုး | ဦးဝိုးယား | ၁၂/လမတ(နိုင်)၀၃၀၈၈၀ | ၅၀၆. ၅၆၁ |
| ၁၀။ | ဦးမျိုးမင်းသိမ်း (မြတ်ပန်းခတ်) | ဦးဘွန်သိန်း | ၁၂/မရက(နိုင်)၀၀၄၇၄၃ | ၄၈၄. ၈၄၄ |
| | | စုစုပေါင်း | | ၂၅၅၉၂. ၂၅၉ |

# အိမ်ရှင်အဖြစ် လက်ခံကစားရမည့် အိုလံပစ်ဒုတိယအဆင့် ခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အာရှဇုန်အမျိုးသမီး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာအမျိုးသမီးအသင်းမှာ ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ အဆိုပါခြေစစ်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အသင်းငါးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တိုက်ရိုက်ဝင်ခွင့်ရနှစ်သင်း၊ ပထမအဆင့်မှ တက်ရောက်လာသည့် သုံးသင်းတို့ဖြင့် ကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းနှင့်အတူ တိုက်ရိုက်ဝင်ခွင့်ရ ထိုင်းနှင့်ဗီယက်နမ်၊ ပထမအဆင့် ခြေစစ်ပွဲမှ တက်ရောက်လာသည့် တရုတ်(တိုင်ပေ)နှင့် ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုပွဲစဉ်များ ရေးဆွဲထားမှုအရ မြန်မာအမျိုးသမီးအသင်းသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ဂျော်ဒန်အသင်းနှင့်စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင်

စာမျက်နှာ ၆ ကော်လံ ၁ သို့

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်



ပထမအဆင့် ခြေစစ်ပွဲ၌ မြန်မာနှင့် သီရိလင်္ကာတို့ ယှဉ်ပြိုင်နေစဉ်။




themirror.npt@gmail.com
www.facebook.com/themirrordaily